ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (11-6-2014) (၇၈၆၈)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးရွာသွန်းမှု

၁၀-၆-၂၀၁၄

တောင်ကုတ်	၆	ဒသမ	၃၄	လက်မ
သထုံ	၄	ဒသမ	၄၉	လက်မ
မြိတ်	၄	ဒသမ	၁၇	လက်မ
ဘီးလင်း	၄	ဒသမ	ဝ၉	လက်မ
ထားဝယ်	၄	ဒသမ	ဝ၉	လက်မ
လောင်းလုံ	၃	ဒသမ	၆၂	လက်မ
ကျောက်ဖြူ	၂	ဒသမ	၉၉	လက်မ

တိုင်းရင်းသားလူမျိုးစုအားလုံးပါဝင်အောင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ပြီးမှ အားလုံးပါဝင်ပြီး ဆွေးနွေးညှိနှိုင်းသင့်သောဥပဒေများရှိသည်ကို အလေးဂရုပြု

နေပြည်တော် ဇွန် ၁၀

ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ - အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှုစသည့် ပြုပြင်ပြောင်းလဲမှုတို့ကို မဟာဗျူဟာလုပ်ငန်းစဉ်များအဖြစ် ချမှတ်ပြီး ဒုတိယအဆင့်(Second Wave)အဖြစ် အရှိန်မြှင့် တင်ဆောင်ရွက်ခဲ့။

ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ကြေးမုံ စာတည်းရှုထောင့် ၁၁-၆-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

အယ်လ်နီညို

အယ်လ်နီညိုသည် စပိန်ဘာသာစကား။ မြန်မာလိုရေနွေးစီးကြောင်းဟုခေါ်ဆိုသည်။ သမုဒ္ဒရာရေစီးကြောင်း။ ၁၉၈၀ ပြည့်နှစ်မတိုင်မီအချိန်က ငါးနှစ်မှခုနစ်နှစ်ကြား တစ်ခါသာဖြစ်ပေါ်တတ်သည့် ပုံမှန်သဘာဝဖြစ်စဉ်တစ်ခု။ သက္ကရာဇ် ၁၅၅၀ ခန့်ကစပြီး ရေလုပ်သားများ ဤဖြစ်စဉ်ကို စတင်သတိပြုမိလာခဲ့ကြသည်။ ရေနွေးစီးကြောင်းရောက်လာချိန် ငါးများ ရှားပါးသွားသည်ကို သတိထားမိရာမှ ဤအယ်လ်နီညိုဖြစ်စဉ်ကို သိလာခဲ့ကြရခြင်းဖြစ်သည်။

ထိုစဉ်က အယ်လ်နီညိုသည် သာမန်ဖြစ်စဉ်တစ်ရပ်ပင်။ ငါးများကို ရှားပါးစေသည့် ထိရောက်မှုတစ်ခုလောက်သာ သိထားခဲ့ကြသည်။ ထို့ထက် ဆိုးကျိုးသက်ရောက်စေမှု၊ အထူးသဖြင့် ကမ္ဘာ့ရာသီဥတုကို ထိခိုက်ပျက်ပြားစေမှုကို ၁၉၈၂ ခုနှစ်တွင်မှ လူများသတိပြုသိရှိလာခဲ့ကြသည်။ သဘာဝတရား၏ လျှို့ဝှက်နက်နဲမှု။ အကျိုးသက်ရောက်မှုတစ်စုံတစ်ခုရှိလာခဲ့မှ အကြောင်းတရားကို ရှာဖွေလေ့လာဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၈၂-၁၉၈၃ မှာ ဖြစ်ပေါ်ခဲ့သည်။ အယ်လ်နီညိုသည် အင်အားပြင်းထန်ခဲ့ပြီး ရေပြင်သာမက အထက်လေထုဖြစ်စဉ်များအပေါ်မှာပါ အကျိုးသက်ရောက်မှုများ ဖြစ်သွားစေခဲ့သည်။ ဒေါင်လိုက်ရေစီးကြောင်းများက တစ်ဆင့် လွန်ကဲပြင်းထန်သည့် ရာသီဥတုဖောက်ပြန်မှုများကို ထိတ်လန့်ဖွယ်ရာ တွေ့ကြုံခံစားလာခဲ့ကြရာမှ လေထု၊ ရေထုတို့၏ အပြန်အလှန် တုံ့ပြန်အကျိုးသက်ရောက်မှုကို ပညာရှင်များ ပထမဆုံးအကြိမ် ကျယ်ကျယ်ပြန့်ပြန့် စတင်သတိပြုလာစေခဲ့ခြင်းဖြစ်ကြောင်း မိုး/ဇလပညာရှင်တစ်ဦးက ပြောကြားသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ရာသီဥတု ပုံမှန်မဟုတ်တော့ဘဲ မူမမှန်ဖောက်လွဲဖောက်ပြန် ဖြစ်ပေါ်စေတတ်သည်။ အယ်လ်နီညိုဖြစ်စဉ်ကာလသည် များသောအားဖြင့် တစ်နှစ်ခန့်အချိန်ကြာမြင့်တတ်ပြီး မိုးလျော့ခြင်း၊ အပူချိန်တိုးခြင်း၊ မိုးခေါင်မှုအလားအလာများခြင်း၊ မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ မိုးလယ်ကာလမိုးလျော့ခြင်း၊ မုန်တိုင်းများ ပုံမှန်ခန့်သာရှိခြင်း စသည့်ရာသီဥတု ပုံမှန်မဟုတ်သော ဖြစ်ရပ်များနှင့် ကြုံတွေ့ရတတ်သည်။ ယင်းမှာ အယ်လ်နီညိုနှင့် ဆက်နွယ်ဖြစ်စဉ်များအပေါ် သုံးသပ်ချက်များဖြစ်သည်။

အယ်လ်နီညိုနှင့်ပတ်သက်၍ ကမ္ဘာ့မှတ်တမ်းသမိုင်းဝင် အဆိုးရွားအပြင်းထန်ဆုံး ၁၂ နှစ်ရှိခဲ့ရာ ၁၁ နှစ်သည် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ယင်းတို့အနက် ၁၉၉၇-၁၉၉၈ အယ်လ်နီညိုဖြစ်စဉ်မှာ အဆိုးရွားဆုံးစံချိန်တင်ခဲ့သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ၏ဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်ခဲ့သည်။ လူအသေအပျောက်မှာ ၁၄၀၀၀ ကျော်ရှိခဲ့ပြီး ထိခိုက်ခံစားရသူ ၁၁၁ သန်း ကျော်ရှိခဲ့ကာ အိုးပစ်အိမ်ပစ်ရွှေ့ပြောင်းရသူ ခြောက်သန်းကျော်နှင့် ထိခိုက်ဆုံးရှုံးသည့် စိုက်ပျိုးမြေဧကမှာ ၅၆ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

အပူဆုံးနှင့် အခြောက်သွေ့ဆုံးဖြစ်ခဲ့သော ထိုနှစ်တွင် မိမိတို့နိုင်ငံရှိ မြို့တိုင်းလိုလိုမှာလည်း အပူချိန်အမြင့်ဆုံးစံချိန်များနှင့် အပူဒဏ်ကို အလူးအလဲ ခံစားခဲ့ကြရသည်။စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေး၊စိုက်ပျိုးရေးကဏ္ဍပေါင်းစုံမှာ ထိခိုက်မှုအများအပြားဖြစ်စေခဲ့ပြီး သမိုင်းတွင်စေခဲ့သည့်နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

တစ်ဖန် ယခုနှစ်တွင် လူအများကို ဒုက္ခပေးတတ်သော အယ်လ်နီညိုသည် မိမိတို့နိုင်ငံဘက်ကို ခြေဦးလှည့်လာပြန်ပါပြီ။ ၂၀၁၄ ဇွန်လမှ ၂၀၁၅ ဇွန်လအထိ အယ်လ်နီညိုရာသီဥတု၏အကျိုးသက်ရောက်မှုဆိုးပြစ်ဒဏ်ကို မြန်မာနိုင်ငံမှ ခံစားရမည်ဟု မိုး/ဇလပညာရှင် ဒေါက်တာထွန်းလွင်က အထောက်အထားများနှင့် သတိပေးထားပြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်း ၂၀၁၄ ခုနှစ်မှာ အယ်လ်နီညိုဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းလောက်ရှိပြီဟု ခန့်မှန်းထားသည်။ ဩဂုတ်၊ စက်တင်ဘာလမှာ ဖြစ်နိုင်ခြေ ၈၀ ရာခိုင်နှုန်းထိ မြင့်လာနိုင်ကြောင်း၊ တစ်ကမ္ဘာလုံးနှင့်ဆိုင်၍ သီးသန့်အယ်လ်နီညိုနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ခြင်းမရှိဟု ဆိုသည်။

မည်သို့ဆိုစေ မိမိတို့နိုင်ငံသားများ "တစ်ခါသေဖူး၊ ပျဉ်ဖိုးနားလည်" ဖြစ်သင့်ပြီ။ အသင့်ပြင်ဆင်ကြိုတင်ကာကွယ်လျက် အယ်လ်နီညိုသဘာဝဘေးဆိုးအန္တရာယ်ကို ကြံ့ကြံ့ခံလွန်မြောက်စေဖို့ မိမိတို့ "အစဉ်အသင့်" ဖြစ်နေကြရမည်။ အယ်လ်နီညိုကပေးသော သဘာဝပေးသင်ခန်းစာကို ကြိုတင်ကာကွယ်ခြင်းဖြင့် တားဆီးကြရပေမည်။ ။

သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော် လုံးတော်ပြည့်ရွှေစေးသက်န်းကပ်လှူပူဇော်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့် စေတီတော် ငှက်ပျောဖူးတော် ရွှေသက်န်းကပ်လှူပွဲနှင့် လုံးတော်ပြည့်ရွှေစေးသက်န်း ကပ်လှူပူဇော်ခြင်း ရွှေပန္နက်တော်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ အလှူရှင် သုဓမ္မဇောတိကဓဇ ဦးနီနီနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်ထိန်းရဲတပ်ဖွဲ့အတွက် နေကာမျက်မှန်များ လှူဒါန်း

မန္တလေး ဇွန် ၁၀

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာတွင် ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်နိုင်ရန် နေကာမျက်မှန် တပ်ဆင်ခွင့်ကို ယာဉ်ထိန်းရဲတပ်ဖွဲ့ ရုံးချုပ် (နေပြည်တော်)မှ ခွင့်ပြုထားပြီးဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အနေဖြင့် နေကာမျက်မှန်များ တပ်ဆင်၍ တာဝန်ထမ်းဆောင်နိုင်ရန် အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာတွင် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အလှူရှင် ဦးလှမြင့် (ရွှေနဂါးမင်္ဂလာခန်းမ)က ဇွန် ၅ ရက် နံနက် ၁၁ နာရီက ရဲမှူးသိန်းကိုကိုထံ မျက်မှန်အလက် ၃၁၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

"ယာဉ်ထိန်းရဲတွေ နေပူထဲမှာ တာဝန်ထမ်းဆောင်နေရတာကို ကိုယ်ချင်းစာလို့ မျက်မှန်တွေလှူဒါန်းတာပါ"ဟု အလှူရှင်ဦးလှမြင့်က ပြောသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်စဉ် နေကာမျက်မှန်တပ်ဆင်ခွင့်ကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)တွင် မေ ၂၄ရက်က စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး မြင်ကွင်းရှင်းလင်းကြည်လင်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးအတွက် အနှောင့်အယှက်မဖြစ်စေသည့် မျက်မှန်အမျိုးအစားဖြစ်ရန်နှင့် အများပြည်သူအမြင်၌ သင့်တော်မှုရှိရန်လိုကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၁၀

ရန်ကုန်	ရွှေစျေး	၆၄၉၅၀၀	-	၆၅၀၀၀၀
မန္တလေး	ရွှေစျေး	၆၄၉၅၀၀	-	၆၅၀၀၀၀

စက်သုံးဆီစျေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၄. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၉၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၉၁
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၂၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၅၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၃. ၈၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၁၉၁
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၃. ၉၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၃. ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ The Innovative အဖွဲ့ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ သင်တန်းသားများ လာရောက်လေ့လာ

နေပြည်တော် ဇွန် ၁၀

The Innovative Institute (ဆန်းသစ်အဖွဲ့) နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ တာဝန်ရှိသူ လေးဦးနှင့် သင်တန်းသား ၂၇ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတကာစံနှုန်းများကို လေ့လာ၍ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး မဟာဗျူဟာစီမံကိန်းချမှတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးဝင်းကိုက ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် နည်းဥပဒေဆိုင်ရာများတွင် ပြင်ဆင်ဖြည့်စွက်ထားချက်များမှ သိသင့်သိထိုက်သည်များကို လည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော သင်တန်းသားများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး**(ယာပုံ)**မှ သင်တန်းသားများမေးမြန်းသည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ရွှေ့ပြောင်းစီမံချက် ဆောင်ရွက်နေမှု၊ ရွှေ့ပြောင်းစီမံချက်လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲကော်မရှင်၊ မဲဆန္ဒရှင်နှင့် လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ပရောက်မဲဆန္ဒရှင်များ၏ ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၀၁၅ ရွေးကောက်ပွဲတွင် ကြုံတွေ့လာနိုင်သည့် Riskများအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် အခြားမေးမြန်းချက်များအပေါ် ဖြည့်စွက်ရှင်းလင်း၍ လည်းကောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အလုပ်သမား၊ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ

မြင်းခြံ ဇွန် ၁၀

အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အလုပ်ရှင်၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ရပ်မိ ရပ်ဖများ၊ ခရိုင်/မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းတွေ့ဆုံပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပရာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမား၊ တောင်သူလယ်သမားကိုယ်စားလှယ်များအနက် ကိုးဦးက မေးမြန်းဆွေးနွေးချက်ပေါင်း ၁၁ ခု တင်ပြဆွေးနွေးခဲ့ရာ ချက်ချင်းဆောင်ရွက်ပေးခြင်း ကိုးခု၊ အခြားဝန်ကြီးဌာန/ဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း နှစ်ခုတို့ကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်အတွင်း စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၁၀ နာရီတွင် ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာ မြနန္ဒီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားပြီး ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာနှစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ငါးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅ ကျောင်းတို့အတွက် စုစုပေါင်းငွေကျပ်သိန်း ၃၉၁ ဒသမ ၄၈ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ထောက်ပံ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်

နံနက် ၁၁ နာရီတွင် ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များအတွက် နည်းပြသင်တန်း(၃/၂၀၁၄) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ လုပ်ဆောင်ချက်အခန်းကဏ္ဍများသည် အရေးကြီးလှပါကြောင်း၊ လူငယ် လူရွယ်များ၏ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ လူမှုရေးစိတ်ဓာတ်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကြီးကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်မည့် သင်တန်းပြီးဆုံးပါက လူငယ်မောင်မယ်များအနေဖြင့် ကျေးရွာများသို့ နည်းပြဆရာများအဖြစ် သွားရောက်ပြီး ကျန်ရှိသည့်လူငယ်လူရွယ်များအား လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များအဖြစ် လူမှုရေးလုပ်ငန်းများနှင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများအား စာတွေ့၊ လက်တွေ့ ပြန်လည်သင်ကြား ပို့ချသွားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်း ဗဟိုဌာန တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်တန်းခန်းမ၌ ကျေးရွာ ၄၅ ရွာမှ လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်း လူငယ် ၅၀ တို့အား နည်းပြသင်တန်း ပို့ချနေမှု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျေးရွာ ၄၅ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် ၅၀ တို့အား နည်းပြသင်တန်းဖွင့်လှစ်နေမှုတို့ကို ကြည့်ရှု၍ လူငယ်မောင်မယ်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲနှင့် ဟောပြောပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၁၀

မော်လမြိုင်အထက (၇)တွင် ဇွန် ၅ ရက်က ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပရာ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သိကောင်းစရာပညာပေးဟောပြောပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လက်ကမ်းစာစောင် ၂၅၀ ဖြန့်ဝေပေးခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၄ ရက်တွင် ရွှေနတ်တောင် အထက၊ အထက(၁၂)၊ အထက(၆)၊ သုခဝတီ(တွဲဖက်) အထက်တန်းကျောင်း၊ မော်လမြိုင်မြို့နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ချောင်းဆုံမြို့နယ်တို့၌ ကျင်းပကြပြီး သစ်ပင်စိုက်ပွဲကို မော်လမြိုင်မြို့နယ် အထက (၁၂) မြိုင်သာယာကျောင်းဝင်း၌ ဇွန် ၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မွန်ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးဝင်းမော်ဦး ဦးဆောင်၍ ကျွန်းပင် ၃၀၃ ပင်ကို စိုက်ပျိုးကာ ကြည့်ရှုအားပေးပြီး သစ်ပင်များရှင်သန်စေရန် ပြုစုထိန်းသိမ်းရေးကို သစ်တောဦးစီးဌာနနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့က ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

မဟာဗုဒ္ဓဝင်တောထွက်ခန်း ဇာတ်တော်ကြီးနှင့် ပဒေသာကပွဲ အခမဲ့ကြည့်ရှုအားပေးနိုင်

နေပြည်တော် ဇွန် ၁၀

မြန်မာ့သဘင်မှု၏ အနုသုခုမအဆီအနှစ်များဖြစ်ကြသော ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးများကို ပြန်လည်အမှတ်ရ ကြည့်ရှုခံစားနိုင်ရန် မြန်မာ့သဘင်လောကတွင် တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့သော အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ မူဟန် “မဟာဗုဒ္ဓဝင် တောထွက်ခန်း” ဇာတ်တော်ကြီးအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရွှေတံဆိပ်ဆုများရှင် မင်းသားဉာဏ်ဝင်း၊ မင်းသမီး စန်းနီလာဝင်းနှင့် ရွှေတံဆိပ်ဆုရ မျိုးဆက်သစ်အနုပညာရှင်များက မူရင်း ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများအတိုင်း ပြန်လည်ဖော်ထုတ်တင်ဆက်ကပြကြမည်ဖြစ်သည်။

ဇာတ်တော်ကြီး တင်ဆက်ကပြခြင်းနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ မူဟန်အတိုင်း တေးဂီတ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်၊ အနောက်နန်းမတော် မမြလေး၏ “ချစ်သမျှကို” မဟာဂီတသရုပ်ဖော်(စောင်းတေးသံသာဖြင့်)၊ ကဗျာ့ပန်းမြိုင်လယ်နှင့် ကျေးလက်ယိမ်းအကအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မြန်မာ့ဇာတ်သဘင်ကို ချစ်မြတ်နိုးသူများအနေဖြင့် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဇွန် ၁၃ ရက် (သောကြာနေ့) ည ၇ နာရီတွင် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံခြားရေးဝန်ကြီး အိန္ဒိယသို့ ရောက်ရှိ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ဖွယ်ရှိဟု မီဒီယာများဖော်ပြ

နယူးဒေလီ ဇွန် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ဇွန် ၉ ရက်တွင် အိန္ဒိယအစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် နယူးဒေလီမြို့၌ ရောက်ရှိနေကြောင်း၊ ၎င်း၏ခရီးစဉ်သည် အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ကြောင်း မီဒီယာများက ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ဇွန် ၈ ရက်တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူရှီမာဆရာဝပ်ချ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စအပါအဝင် ကဏ္ဍအချို့၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးက ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ တရုတ်သမ္မတရှီကျင့်ဖျင် လာရောက်လည်ပတ်မည်ဟု ပြောကြားခဲ့သည်ဆို၏။ အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီသည် ယခုနှစ်အတွင်း ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ဘီဂျေပီပါတီအား ကိုယ်စားပြုကာ ရွေးချယ်ခံခဲ့ပြီး ၎င်း၏ပါတီမှာ ထောက်ခံမဲအပြတ်အသတ်ဖြင့် ရွေးကောက်ပွဲတွင် အောင်ပွဲရခဲ့သည်။

၎င်း၏ ဝန်ကြီးချုပ် ရာထူးသက်တမ်းအတွင်း အိန္ဒိယနိုင်ငံအား စီးပွားရေးအရ နာလန်ထူနိုင်ရန်နှင့် တရုတ်နိုင်ငံနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု မိုဒီက ကတိပြုခဲ့သည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ယှဉ်ပြိုင်မှုသည် ဘောလုံးပွဲတစ်ပွဲနှင့် အလားသဏ္ဍာန် တူညီကြောင်း၊ ပထမပိုင်းတွင် တရုတ်နိုင်ငံက ဂိုးအသာရရှိကာ ဦးဆောင်နိုင်ခဲ့ကြောင်း၊ ဒုတိယပိုင်းမှာမူ မိုဒီဦးဆောင်သော အိန္ဒိယနိုင်ငံက အသာစီးရရှိသွားဖွယ်ရှိကြောင်း တရုတ်မီဒီယာက ရေးသားဖော်ပြခဲ့သည်။

ဘီဘီစီ။

ဇွန် ၈ ရက်က တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးတို့ တွေ့ဆုံကြစဉ်။

နေတိုး၏ အကြီးဆုံးသော စစ်ရေးလေ့ကျင့်မှု ရုရှားနယ်စပ်အနီးတွင် ပြုလုပ်

ရီဂါ ဇွန် ၁၀

ရုရှားနိုင်ငံ နယ်စပ်ဒေသအနီးတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က အကြီးဆုံးသော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူကရိန်း၏ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားနိုင်ငံက ၎င်း၏ ပိုင်နက်နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ခြင်းကြောင့် တင်းမာမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ဘောလ်တစ်ဒေသတွင် နေတိုးက စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

လတ်ဗီးယားနိုင်ငံ မြို့တော်ရီဂါအနီး ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့အပါအဝင် နိုင်ငံ ၁၀ နိုင်ငံမှ တပ်ဖွဲ့ဝင် ၄၇၀၀ခန့်နှင့် စစ်ယာဉ်အစီး ၈၀၀ ပါဝင်လေ့ကျင့်ကြသည်။

မတ်လအတွင်းက ခရိုင်းမီးယားဒေသကို ရုရှားက ၎င်း၏ နယ်မြေနှင့်ချိတ်ဆက်လိုက်ပြီးနောက် နေတိုးအဖွဲ့က ယခင် ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများ ဖြစ်ခဲ့ကြသော ဘောလ်တစ်နိုင်ငံများအား စစ်ရေးအကူအညီ တိုးမြှင့်ပေးလာချိန်တွင် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

နေတိုးအဖွဲ့၏ စစ်ရေးလေ့ကျင့်မှု အစီအစဉ်အရ ဇွန် ၁၁ ရက်တွင် ဘောလ်တစ်ဒေသရှိ လစ်သူယေးနီးယားနိုင်ငံ၌ ဆက်လက် လေ့ကျင့်မည်ဖြစ်သည်။

ဘောလ်တစ်နိုင်ငံများသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် နေတိုးအဖွဲ့နှင့် ဥရောပသမဂ္ဂတို့သို့ အဖွဲ့၏နိုင်ငံများအဖြစ် ဝင်ရောက်ခဲ့ကြသည်။ **ပီတီအိုင်။**

လတ်ဗီးယားနိုင်ငံ မြို့တော်ရီဂါအနီး စစ်ရေးလေ့ကျင့်နေကြသော နေတိုးတပ်ဖွဲ့ဝင်များ။

တာလီဘန် ပစ်မှတ်များကို ပါကစ္စတန် ဗုံးကြဲတိုက်ခိုက်

အစ္စလမ္မာဘတ် ဇွန် ၁၀

ပါကစ္စတန်နိုင်ငံရှိ ကရာချိလေဆိပ်ကို တာလီဘန်များက တိုက်ခိုက်ခဲ့ပြီးနောက် ဇွန် ၁၀ ရက်တွင် ပါကစ္စတန်လေတပ်မှ လေယာဉ်များက တာလီဘန်များ ပုန်းအောင်းနေသည်ဟု သံသယရှိသော ခိုင်ဘာမျိုးနွယ်စုဒေသကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၁၅ ဦးထက်မနည်း သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ် ခိုင်ဘာဒေသ တီရက်ဗယ်လီရှိ တာလီဘန်များ ပုန်းအောင်းနေထိုင်သည့်နေရာကိုးခုမှ လက်နက်များနှင့် ခဲယမ်းမီးကျောက်များဝှက်ထားသောနေရာများကို ပါကစ္စတန်စစ်ဘက်က တုံ့ပြန်သည့်အနေဖြင့် တိုက်လေယာဉ်များဖြင့် ဗုံးကြဲခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကို စစ်သွေးကြွများ ထိန်းချုပ်

မိုဆူးလ် ဇွန် ၁၀

အီရတ်နိုင်ငံမှ လက်နက်ကိုင်စစ်သွေးကြွများက နိုင်ငံအတွင်းရှိ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မိုဆူးလ်မှ အချက်အချာကျသော အဆောက်အအုံများကိုသိမ်းပိုက်ပြီး ယင်းမြို့ကိုထိန်းချုပ်ထားကြောင်း ဇွန် ၁၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယမန်နေ့ညက ညလုံးပေါက်ပင် ရာနှင့်ချီသော လက်နက်ကိုင်များက စနိုက်ပါရိုင်ဖယ်သေနတ်များ၊ ပဲ့ထိန်းဒုံးကျည်များနှင့် စက်သေနတ်များ ကိုင်တွယ်တိုက်ခိုက်ခဲ့ကြောင်း ပြည်နယ်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမြို့၏ လေဆိပ်နှင့် အီရတ်ကြည်းတပ်၏ စစ်ဆင်ရေးကွပ်ကဲမှုဌာနများအား မတိုက်ခိုက်မီ အီရတ်ရဲတပ်ဖွဲ့စခန်းအချို့ကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

အီရတ်လွှတ်တော်မှ ပြောရေးဆိုခွင့်ရှိသူကပြောကြားရာ၌ အဆိုပါမြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထွက်ပြေးလွတ်မြောက်မှုများရှိနေပြီး ၎င်းတို့အား မြို့တော်ဘဂ္ဂဒက်တွင် တပ်ဖွဲ့ပြန်လည်စုစည်းရန် ဆင့်ခေါ်ထားသည်ဟု ဆိုသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းကလည်း အီရတ်နှင့် အရှေ့အလယ်ပိုင်းဒေသတစ်ခွင်၌ အစ္စလာမ္မစ်နိုင်ငံတည်ထောင်ရေးအတွက် ဦးတည်တိုက်ပွဲဝင်နေသည့် အစ္စလာမ္မစ် အစွန်းရောက်အဖွဲ့များက တိုက်ခိုက်မှုများပြုခဲ့ခြင်းကြောင့် အီရတ်နိုင်ငံ အနောက်ပိုင်းနှင့်မြောက်ပိုင်းဒေသရှိမြို့များ၌ သေဆုံးသူအရေအတွက် မြင့်တက်ခဲ့ရသည်။ **ဘီဘီစီ။**



အီရတ်နိုင်ငံ မိုဆူးလ်မြို့အား ထိန်းချုပ်ထားသော စစ်သွေးကြွများကို တွေ့ရစဉ်။

ပျောက်ဆုံးလေယာဉ် ရှာဖွေမှုလုပ်ငန်းအတွက် ဒေါ်လာ ကိုးသန်းကျော် မလေးရှား သုံးစွဲခဲ့

ကွာလာလမ်ပူ ဇွန် ၁၀

ပျောက်ဆုံးနေသော မလေးရှား ခရီးသည်တင်လေယာဉ် ရှာဖွေသည့်လုပ်ငန်းအတွက် မလေးရှားနိုင်ငံက ယခုအချိန်အထိ ရင်းဂစ်ငွေ ၂၇ ဒသမ ၆ သန်း(ဒေါ်လာ ၉ သန်းကျော်) သုံးစွဲခဲ့ရကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ဟီရှာမူဒင်ဟူစိန်က ဇွန် ၉ ရက်တွင် ပြောကြားသည်။

ပျောက်ဆုံးနေသောလေယာဉ် ရှာဖွေသည့်လုပ်ငန်း၌ ပါဝင်ဆောင်ရွက်ကြသည့် အစိုးရဌာနငါးခုဖြစ်သော ဘုရင့်လေတပ်၊ ရေတပ်၊ ရဲတပ်ဖွဲ့၊ မီးသတ်နှင့်ကယ်ဆယ်ရေးဌာန၊ ပင်လယ်ရေကြောင်းလုံခြုံရေးအေဂျင်စီတို့မှ ဝန်ထမ်းများအတွက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ချိန်တွင် ကျခံသုံးစွဲရသည့်စရိတ်စက ငွေကြေးပမာဏကို သယ်ယူပို့ဆောင်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ပျောက်ဆုံးနေသောလေယာဉ်ကို ရှာဖွေခဲ့ကြသည့် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့၏ကုန်ကျစရိတ်မှာ ပိုမိုနည်းပါးကြောင်း ဟီရှာမူဒင်ဟူစိန်က ပြောကြားသည်။

မလေးရှားလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်သည် မတ် ၈ ရက်က မြို့တော်ကွာလာလမ်ပူမှ တရုတ်နိုင်ငံပေကျင်းသို့ ပျံသန်းစဉ် ရေဒါမြင်ကွင်းမှပျောက်ကွယ်သွားခဲ့သည်။ ခရီးသည် ၂၂၇ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၂ ဦးပါရှိသော ယင်းလေယာဉ်သည် တောင်တရုတ်ပင်လယ်အတွင်းသို့ ပျက်ကျခဲ့သည်ဟု ယူဆခဲ့ကြသည်။

ရိုက်တာ။

ဂူဂျာရတ်ပြည်နယ်တွင် ဆောက်လုပ်ဆဲ မိုးပျံလမ်းပြိုကျ နှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

နယူးဒေလီ ဇွန် ၁၀

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် ဇွန် ၁၀ ရက်က ဆောက်လုပ်ဆဲမိုးပျံလမ်း ပြိုကျမှုဖြစ်ပွားရာ အလုပ်သမားနှစ်ဦးထက်မနည်း သေဆုံး၍ ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂူဂျာရတ်ပြည်နယ် ဆူရတ်မြို့ရှိ ဆောက်လုပ်ဆဲ မိုးပျံလမ်း၏ အစိတ်အပိုင်းတစ်ခု မတော်တဆပြိုကျခြင်းဖြစ်ပြီး အလုပ်သမားနှစ်ဦး ပွဲချင်းပြီးသေဆုံးသည်။ အလုပ်သမားငါးဦးမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေ၍ ဒဏ်ရာများရရှိကြကြောင်း ၎င်းက ပြောကြားသည်။ ဒဏ်ရာရရှိသူများအား ဒေသဆိုင်ရာ ဆေးရုံတစ်ရုံသို့ တင်ပို့၍ ဆေးကုသပေးလျက်ရှိသည်။ အပျက်အစီးများအောက်တွင် ပိတ်မိလျက်ရှိသူများကို ကယ်ဆယ်ရေးအဖွဲ့များက ကယ်တင်ပေးခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားချန်နယ်များက ထုတ်လွှင့်ပြသသည်။

မိုးပျံလမ်း ပြိုကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၀

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပသည်။(အပေါ်ပုံ)

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေးမကျင်းပမီ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ၊ ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ မလေးရှားနိုင်ငံ Ministry of Communication and Multimedia မှ MR. S. ELANGOVAN က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးရဲထွဋ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် (၁၂) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို စတင်ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာဆီယံထိပ်သီး အစည်းအဝေးများနှင့် ASCC မဏ္ဍိုင်အောက်တွင်ရှိသည့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၊ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီတို့၏ ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံက ရေးဆွဲထားသည့် ရှေ့လုပ်ငန်းစဉ် များ ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းမူဘောင်သတ်မှတ်ချက်အပေါ် သုံးသပ် ဆွေးနွေးခြင်း၊ အာဆီယံဒေသအတွင်း DVB-T2 နှင့်ပတ်သက်သည့် စံသတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးခြင်း၊ အာဆီယံနှင့် ပတ်သက်၍ လေ့လာနိုင်သည့် တစ်ခုတည်းသော Webportal ထူထောင်ရေးအတွက် ဆွေးနွေးခြင်းနှင့် မြန်မာနိုင်ငံက အဆိုပြုထားပြီး အာဆီယံက လက်ခံသည့် လူမှုတာဝန်သိသည့် မီဒီယာဆိုင်ရာ ကြေညာချက်စာတမ်း ထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

ညပိုင်းတွင် Mount Pleasant ဟိုတယ်၌ ဒုတိယဝန်ကြီး ဦးရဲထွဋ်က (၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် ဂျပန်၊ တရုတ်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီး များနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ အစည်းအဝေးကိုဇွန် ၁၁ ရက်တွင် လည်းကောင်း၊ (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ဇွန် ၁၂ ရက်တွင်လည်းကောင်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုဂံယဉ်ကျေးမှုအမွေအနှစ်နယ်မြေရှိ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးသန်းဆွေကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေသည် ဇွန် ၆ ရက်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်နယ်မြေသို့ရောက်ရှိပြီး ပုဂံရှေးဟောင်းသုတေသနပြတိုက် ခင်းကျင်းပြသခြင်းနှင့် မွမ်းမံခြင်းလုပ်ငန်းကိုကြည့်ရှုစစ်ဆေးကာ ပြသခင်းကျင်းမှု စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းလျက်ရှိသော အရှေ့ဖက်လိပ်နှင့် အနောက်ဖက်လိပ် ဘုရားများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ထိုဘုရားများရှိ ငါးရာ့ငါးဆယ်ဇာတ်ကွက် သရုပ်ဖော် အုတ်ကွက်များမှာ ဗုဒ္ဓဝင်သမိုင်းတွင် အလွန်အရေးပါသဖြင့် ဂရုတစိုက်ထိန်းသိမ်းရန်မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ပုဂံဒေသမြစ်ကမ်းဘေးရှိ ဘုရားများဖြစ်သော ဘုရားအမှတ် (၁၃၆)၊ ဘုရားအမှတ်(၁၄၆) ရွှေသပိတ်ဘုရားနှင့် ဘုရားအမှတ် (၁၁၅၈) ကျောက်မျက်မှော် ဘုရားများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြစ်ရေတိုက်စား၍ ကမ်းပါးပြိုခြင်းကြောင့် ပြိုကျပျက်စီးမည့် အန္တရာယ်ရှိကြောင်း၊ ဘုရားများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းတိုက်စားမည့် နေရာ၌ ကျောက်စီမြေထိန်း နံရံပြုလုပ်၍ ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း မှာကြားခဲ့သည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

❐❐

ပညာရေးယိုပေါက်၊ ပြည်သူ့အားနဲ့ ဆင်းရဲမှုလျှော့ချရေး

ဒေါက်တာမောင်သင်း

ကျွန်တော်တို့ဆီမှာ နှစ်စဉ် ကျောင်းစဖွင့်ရင် ကျောင်းအပ်တဲ့နှုန်းဟာ အားရစရာပါ။ ကျောင်းသင်ပညာရေးဟာ **“စ” (ကျောင်းအပ်နှံခြင်း)၊ “လယ်” (ကျောင်းတက်မှန်၍ ကျောင်းမြဲနှုန်း မြင့်မားခြင်း)၊ “အဆုံး” (စာတတ်မြောက်ပြီး လူသားရဲ့ အခြေခံစွမ်းရည်များ ပိုင်ဆိုင်အောင် လေ့ကျင့်မွေးထုတ်ခြင်း)** ဆိုတဲ့ သုံးပါးစလုံး အောင်မြင်အောင် လုပ်ရမယ့်အလုပ်ပါ။ ကျောင်းအပ်တာဟာ ပညာရေးရဲ့ တာထွက်အဆင့်သာဖြစ်ပြီး အပ်ထားတဲ့ကျောင်းသားအားလုံး နှစ်ဆုံးထိ သင်ကြားမှုရှိပါမှ ပန်းတိုင်ရောက်တာပါ။ အဲဒီကိစ္စဟာ ဆရာ ဆရာမတွေမှာ အဓိကတာဝန်ရှိသော်လည်း မိဘများ၊ ရပ်ကွက်/ကျေးရွာနဲ့ နိုင်ငံကို ဆင်းရဲမှုကင်းလွတ်စေချင်သော နိုင်ငံသားအားလုံး ပါဝင်ပူးပေါင်းပါမှ အောင်မြင်မည့် အမျိုးသားရေးလုပ်ငန်းပါ။

နှစ်စဉ် စာသင်နှစ်မကုန်မီ ကျောင်းထွက်ရတဲ့ကလေးတွေကို **ပညာရေးယိုပေါက်(ပညာရေး အဟောသိကံ)** လို့ ခေါ်ပါတယ်။ မိဘတွေ စီးပွားရေးမပြေလည်လို့ ဝိုင်းပြီး ဝင်ငွေရှာရတာမို့၊ ကောက်ရိတ်သိမ်းချိန်မို့ မိဘကူရတာတို့၊ ကလေးဝိုင်းထိန်းရတာတို့ စတဲ့ အခက်အခဲတွေကြောင့် ကလေးတွေ ပညာသင်နှစ်ဆုံးအောင် ကျောင်းမတက်နိုင်ဘဲ ကျောင်းထွက်ခဲ့ကြရပါတယ်။ အဲဒီ **ပညာရေးအဟောသိကံဖြစ်စဉ် ကျွန်တော်တို့ဆီမှာ အမြစ်တွယ်နေတာ ရာစုဝက်ကျော်ကြာခဲ့ပါပြီ။** နိုင်ငံတကာ ပညာရေးနဲ့ စီးပွားရေးပညာရှင်တွေရဲ့ လေ့လာချက်အရ လူ့အဖွဲ့အစည်းမှာ ပညာရေးအဟောသိကံဖြစ်မှုနှုန်းများလေလေ ဆင်းရဲမှုသံသရာလည်လေလေပါပဲ။ သို့ပါ၍ ဆင်းရဲမှုကင်းပြီး ဖွံ့ဖြိုးမှုကို ချီတက်ရန် ပညာရေးယိုပေါက်ကို မဖြစ်မနေ ကျွန်တော်တို့ အရင်ပိတ်ရပါလိမ့်မယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ မူလတန်းပညာရေးကို မသင်မနေရအဆင့်ထားပြီး အောင်မြင်အောင် အကောင်အထည်ဖော်ရတဲ့ အဓိကရည်မှန်းချက် နှစ်ချက်ကတော့-

(၁) မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် အလုပ်ခွင်တို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများကို စနစ်တကျရင်ဆိုင်ဖြေရှင်းပေးနိုင်မည့်စာပေတတ်မြောက်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရန်၊

(၂) ဘဝတစ်လျှောက် စဉ်ဆက်လေ့လာ ပညာသင်ယူနိုင်မှုအရည်အသွေး အခြေခံအုတ်မြစ်ချပေးရန်တို့ ဖြစ်ပါတယ်။ အထက်ပါ အရည်အသွေးတွေကို ပိုင်ဆိုင်ပြီဆိုလျှင် လူသားတစ်ဦးစီမှာ-

(က) လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ကြိုးပမ်းအားထုတ်နိုင်စွမ်း ရှိလာခြင်း၊

(ခ) အသိပညာနှင့် နားလည်သဘောပေါက်မှု မြင့်မားလာခြင်း၊

(ဂ) စိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေခြင်း (စူးစမ်းလေ့လာလိုစိတ် ပွားများလာခြင်း၊ ကိုယ်ကျင့်တရားခိုင်မာမှုကို တန်ဖိုးထားခြင်း၊ အမြင်ကျယ်ခြင်းနှင့် ရှေ့ရေးကို ကြိုတင်မြော်မြင်တတ်ခြင်း၊ အလုပ်ကို ဇွဲရှိရှိ လုပ်ဆောင်နိုင်ခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရပ်ရွာ၏ ဘုံရည်မှန်းချက် အကျိုးကို ဆောင်ရွက်နိုင်စွမ်းရှိခြင်း။)

မူလတန်းပညာရေးဆိုတာ စာတတ်ရန် သက်သက်သာ သင်ဖို့မဟုတ်ပါ။ ကျွန်တော်တို့ သတိပြုရမှာက စာသာသင်တဲ့ မူလတန်းပညာရေးဟာ အောင်မြင်တဲ့ ပညာရေးမဟုတ်ဘူး ဆိုတာပါပဲ။ စာပေတတ်မြောက်တာနဲ့ အပြိုင် လူသားတိုင်းမှာရှိရမယ့် အခြေခံပညာအရည်အသွေးတွေကို ပိုင်ဆိုင်သွားအောင်လေ့ကျင့်ပေးခြင်းပါ။ အသိပညာမြင့်မှ ဆင်းရဲမှုသံသရာက ရုန်းထွက်လိုစိတ် ထက်သန်ရေးကို ပိုင်ဆိုင်လာပါတယ်။ ဆင်းရဲမှုကင်းမှ ဖွံ့ဖြိုးမှုကို ဆောင်ရွက်နိုင်မှာမို့ **“လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုရဲ့အစ မူလတန်းပညာရေးက”**ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လက်ခံကျင့်သုံးနေပါတယ်။ ဒါကြောင့် မူလတန်းပညာရေးကို မသင်မနေရအဆင့်ဆိုပြီး ချမှတ်အကောင်အထည်ဖော်နေကြတာပါ။ ပညာရေးယိုပေါက်ပိတ်ရေးနဲ့ နိုင်ငံ့ဖွံ့ဖြိုးရေးဟာ အစိုးရမှာအဓိက တာဝန်ရှိတာမှန်ပေမယ့် ငါတို့မှာလည်း တာဝန်ရှိတယ်ဆိုတာ သတိပြုပြီး ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ မဖြစ်မနေ ပါဝင်သင့်သူများမှာ-

(၁) ကျွန်တော်တို့ကျောင်းဆရာဆရာမများ

ကျေးလက်နှင့် ဆင်ခြေဖုံးမှာရှိတဲ့ မူလတန်းကျောင်းတွေက ဆရာ ဆရာမတွေဟာ ကလေးတွေ ကျောင်းမတက်ရင် နေမကောင်းလို့လား၊ ဘာအဆင်မပြေလို့လဲဆိုပြီး အိမ်တိုင်ရာရောက် မေးမြန်းဆွေးနွေးပြီး မိဘတွေကို နှစ်သိမ့်တယ်၊ ကလေးထိန်းဖို့ဆိုရင် ကျောင်းခေါ်လာလို့ရတဲ့အရွယ်ဆို ခေါ်လာစေတယ်၊ မိဘကိုကူလို့ ကျောင်းပျက်တဲ့ ကလေးတွေကို ညဘက် အိမ်ခေါ်ပြီးသင်ပေးတယ် (ငွေပေးရတဲ့ကျူရှင်မျိုး လုံးဝမဟုတ်ပါ)။ ကျောင်းဆရာဆိုတာ မိမိရဲ့ကျောင်းသားတွေကို ပညာမျက်စိဖွင့်ပေးရေးမှာသာ တာဝန်ရှိတာ မဟုတ်ပါ။ ကျောင်းတည်ရှိရာဝန်းကျင်မှာရှိတဲ့ လူ့အဖွဲ့အစည်း၏ အသိပညာ ထွန်းတောက်ရေးကိုပါ ဆောင်ရွက်ပေးရမှာမို့ မိဘများ၏ ပညာရေးအမြင်ကျယ်အောင်လည်း ရပ်မိရပ်ဖတွေနဲ့ ပူးပေါင်း အသိဉာဏ်ဖွင့်ပေးနိုင်ဖို့ လိုပါတယ်။ သို့မှသာ သူတို့ကလေးကို မူလတန်းပညာပြီးအောင် သင်ကြားပေးကြပြီး အသိဉာဏ်ပညာမြင့်မားအောင် ဆောင်ရွက်ကြမှာ။ ဒါမှ ပညာရေးယိုပေါက်ကို ပိတ်နိုင်မှာ။

> “နိုင်ငံတကာ ပညာရေးနဲ့ စီးပွားရေးပညာရှင်တွေရဲ့ လေ့လာချက်အရ လူ့အဖွဲ့အစည်းမှာ ပညာရေးအဟောသိကံဖြစ်မှုနှုန်းများလေလေ ဆင်းရဲမှုသံသရာလည်လေလေပါပဲ။ သို့ပါ၍ ဆင်းရဲမှုကင်းပြီး ဖွံ့ဖြိုးမှုကိုချီတက်ရန် ပညာရေးယိုပေါက်ကို မဖြစ်မနေ ကျွန်တော်တို့ အရင်ပိတ်ရပါလိမ့်မယ်”

(၂) ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ကျောင်းအကျိုးတော်ဆောင်အဖွဲ့ရဲ့ အဓိကအလုပ်က ကလေးတွေရဲ့ပညာရေးကောင်းဖို့ ဝိုင်းဝန်းကူညီပံ့ပိုးခြင်းပါ။ ကျောင်းမှာလိုအပ်တဲ့သင်ထောက်ကူပစ္စည်း၊ သောက်ရေ၊ အဆောက်အအုံတိုးဖို့၊ ပြင်ဖို့လောက်သာ ဆောင်ရွက်ဖို့မဟုတ်ပါ။ ကိုယ့်ကျောင်းက ကျောင်းသားတွေ ကျောင်းထွက်တဲ့ယိုပေါက်ကိုလည်း ဂရုပြုပြီး ပိတ်နိုင်စွမ်းရှိရပါလိမ့်မယ်။ ပြီးတော့ ကလေးတွေ မဖြစ်မနေ ကျောင်းပြန်တက်နိုင်အောင် မိဘတွေနဲ့ ဆွေးနွေး၊ နှစ်သိမ့်၊ အကြံပြုလိုတာကူညီဖြည့်ဆည်းပေးပြီး ကျောင်းကိုမရောက်ရောက်အောင် ပြန်ပို့တဲ့အလုပ်ကိုလည်း လုပ်ဆောင်သင့်ပါတယ်။ အဲဒီအဖွဲ့ဟာ ရပ်ရွာအပေါ်မှာ စေတနာ အလွန်ကြီးမားကြပြီး လူမှုရေးကောင်းမွန်ကာ ဩဇာတိက္ကမကြီးသူများနှင့် ဖွဲ့စည်းထားတာမို့ ပညာရေးယိုပေါက်ကို ပိတ်နိုင်တဲ့စွမ်းအားလည်း ရှိကြပါတယ်။ ကလေးပညာကောင်းဖို့ တို့တာဝန်ဆိုတာရယ်၊ ကလေးတစ်ယောက် ကျောင်းထွက်တာဟာ တို့ရပ်၊ တို့ရွာမှာ ဆင်းရဲမွဲတေမှုနှုန်း မြင့်စေတာမို့ တို့ရပ်၊ တို့ရွာ ဖွံ့ဖြိုးစေရန် ကလေးအားလုံး ကျောင်းမြဲကာ မူလတန်းပညာပြီးဖို့ လိုတယ်ဆိုတဲ့သတိ အမြဲချပ်ပြီး ဆောင်ရွက်နိုင်ကြရပါမယ်။

(၃) မိဘများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ

တိုင်းပြည်ဆင်းရဲနွမ်းပါးမှုရဲ့ တရားခံဟာ ရပ်ဝတ္ထုရှားပါးခြင်း မဟုတ်ပါ။ ပြည်သူတွေရဲ့ အသိဉာဏ်ပညာဆင်းရဲမွဲတေမှုပါ။ မိဘများသတိပြုရပါလိမ့်မယ်။ ဆင်းရဲမှုသံသရာကို မိဘများဆီကနေ ယနေ့ ကလေးငယ်တွေနဲ့ သူတို့ရဲ့နောက်မျိုးဆက်ဆီ မရောက်အောင် အပြီးတိုင် အမြစ်ဖြတ်ရပါလိမ့်မယ်။ ဖြတ်ဖို့နည်းကတော့ ကလေးတွေ အသိဉာဏ်ကြွယ်ဝရန် ဝိုင်းဝန်းကူညီပေးရေးကအဓိကဖြစ်ပါတယ်။ ကျောင်းအပ်ပြီးရင် ပြီးရော၊ ကျောင်းရောက်ရင် စာတတ်ဖို့က ဆရာ ဆရာမတွေ တာဝန်ဆိုတဲ့ အစွဲကို မိဘများ ဖျောက်ဖို့ပါ။ မိဘများနှင့်အတူ ရပ်မိရပ်ဖများနဲ့ တာဝန်ရှိသူအားလုံးဟာ တို့ရပ်၊ တို့ရွာ ဖွံ့ဖြိုးရေးဟာ ကလေးတွေရဲ့ မူလတန်းပညာ ပြီးမြောက်မှုပေါ် မူတည်နေတယ်ဆိုတာကို မြင်ဖို့ပါပဲ။ တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံးမှသည်တစ်နိုင်ငံလုံး မူလတန်းပြီးမြောက်ကာ လူ့အဖွဲ့အစည်းတစ်ခုလုံး ပညာရည်မြင့်မားဖို့ပါ။ ဒါကြောင့် တို့ဝိုင်းပြီး ကူကိုကူရမယ်ဆိုတဲ့ **“တိုင်းပြည်အကျိုးပြု အသိတရားအမြင်”** ဖြင့် ရပ်မိရပ်ဖတွေ၊ ကျေးရွာ/ရပ်ကွက် အာဏာပိုင်အဖွဲ့အစည်း အားလုံးက ဝိုင်းကူဖို့ လိုပါလိမ့်မယ်။

(၄) NGO အဖွဲ့များ

မြန်မာ့ပညာရေးကောင်းမွန်ဖို့ ပြည်တွင်း NGO အဖွဲ့ပေါင်းစုံက မိမိတို့နိုင်သမျှအားနဲ့ ဆော်ဩကြပြီး ကျောင်းအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်း၊ စာရေးကိရိယာအစုံ၊ ဆရာ ဆရာမ လစာတွေပါ ဝိုင်းဝန်းထောက်ပံ့ပေးပါတယ်။ ကျောင်းသားတစ်ဦးချင်းတစ်နှစ်စာ ထောက်ပံ့တာလည်း ရှိပါတယ်၊ သာဓုခေါ်ပါတယ်။ NGO အဖွဲ့မျိုးစုံက ထောက်ပံ့ကူညီတဲ့အထဲမှာ ကျောင်းအပ်ပြီးကျောင်းထွက်သွားကာ အလုပ်လိုက်လုပ်နေသူ၊ လမ်းပေါ်ရောက်နေသူ၊ မိဘကူနေသူစတဲ့ **“ပညာရေးယိုပေါက်”** ကနေ ကျောင်းအပြင် ရောက်နေသူတွေအားလုံးကို ကျောင်းအတွင်း ပြန်လည်ရောက်ရှိပြီး ကျောင်းမြဲတဲ့ ကလေးတွေဖြစ်အောင် ကူညီပံ့ပိုးပေးဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။

(၅) ဆရာတော်နဲ့ သီလရှင်များ

ဆရာတော်၊ သံဃာတော်များဟာ မိမိရပ်ရွာအပေါ် အင်မတန်ဩဇာကြီးမားကြသူများ ဖြစ်ကြလို့ မိဘများနဲ့ ရပ်မိရပ်ဖများကို ကလေးတွေကျောင်းမြဲအောင် ဝိုင်းဝန်းတိုက်တွန်းကူညီပေးကြပါရန် ရိုသေစွာဖြင့် လျှောက်ထားအပ်ပါတယ်။ ဘုန်းတော်ကြီး၊ သီလရှင်တွေ ဦးစီးတဲ့ မူလတန်းကျောင်းတွေဆိုရင် မိမဲ့ ဖမဲ့ အပါအဝင် ကျောင်းမထားနိုင်သူကလေးတွေကို ကျောင်းရောက်အောင် ခေါ်တဲ့အပြင် ကျောင်းသားတွေကို အစားအစာနှင့် အဝတ်အစားပါ ဖြည့်ဆည်းပေးပါတယ်။ ဒါ့အပြင် ဆရာ ဆရာမတွေကို လစာလည်းပေးပါတယ်။ ပညာရေးယိုပေါက်အနည်းဆုံးကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ တွေ့ရတာမို့ အားရစရာပါ။ သမိုင်းစဉ်တစ်လျှောက် (ပဒေသရာဇ်ခေတ်မှသည် ကိုလိုနီခေတ်ထိ) မြန်မာစာတတ်မြောက်မှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခဲ့ကြသူများပါ။ အဲဒီလိုကျောင်းတွေ တည်တံ့အောင်၊ ဖွံ့ဖြိုးအောင်နဲ့ ပွားများအောင် နိုင်ငံသားအားလုံး ဝိုင်းဝန်းကူညီပေးကြပါလို့ နှိုးဆော်ပါရစေ။

(၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအရပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်သာမြင်သာတဲ့ လမ်း၊ တံတား၊ ကျောင်း၊ ဆည်မြောင်း၊ ဆေးပေးခန်းစတဲ့ အခြေခံအဆောက်အအုံတွေ ပြည့်အောင်စွမ်းဆောင်ပေးနေတာတွေ့ရလို့ ဝမ်းသာပါတယ်။ အဲဒါတွေကို ထိန်းသိမ်းနိုင်စွမ်းရှိပြီး မိမိရပ်ရွာဒေသကို ပိုမိုဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တိုးပွားရေးကို ဆောင်ရွက်ခြင်းဟာ ရပ်ရွာဒေသ ရေရှည်ဖွံ့ဖြိုးမှုရဲ့မဏ္ဍိုင်ဖြစ်ပြီး နိုင်ငံ့ဖွံ့ဖြိုးမှုအရှိန်နှုန်းလည်း မြင့်တက်လာမယ်လို့ မြင်မိပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အခြေခံပညာကျောင်းတွေမှာ ကျောင်းမြဲနှုန်း မြင့်မားအောင် ပညာရေးယိုပေါက်တွေကို ဝိုင်းပိတ်ခြင်းကအဓိကလို့ ထင်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရပ်မိ ရပ်ဖများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာ/ရပ်ကွက်နဲ့ ဒေသဆိုင်ရာအာဏာပိုင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး လူသားအရင်းအမြစ် ညှံ့သွားတာနဲ့အတူ ဆင်းရဲမှုသံသရာလည်စေမည့် ပညာရေးယိုပေါက်ကို ပိတ်ပြီး ကျောင်းမြဲနှုန်း မြင့်မားလာအောင် မိမိတို့ရပ်ရွာ ဒေသတွေမှာ စွမ်းဆောင်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

အချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီး နိုင်ငံတော်ရဲ့ အမျိုးသားရည်မှန်းချက်ဖြစ်တဲ့ **“မသင်မနေရ မူလတန်းပညာရေး”** ဟာ ဆောင်းပါးအစမှာ ပြောခဲ့သလို **“စ” “လယ်” “အဆုံး”** သုံးပါးစလုံး ကောင်းမွန်ဖို့တော့ ပြည်သူ့အားနဲ့ ဝိုင်းဝန်းအကောင်အထည်ဖော်မှ အောင်မြင်မှာပါ။ ကျောင်းနေအရွယ် ကလေးတွေ ကျောင်းထွက်နှုန်းနည်းပါးပါမှ နိုင်ငံရဲ့ ဆင်းရဲမှု သံသရာက လွတ်မှာဆိုတဲ့အမြင်ကို အားလုံး လက်ကိုင်ထားကာ ကျောင်းမြဲပြီး အခြေခံပညာမူလတန်းပြီးမြောက်နှုန်းမြင့်မားစေရန် နိုင်ငံသားတိုင်းက ဝိုင်းဝန်းကူညီ ပံ့ပိုးမှုတွေကို လုပ်ကိုလုပ်ရပါလိမ့်မယ်။ ဒါမှသာ ယနေ့ မိဘတွေရဲ့ ဆင်းရဲနွမ်းပါးမှုသံသရာ(အသိဉာဏ်ဆင်းရဲမှုအပါအဝင်)ကို သူတို့တစ်တွေရဲ့ နောက်မျိုးဆက်ထိ မရောက်အောင် တားဆီးပိတ်ပင်နိုင်မှာ။ သို့ပါ၍ **“နိုင်ငံဆင်းရဲမှု ကင်းဝေးရေးအစ နိုင်ငံသားအားလုံး မူလတန်းပညာပြီးမြောက်မှုဟာအဓိက”** လို့ အဆိုပြုအပ်ပါတယ်။ ။

“ စလေးယာဉ်နှင့်စီးသွားမယ်ဆို စိတ်ချမ်းသာမှု ပြည့်ဝစေဖို့
Nice Fare Travel မှာသာကြိုနဲ့....”
မိတ်ဆွေ ဘိုးဘွားညီအစ်ကိုမောင်နှမများ တားရပ်မှား
မှုအထူး အဆင်ပြေ စေရေးအတွက် Sakura Tower အနီး၊ ဗိုလ်ချုပ်လမ်းမကြီးပေါ် Ruby Mart နှင့် မျက်နှာချင်း ဆိုင်တွင် ရုံးခွဲအသစ် ဖွင့်လှစ် ထားတယ်နော်။
၀၁ - ၃၀၀၀၅၄၄ | ၃၀၀၀၅၅၁ | ၃၀၀၀၅၅၁ | ၃၀၄၂၃၃

202046
392048
ဆရာအာသာ (မြို့လယ်ကျောင်း) SUCCESS Language Academy
တက္ကသိုလ်ဝင်တန်းဖြေဆိုသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
လှည်းတန်းကျောင်းခွဲ
Ph: 01-503472, 09 73001453

BASIC ENGLISH SPEAKING
2 - 5:00 (Sat + Sun) 14 Jun
10-11:30 (Mon – Thurs) 16 Jun
1 – 2:30 (Mon – Thurs) 18 Jun
7:30-10:30 (Sat + Sun) 21 Jun
7:30 - 9 (Mon – Thurs) 30 Jun

FOUR SKILLS ENGLISH
2 - 5:00 (Sat + Sun) 14 Jun
1 - 2:30 (Mon – Thurs) 18 Jun
3:30 - 5 (Mon – Thurs) 18 Jun
7:30-10:30 (Sat + Sun) 28 Jun
10 - 11:30 (Mon – Thurs) 30 Jun
6 - 7:30 (Mon – Thurs) 30 Jun

PRE-INTERMEDIATE
1 - 2:30 (Mon – Thurs) 18 Jun
12 - 3:00 (Sat + Sun) 5 July

INTERMEDIATE
1 - 2:30 (Mon – Thurs) 30 Jun

VOCAB ENRICHMENT
1 - 2:30 (Mon – Thurs) 18 Jun
1 - 4:00 (Sat + Sun) 13 July

BASIC WRITING
10 - 11:30 (Mon – Thurs) 7 July

BASIC GRAMMAR
3:30 - 5 (Mon – Thurs) 18 Jun
10 - 12:00 (Sat + Sun) 28 Jun

IELTS (Preparation)
1 - 3:30 (Mon – Thurs) 23 Jun
1 - 4:30 (Sat + Sun) 20 July

IELTS Exam Practice
3:30 - 5 (Mon – Thurs) 14 July

IELTS (Speaking)
1 - 2:30 (Mon – Thurs) 30 Jun

IELTS (Reading)
7:30-9:30 (Mon – Thurs) 23 Jun

IELTS (Writing)
11 - 1:00 (Sat + Sun) 28 Jun

English Speaking	7:30 - 9	Mon to Thurs	30 Jun
	7:30-10:30	Sat + Sun	6 July
	12 - 3:00	Sat + Sun	13 July
Four Skills English	10 - 11:30	Mon to Thurs	30 Jun
	12 - 3:00	Sat + Sun	6 July
	1 - 2:30	Mon to Thurs	8 July
Basic Grammar	7:30-9:00	Mon to Thurs	1 July
Pre-Intermediate	7:30 - 9:00	Mon to Thurs	8 July
	10 - 11:30	Mon to Thurs	14 July

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိရန် ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

မြန်မာပြည်တွင် လက်ရှိစပါးစိုက်ဧက၊ အထွက်နှုန်း၊ နိုင်ငံခြားတင်ပို့မှု၊ ပြည်တွင်းစားသုံးမှု ဆန်တန်ချိန်နှင့် လူတစ်ဦးတစ်နှစ်စားသုံးမှု ဆန်(တင်း)တို့အား သိရှိလိုကြောင်း **ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ**(ကိုယ်စား)**အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်** ကမေးမြန်းရာ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း**က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ပို့ကုန်သီးနှံများဖွံ့ဖြိုးတိုးတက်ရန်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ အများဆုံးဖြစ်ပါကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုအနက် ဆန်တင်ပို့မှုသည် အဓိက ပို့ကုန်တစ်ခုအဖြစ်ပါဝင်နေပါကြောင်း၊ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုများရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့လည်း နယ်စပ်ဖြတ်ကျော်တင်ပို့မှုများ ရှိပါကြောင်း။

ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ဆန်စပါးကဲ့သို့ ပြည်တွင်းစားသုံးမှုအတွက် အဓိကကျသည့် အခြေခံစားကုန်များနှင့် ပတ်သက်၍ ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှု၊ ပိုလျှံမှုတို့ကို စနစ်တကျစိစစ်တွက်ချက်ပြီး သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး တင်ပို့လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ပို့ကုန်ဈေးကွက်ပိုမိုရရှိရေးနှင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိရန်အတွက် ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု စာရင်းဇယားများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အဓိကဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ပသို့ ဆန်တင်ပို့မှု စာရင်းဇယားများ ပြုစုမှတ်တမ်းတင်ထားရှိရေးနှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်ပြည်ပတင်ပို့ခြင်းနှင့် ပတ်သက်ပြီး စနစ်တကျစိစစ်တွက်ချက်ပြီး ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်တွင်းကူးသန်းရောင်းဝယ်မှုနှင့် စီးဆင်းမှုများကိုလည်း မပြတ်လေ့လာသုံးသပ်လျက်ရှိရာ ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ တင်ပို့မှုတန်ချိန်(၅ ဒသမ ၃၆၄)သိန်းနှင့် တန်ဖိုးငွေအမေရိကန်ဒေါ်လာ (၁၉၈ ဒသမ ၀၈၀)သန်း၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၌ တန်ချိန်(၈ ဒသမ ၄၄၃) သိန်းနှင့် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ(၃၂၄ ဒသမ ၆၆၇)သန်း၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၌ တန်ချိန်(၁၄ ဒသမ ၅၃၃) သိန်းနှင့် တန်ဖိုးငွေ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း

အုတ်တွင်း မဲဆန္ဒနယ်မှ ဦးညီညီမြင့်

အမေရိကန်ဒေါ်လာ(၅၆၄ ဒသမ ၆၁၃)သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ တန်ချိန် (၁၂ ဒသမ ၃၃၅)သိန်းနှင့် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ (၄၆၀ ဒသမ ၆၉၆)သန်း အသီးသီး တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှဦးတင်မောင်(ကိုယ်စား) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ နိုင်ငံတော်တွင် ပြည်သူ့ရဲအင်အားနည်းနေပြီး တာဝန်နှင့် ပြည်သူ့အင်အား မမျှမတဖြစ်နေသောကြောင့် ပြည်သူ့ရဲအင်အားတိုးမြှင့်ပေးရန် **အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း**က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအင်အားသည် စုစုပေါင်း(၁၅၈၆၈၅)ဦးဖြစ်ပြီး လက်ရှိအင်အားသည် (၇၄၁၆၅) ဦးဖြစ်သည့်အတွက် ရဲတပ်ဖွဲ့နှင့် ပြည်သူအချိုးမှာ မြန်မာနိုင်ငံ၏လူဦးရေသန်း(၆၀)ဖြင့် တွက်ချက်ပါက (၁း ၈၀၉)ရှိပါကြောင်း၊ လက်ရှိတွင် နိုင်ငံ့လူဦးရေ တစ်သိန်းလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားသည်(၁၁၆) ဦးဖြစ်၍ နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း မြန်မာနိုင်ငံသား လူဦးရေ တစ်သိန်းလျှင် ရဲ(၂၅၀)ဦးနှုန်းဖြင့် ရဲနှင့် နိုင်ငံ့လူဦးရေအချိုး (၁း ၄၀၀)အထိ အင်အားဖြည့်တင်းနိုင်ရန် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံအခြေအနေအရပ်ရပ်နှင့်အညီ ခေတ်မီရဲတပ်ဖွဲ့ ဖြစ်လာစေရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဖွဲ့စည်းပုံနှင့်အညီ ရဲတပ်ဖွဲ့ဝင် အင်အားများဖြည့်ဆည်းနိုင်ရန်အတွက် ရဲတပ်သားသစ်စုဆောင်းရေး လျာထားချက် ရေးဆွဲပြီး ရဲတပ်ဖွဲ့ဝင်များကို စုဆောင်းလျက်ရှိပါကြောင်း၊ စုဆောင်းရရှိသည့် ရဲတပ်ဖွဲ့ဝင်များကို မှုခင်းဖြစ်ပွားမှု၊ တရားဥပဒေစိုးမိုးရေး လွှမ်းခြုံနိုင်မှု၊ လူဦးရေထူထပ်မှု ဦးစားပေး အစီအစဉ်များဖြင့် ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံးကို ဖြည့်ဆည်း တာဝန်ချထားနိုင်ရန် စီမံထားရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြောင်းလဲတိုးတက်လာသည့် လိုအပ်ချက်များနှင့်အညီ အင်အားတိုးချဲ့ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့အသစ်များဖွဲ့စည်းခြင်းတို့ကိုဆောင်ရွက်လျက်ရှိရာ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့၊ အမှတ်(၄)ရဲလုံခြုံရေး ကွပ်ကဲမှုအဖွဲ့၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ စသည်ဖြင့် တပ်ဖွဲ့အသစ်များ တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း သိရှိရသည်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၉၂) နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး **ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိက ဆွေးနွေးနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် Cape Town Convention and Aircraft Protocol သို့ဝင်ရောက်ခဲ့ရာ UNIDROITမှ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် အဆိုပါစာချုပ်သို့ မြန်မာနိုင်ငံမှဝင်ရောက်သည့်နေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူ၊ ငှားရမ်းအသုံးပြုရာတွင် နစ်နာမှုများမရှိစေရန် ရည်ရွယ်၍ **ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်း**ကို ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး လွှတ်တော်အခွင့်အရေးကော်မတီ၏(၁/၂၀၁၄) အစီရင်ခံစာပါ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ် ဆွေးနွေးမှုမှရရှိသည့် ညှိနှိုင်းသဘောတူညီချက် အစီရင်ခံစာကို လွှတ်တော်တွင် အတည်ပြုခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဥပဒေရေးဆွဲသည့်အခါ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်သူနှင့် သင့်တော်သည့်စနစ်ဖြစ်အောင် ဥပဒေကိုရေးဆွဲရမည်

နေပြည်တော် ဇွန် ၁၀

“လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလိုဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၀) ဦးတို့က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက မြန်မာနိုင်ငံတွင် ပါလီမန်ခေတ်ကတည်းကစပြီး ယနေ့အချိန်အထိ ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒနယ်တစ်ခု၌ ဝင်ရောက်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် မဲအများဆုံးရရှိသူကိုသာ အနိုင်ရကိုယ်စားလှယ် ဖြစ်သည့်စနစ် FPTP စနစ်ကိုသာ ကျင့်သုံးလာခဲ့ပါကြောင်း၊ ယင်းစနစ်နှင့် မိမိတို့ပြည်သူများ ယဉ်ပါးလာခဲ့ပြီဖြစ်ပါကြောင်း။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးသိမ်းဆွေ။

အချိုးကျကိုယ်စားပြု PR စနစ်ကို နားလည်နိုင်ရန်အချိန်ယူပြင်ဆင်ရန် လိုအပ်ပါကြောင်း၊ ရှုပ်ထွေး၍ အားနည်းချက်များရှိသည့် စနစ်ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှုရရှိရန် ကြိုးစားနေရဆဲ၊ ရုန်းကန်နေရဆဲ အချိန်ကာလတွင်ရှိပါကြောင်း၊ ထို့ပြင် တိုင်းပြည်နှင့် ပြည်သူလူထု တစ်ရပ်လုံးအတွက် အကျိုးရှိစေရန် ဥပဒေအားလုံး၏အချုပ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို လွှတ်တော်တွင် ဆောင်ရွက်နေကြသည့်အချိန်လည်း ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် တိုင်းပြည်အကျိုးစီးပွားအပေါ်တွင်သာ အဓိကဦးစားပေးစဉ်းစားကြရန် လိုအပ်ပါကြောင်း။

အချိုးကျကိုယ်စားပြု PR စနစ်နှင့် မိမိတို့နိုင်ငံသည် အတော်အလှမ်းကွာဝေးနေပါကြောင်း၊ အစဉ်ကျင့်သုံးလာခဲ့သည့် FPTP စနစ်တွင်၌ပင် ပယ်မဲများစွာရှိနေသည်ကိုကြည့်ခြင်းဖြင့် ပြည်သူလူထုကို အချိန်ယူပြီး မဲပေးပုံ၊ မဲပေးနည်းများကို တောရွာကျေးလက်မကျန် တာဝန်ရှိသူများက ပညာပေးရေးလုပ်ငန်းများ၊ သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်နေသေးပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွှန့်ကလည်း လွှတ်တော်ကိုယ်စားလှယ်အချို့က ခက်ခဲရှုပ်ထွေး၍ အချိုးကျကိုယ်စားပြုစနစ်ကိုမကျင့်သုံးသင့်ကြောင်း ဆွေးနွေးခဲ့ပါကြောင်း၊ ပြည်သူများအတွက် အကျိုးရှိမည်၊ ပြည်သူများ အားလုံးမျှတစွာကိုယ်စားပြုခွင့်ရမည့် စနစ်တစ်ခုဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ မည်သည့်စနစ်တွင်မဆို အားသာချက်၊ အားနည်းချက်များ ရှိပါကြောင်း။

မိမိတို့တကယ် ကြည့်ရမည်မှာ ပြည်သူအားလုံးကိုယ်စားပြုနိုင်သည့် စနစ်ဖြစ်ရန်၊ အနာဂတ်တွင် တစ်ပါတီအာဏာရှင်စနစ်မဖြစ်ရန်၊ အင်အားကြီးပြီး လွှတ်တော်တစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်သည့် စနစ်မဖြစ်ရန် အဓိကထား စဉ်းစားရမည်ဖြစ်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်ကို အမျိုးမျိုးရှိသည့်အထဲမှ မိမိတို့နိုင်ငံ တိုင်းရင်းသားများအားလုံးနှင့်ကိုက်ညီသည့်စနစ်ကို ရွေးချယ်ကျင့်သုံးပါက အမှားမရှိနိုင်ပါကြောင်း၊ ဥပဒေရေးဆွဲသည့်အခါ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်သူနှင့် သင့်တော်သည့်စနစ်ဖြစ်အောင် ဥပဒေကို ရေးဆွဲရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့ပြင် **မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်**က PR စနစ်၏ အဓိကအားနည်းချက်သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ရာတွင် မဲပေးရသည့်စနစ်ကို ကောင်းစွာနားမလည်သည့် အချက်ဖြစ်ပါကြောင်း၊ FPTP စနစ်သည် ပြည်သူလူထု၏ ထောက်ခံမှုကိုအခြေခံ၍ အင်အားစုစည်းဆောင်ရွက်ရသည့်စနစ်ဖြစ်ပါကြောင်း၊ ယနေ့တွင် ပါတီငယ်များဖြစ်သော်လည်း ပြည်သူများ၏ ထောက်ခံမှုများစွာရရှိလာပါက ပါတီကြီးများဖြစ်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် ပါတီများအနေဖြင့် ပြည်သူလူထုကို အလေးထား၍ ရှင်သန်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ပါတီကြီးများသည်လည်း တစ်ချိန်တွင် ပြည်သူကလက်မခံပါက ပါတီငယ်များဖြစ်သွားရုံမက ပျောက်ဆုံးသွားနိုင်ပါကြောင်း၊ ပါတီတစ်ရပ်ရပ်၏ အခွင့်အလမ်းကို ကိန်းဂဏန်းများအပေါ်တွင်မူတည်၍ ခွဲတမ်းချရယူခြင်းထက် ပြည်သူကို အလေးအနက်ထား၍ ပြည်သူတို့၏ထောက်ခံမှုကို ရယူဆောင်ရွက်ခြင်းသည် အသင့်တော်ဆုံးဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမန်းကံညွှန့်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန်က ရွေးကောက်ပွဲ၏ရလဒ်သည် ပြည်သူများ၏အနာဂတ်ဘဝကို ပုံဖော်ပေးနိုင်သည့်အတွက် ရွေးကောက်ပွဲကျင်းပမည့် ပါတီစုံဒီမိုကရေစီစနစ်သည်အရေးကြီးပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးရှိသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ပြီး ယခုအချိန်ကတည်းက စတင်ဆောင်ရွက်ရမည့် တာဝန်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ် ထွန်းကားနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်သည် မဲဆန္ဒရှင်များ၏ မဲများကို လေလွင့်ဆုံးရှုံးမသွားအောင်၊ ကိုယ်စားပြုမှုဆုံးရှုံးခြင်းမရှိအောင် အဓိကကာကွယ်သည့်စနစ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးရှိမည်ဆိုပါက ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ပြင်ဆင်ဖြည့်စွက်ပြောင်းလဲရန် လုပ်ပိုင်ခွင့်ရှိသည့် လွှတ်တော်များက ဆောင်ရွက်သင့်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမည်ဆိုပါက အားလုံးသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းအားလုံးက ပညာရှင်များက နိုင်ငံတော်နှင့်နိုင်ငံသားအတွက် အကျိုးရှိမည့် အစိုးရအဖွဲ့တစ်ခု ဖွဲ့စည်းနိုင်မည့် ရွေးကောက်ပွဲဥပဒေမျိုး ပြင်ဆင်ပြောင်းလဲသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား ယနေ့တွေ့ဆုံသည့် အဓိကအကြောင်းရင်းမှာ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိသောကာလအတွင်း ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များအား ဖြည့်ဆည်းရမည့် တာဝန်တို့ကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုသည့်အတွက်ကြောင့် ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာ့လူ့အဖွဲ့အစည်းအတွက် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိအောင် ဆောင်ကြဉ်းပေးခဲ့သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများရွေးချယ်တင်မြှောက်မှုကြောင့် လွှတ်တော်နှင့်အစိုးရအဖွဲ့တို့သည်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးတာဝန်ကို ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်ရန် တာဝန်ရှိလာခဲ့ပါကြောင်း။

ထိုတာဝန်၏ ပထမဆုံးအဆင့်(First Wave)အဖြစ် ရင်ဆိုင်ကျော်ဖြတ်ရသည်မှာ ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုမှ ခေတ်သစ်စနစ်သစ်တစ်ခုဖြစ်သော ပါတီစုံဒီမိုကရေစီသစ်သို့ အသွင်ကူးပြောင်းပေးခဲ့ရခြင်းဖြစ်ပါကြောင်း၊ တာဝန်ယူပြီး တစ်နှစ်ကျော်အတွင်းမှာပင် လွှတ်တော်နှင့် နိုင်ငံရေးပါတီအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ အမြော်အမြင်ကြီးမားသော ပြည်သူများ၏ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ပူးပေါင်းပါဝင်မှုတို့ကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ညင်သာချောမွေ့စွာ ပြောင်းလဲအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ မြန်မာ့နိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုအပေါ် နိုင်ငံတကာက အသိအမှတ်ပြုချီးကျူးခဲ့ကြသည့်အတွက် မိမိတို့အစိုးရ၏ စွမ်းဆောင်မှုမှတ်ကျောက်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ခဲ့ပါကြောင်း။

ညင်သာချောမွေ့သော အသွင်ကူးပြောင်းရေးကာလအတွင်းမှာပင် လွှတ်တော်နှစ်ရပ်ဖွဲ့စည်းပြင်ဆင်မှု၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ဖွဲ့စည်းပြင်ဆင်မှုစသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားရေးမဏ္ဍိုင်နှင့် ယန္တရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အချိန်ယူပြီး တည်ဆောက်ခဲ့ရပါကြောင်း၊ လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းပြင်ဆင်မှု၊ အသစ်ရေးဆွဲမှုများကိုလည်း အချိန်ယူဆောင်ရွက်ခဲ့ရာ အချို့မှာ ပြီးစီးပြီး အချို့မှာ ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များသည် ဒီမိုကရေစီခေတ်သစ်စနစ်သစ်နှင့် လိုက်လျောညီထွေရှိပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းကိုလေ့လာကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် နိုင်ငံအတွက်လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပြီးသည့်အခါ ကာလအတိုင်းအတာတစ်ခုထိ လက်တွေ့ကျင့်သုံးကြည့်ပြီး အားသာချက်၊ အားနည်းချက်များကို အချိန်ယူပြန်လည်လေ့လာသုံးသပ်ပြီးမှ အမှားအယွင်းနည်းအောင် ရေရှည်မြော်မြင်ပြီး ပြင်ဆင်ဆောင်ရွက်လေ့ရှိသည်ကို တွေ့ရှိရပါကြောင်း။

လွှတ်တော်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ဥပဒေပြုရေး တာဝန်အများအပြားကို ပြီးနိုင်သမျှ ပြီးစီးအောင် ကြိုးစားဆောင်ရွက်နေကြသည်ကို တွေ့ရှိရသကဲ့သို့ အချိန်နှင့် ဆက်လက်ပြုပြင်ဖွယ်ရာကိစ္စများ အများအပြားကျန်ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

လွှတ်တော်အတွင်း ဆွေးနွေးညှိနှိုင်းပြောဆိုခြင်း ပြီးနိုင်သည့်ဥပဒေများ ရှိသကဲ့သို့ တိုင်းရင်းသားလူမျိုးစုများအားလုံးပါဝင်အောင် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်ပြီးမှ အားလုံးပါဝင်ပြီး ဆွေးနွေးညှိနှိုင်းသင့်သော ဥပဒေများလည်းရှိသည့်အတွက် အလေးဂရုပြုရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရေးများ များပြားလှပါကြောင်း၊ **နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှု** စသည့် ပြုပြင်ပြောင်းလဲမှုတို့ကို မဟာဗျူဟာလုပ်ငန်းစဉ်များအဖြစ် ချမှတ်ပြီး **ဒုတိယအဆင့်(Second Wave) အဖြစ် အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း။** ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လွှတ်တော်၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသာမက နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများကပါ နေပြည်တော် သဘောတူညီချက် (Naypyitaw Accord) နှင့် ပူးပေါင်းလိုက်ဆောင်ရွက်လာသည်ကို အားရဖွယ်တွေ့ရှိခဲ့ရပါကြောင်း။

ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာလုပ်ငန်းစဉ် (၄)ရပ်ထဲတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် အရေးအကြီးဆုံးနှင့် အသိမ်မွေ့ဆုံးဖြစ်ပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုအတွက် နိုင်ငံရေးအခြေအနေမှာ တည်ငြိမ်မှု ဖြစ်ထွန်းတိုးတက်ရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ကြိုးစားသည့် နိုင်ငံအချို့တွင် ပြည်တွင်းပဋိပက္ခစစ်ပွဲများနှင့် ပြည်သူများ ဒုက္ခရောက်ခဲ့ကြသလို မဖြစ်ရလေအောင် မိမိတို့အစိုးရနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ပဋိပက္ခများနှင့် အကျပ်အတည်းကို အချိန်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရသည့်အတွက် အခြားနိုင်ငံထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်ကို မိမိတို့အားလုံး သင်ခန်းစာရကြပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို နိုင်ငံရေးပါတီများ၊ တပ်မတော်၊ နိုင်ငံရေးအင်အားစုများ အချင်းချင်းအကြား ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများကို ရှောင်ရှား၍ ဆွေးနွေးညှိနှိုင်းမှုဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးမှုများအတွက် လိုအပ်သော လမ်းပြမြေပုံနှင့် ဆွေးနွေးပွဲဆိုင်ရာ မူဘောင်များ ရေးဆွဲရေး ... အခြေခံ [illegible]

- လယ်ယာသီးနှံများ အထွက်ကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေး အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း။
- မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော မွေးမြူရေး အစာ စိုက်ပျိုးထုတ်လုပ်ပြီး သားငါးမွေးမြူထုတ်လုပ်မှုမြှင့်တင်လျက် ပြည်တွင်းကုန်စျေးနှုန်း ကျဆင်းရေးအတွက်သာမက ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေးအတွက်ပါ မြှင့်တင်ဆောင်ရွက်ခြင်း။
- ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သော အရင်းအနှီးနှင့် နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့အတွက် ဌာနအဖွဲ့အစည်းများ၊ သမဝါယမအစုအဖွဲ့များနှင့် အသေးစားငွေချေးလုပ်ငန်းများက ကုန်သည်၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဒေသတစ်ခုချင်း၊ မြို့နယ်တစ်ခုချင်း သိသိသာသာ တိုးတက်ဖြည့်ဆည်းဆောင်ရွက်နိုင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန်။

လျက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင် (Framework on Economic and Social Reform) နှင့်အညီ ဘဏ္ဍာရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲရေး၊ ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ ပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။ ယင်းလုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းအားလုံး၏ ဗဟိုချက်မသဖွယ်ဖြစ်ပြီး ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခဝင်ငွေရရှိရေးတို့နှင့်ပါ ဆက်စပ်နေခြင်းကြောင့် တာဝန်ရှိသော ဌာနအဖွဲ့အစည်းများက ယခုထက် ပိုမိုအဆင်ပြေချောမွေ့အောင် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ အခက်အခဲမရှိဘဲ စိတ်ကျေနပ်မှုရသည်အထိ စေတနာအပြည့်အဝဖြင့် မြန်မြန်ဆန်ဆန် ကြိုးစားအကောင်အထည်ဖော်ကြစေလိုပါကြောင်း။

မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်တွင် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုသည် အနာဂတ်တွင် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အဆင့်ထိ ရောက်ရှိလာရေးနှင့် e-government စနစ်ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ဌာနတိုင်းက လ ၂၀ အစီအမံရေးဆွဲပြီး လက်တွေ့ချိတ်ဆက်အသုံးပြုနိုင်သည်အထိ ဝန်ထမ်းများကိုပါ ဖွဲ့စည်းလေ့ကျင့်ပြီး တစိုက်မတ်မတ် တိုးတက်ရေးစီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံ၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ လျင်မြန်ချောမွေ့လာမည်ဖြစ်ပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်ကို အဓိကထားပြီး ဖြည့်ဆည်းနိုင်ရန် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့ရာတွင် လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေးတို့ကို အထိုက်အလျောက် တိုးတက်ဖြည့်ဆည်းပေးနိုင်ခဲ့ပြီးဖြစ်သော်လည်း ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ရန် ကျန်ရှိသော မြို့ရွာများကို ဦးစားပေးအစီအစဉ်အလိုက် ဖြည့်ဆည်းသွားနိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ အကောင်အထည်ဖော်သွားကြရန် မှာကြားလိုပါကြောင်း။

ကျေးလက်နေပြည်သူများနှင့် မြို့ပြရှိဆင်းရဲသူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များ** ချမှတ်ဆောင်ရွက်ရာတွင်-

- **လယ်ယာသီးနှံများ အထွက်ကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေး အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း။**
- **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော မွေးမြူရေးအစာစိုက်ပျိုးထုတ်လုပ်ပြီး သားငါးမွေးမြူထုတ်လုပ်မှုမြှင့်တင်လျက် ပြည်တွင်းကုန်စျေးနှုန်း ကျဆင်းရေးအတွက်သာမက ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေးအတွက်ပါ မြှင့်တင်ဆောင်ရွက်ခြင်း။**
- **ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သော အရင်းအနှီးနှင့် နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့အတွက် ဌာနအဖွဲ့အစည်းများ၊ သမဝါယမအစုအဖွဲ့များနှင့် အသေးစားငွေချေးလုပ်ငန်းများက ကုန်သည်၊ လုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ဒေသတစ်ခုချင်း၊ မြို့နယ်တစ်ခုချင်း သိသိသာသာ တိုးတက်ဖြည့်ဆည်းဆောင်ရွက်နိုင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန်** တိုက်တွန်းပြောကြားလိုပါကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ အစရှိသည့် ပြည်သူများ၏ **အလုပ်အကိုင် အခွင့်အလမ်းဖန်တီးနိုင်ရေး**အတွက် တိုးချဲ့မြှင့်တင်ရမည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ မှန်ကန်သော ကုန်သွယ်ရေးမူဝါဒ၊ တာဝန်ယူသည့် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ပြည်သူ့ဘဝ အနာဂတ်အာမခံမှုရှိသော အိမ်ရာစီမံကိန်းများ၊ သွားလာမှုလွယ်ကူရေးအတွက် ပို့ဆောင်ရေးအစီအမံများကို အလေးအနက်ထား အကောင်အထည်ဖော်သွားကြရန် ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်သော်လည်း အချို့ဌာနများသည် သိသာစွာ တိုးတက်ပြောင်းလဲကောင်းမွန်လာပြီး အချို့ဌာနများတွင် ရှေးယခင်လုပ်နည်းလုပ်ဟန်အတိုင်း ဆက်လက်လုပ်ဆောင်နေခြင်း၊ စွမ်းဆောင်မှုအရည်အချင်း ကျဆင်းနေခြင်းတို့ကြောင့် အောက်ခြေအထိ ပြန်လည်ကွင်းဆင်းလေ့လာသုံးသပ်ပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် (Capacity Building)တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့်တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းတို့ဖြင့် အုပ်ချုပ်ရေးယန္တရားစွမ်းဆောင်ရည် မြင့်မားတိုးတက်အောင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများက မိမိတို့ကိုယ်တိုင်အရည်အသွေးမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် တစ်ဖက်ကကြိုးစားရင်း တစ်ဖက်ကလည်း အောက်ခြေအဆင့်ဆင့်အပေါ် ခေါင်းဆောင်မှုကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်အနေဖြင့်လည်း လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေး အရေးယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ပေးအပ်ထားသော တာဝန်များကို လွတ်လပ်စွာရပ်တည်ပြီး ပီပြင်စွာဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံခန့်ခွဲမှု ပိုင်းခြားခွဲဝေဆောင်ရွက်နိုင်ရေးသည် အုပ်ချုပ်မှုယန္တရားတိုးတက်ကောင်းမွန်ရေးအတွက် အဓိကကျပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများက မူဝါဒနှင့်ဥပဒေမူဘောင်ကို အဓိကထားစီမံပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက လက်တွေ့မြေပြင်တွင် လုပ်ငန်းများ အောင်မြင်အောင် စီမံခန့်ခွဲလမ်းညွှန်ကြီးကြပ် စစ်ဆေးဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization) ကို ပီပီပြင်ပြင်ဖြစ်အောင် ခွဲဝေပိုင်းခြားဆောင်ရွက်ကြရန် အလေးထား မှာကြားလိုပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား လုပ်ငန်းများ ခွဲဝေပိုင်းခြားဆောင်ရွက်နိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား(၁)နှင့် ပုဒ်မ ၁၈၈ ဇယား(၂) တို့ကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သော ဥပဒေပြင်ဆင်ဖြည့်စွက်မှုနှင့် အသစ်ရေးဆွဲမှု၊ နည်းဥပဒေရေးဆွဲမှုတို့ကို လွှတ်တော်သို့ ဥပဒေကြမ်းအမြန်ဆုံးပေးပို့နိုင်ရန် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

အခြေခံကျသော မြို့နယ်အဆင့်များတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများပူးပေါင်းပါဝင်သော စီမံအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူများ၏ ဆန္ဒနှင့်အမြင်ကို ရယူပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလာနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သို့ရာတွင် အချို့မြို့နယ်ဒေသများတွင် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှုအားနည်းနေခြင်းများကို ပြုပြင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျပါကြောင်း၊ **နိုင်ငံ၏ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍကဖြစ်ပြီး ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်သော ကဏ္ဍဖြစ်သည့်အတွက် အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများကို လုပ်သာကိုင်သာရှိအောင် ဖြေလျှော့ပေးခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်း၊ ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေးနှင့် ကုန်စည်ဈေးကွက်ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် ကျွမ်းကျင်မှုနည်းပညာများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ လျှပ်စစ်အပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းခြင်း**စသော လုပ်ငန်းစဉ်များကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မိမိတို့အစိုးရအတွက် **တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု** (Third Wave) အဖြစ် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရန် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်မည့်အပိုင်းနှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်း နှစ်ပိုင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရေရှည်အတွက် အခြေခံအုတ်မြစ်ချမှတ်ပေးရမည့်အပိုင်းတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးကို ထိရောက်အောင် ဆောင်ရွက်ပြီး ဒီမိုကရေစီအလေ့အကျင့်ရင့်သန်မှုဖြင့် ဒီမိုကရေစီနိုင်ငံအသွင်ကူးပြောင်းမှုချောမွေ့အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် လူမှုစီးပွားရေးတိုးတက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လူမှုစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan)နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများက ကဏ္ဍအလိုက် လက်တွေ့ကျကျ အကောင်အထည်ဖော်ရမည့် အစီအမံများကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ကဏ္ဍများစွာရှိသည့်အနက် အဓိကကဏ္ဍကြီးနှစ်ခုမှာ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံ**ပြုလုပ်ခြင်းနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို နောင်သားစဉ်မြေးဆက် စဉ်ဆက်မပြတ်သုံးစွဲနိုင်သော သယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲခြင်းတို့ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့သည် အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် မူကြိုအဆင့်မှ အဆင့်မြင့်ပညာရေးအထိ အရည်အသွေး၊ အရည်အချင်း မြင့်မားအောင်မြှင့်တင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်နိုင်မှသာ ခေတ်သစ်၏ပညာအခြေပြု စီးပွားရေးနယ်ပယ်တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍကို လာမယ့်နှစ်တွင်လည်း ဘဏ္ဍာငွေကြေးပိုမိုခွဲဝေသုံးစွဲပြီး အရှိန်အဟုန်နှင့် မြှင့်တင်မည်ဖြစ်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အဓိကစွမ်းဆောင်မည့် ပုဂ္ဂိုလ်များဖြစ်ကြသော ဆရာများ၊ ကျောင်းသားများ၊ မိဘများ၊ ပညာရှင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ နီးနီးကပ်ကပ်ညှိနှိုင်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ပြည်သူများအနေဖြင့် အရေးကြုံလျှင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ ငွေကုန်ကြေးကျခံပြီး သွားရောက်ကုသနေရသည့် ဝန်ထုပ်ဝန်ပိုးလျှော့ချနိုင်အောင် **တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများတွင် ရန်ကုန်နှင့် မန္တလေးကဲ့သို့ အထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံသုံးခေတ်မီ စက်ကိရိယာဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်များအတွက် ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့် ကျေးလက်နေပြည်သူများ အတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဖြည့်ဆည်းနိုင်ရေး စီမံသွားမည်ဖြစ်ပါကြောင်း၊** ထို့ကြောင့် ပြည်သူများ၏ မြေပြင်လိုအပ်ချက်ကိုသိရှိသော တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ကျန်းမာရေးဝန်ထမ်း၊ ဆေးရုံသုံး ကိရိယာ၊ ဆေးဝါးလိုအပ်ချက်ဖြည့်ဆည်းပေးမည့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဒေသအလိုက် ကွင်းဆင်းတွက်ချက်ပြီး ပြည်သူ့ဘဏ္ဍာများကို အကျိုးရှိထိရောက်အောင် လိုအပ်သောနေရာတွင် လိုအပ်သလိုမြှင့်တင်သုံးစွဲသွားရေး ညှိနှိုင်းစီမံသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

မကြာမီ ကောက်ယူပြီးစီးခဲ့သော သန်းခေါင်စာရင်းတွင် ပြည်သူတို့၏ လူမှုစီးပွားဆိုင်ရာ အကြောင်းအရာများရရှိမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနနှင့် ကဏ္ဍအလိုက် လူမှုစီးပွားညွှန်းကိန်းများ တိုးတက်မှုရှိ/မရှိနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လိုအပ်ချက်များကို အစီအမံရေးဆွဲပြီး တိုးတက်မှုရှိအောင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများက အာရုံစူးစိုက် လေ့လာသုံးသပ်ပြီး တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်ထဲတွင် အဓိကအကျဆုံးဖြစ်သော အလုပ်လက်မဲ့စာရင်းများကောက်ယူပြီး အလုပ်အကိုင်နှင့် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရေးလည်း စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊ အလုပ်သမား၊ အလုပ်ရှင် သဟဇာတဖြစ်ရေး ညှိနှိုင်းဖြေရှင်းမှုတို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် လူမှုရေးအကာအကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ကော်မရှင်/အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ဌာနများက ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ တိုးချဲ့လုပ်ကိုင်နိုင်အောင် ကြိုးနီစနစ်များလျှော့ချပြီး ကမ္ဘာ့ဘဏ် IFC ၏ Doing Business Report တွင် ဖော်ပြပါရှိသည့်အတိုင်း အချိန်ကြန့်ကြာနှောင့်နှေးမှုမရှိရေး၊ မလိုအပ်သော ငွေကုန်ကြေးကျမရှိရေး၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းရေးတို့အတွက် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ လွယ်ကူအဆင်ပြေချောမွေ့စွာ တိုးချဲ့လုပ်ဆောင်လာနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် **ကုန်စည်အဝင်/အထွက် ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ပြည်သူများနှင့် အများဆုံးထိတွေ့နေရသော ရုံးဌာနအသီးသီးနှင့် စည်ပင်သာယာအဖွဲ့အစည်းများတွင် ပြည်သူများ မနှစ်မြို့မလိုလားသော ဆက်ဆံဆောင်ရွက်မှုများ ရှိနေခြင်းအပေါ် တာဝန်ရှိသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မသိကျိုးကျွံမနေဘဲ ပြည်သူများ ကျေနပ်မှု၊ ယုံကြည်မှုရှိလာသည်အထိ ဝန်ဆောင်မှုများ လျင်မြန်တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။**

သဘာဝသယံဇာတ အရင်းအမြစ်များကို နောင်သားစဉ်မြေးဆက် စဉ်ဆက်မပြတ် သုံးစွဲနိုင်အောင် သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲရာတွင် ရေရှည်ဆောင်ရွက်ရမည့် မြေသယံဇာတစီမံခန့်ခွဲမှု၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ စွမ်းအင်စီမံခန့်ခွဲမှု၊ သစ်တောသယံဇာတစီမံခန့်ခွဲမှု၊ သတ္တု၊ ကျောက်မျက် သယံဇာတ စီမံခန့်ခွဲမှုတို့ကို သက်ဆိုင်ရာကော်မတီများနှင့် ဌာနဆိုင်ရာများက ပညာရှင်များနှင့် ညှိနှိုင်းပြီး ဒေသ/မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်အညီ အစီအမံများ ရေးဆွဲချမှတ်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ခွင့်ပြုသော်လည်း တာဝန်သိမှု၊ တာဝန်ယူမှုရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား မထိခိုက်အောင် စိစစ်ခွင့်ပြုကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် မြေယာအသုံးချမှုမူဝါဒနှင့် မြေအသုံးချမှု စီမံခန့်ခွဲရေးအတွက် ပြည်တွင်းပြည်ပပညာရှင်များ၊ Stake-holder များ ညှိနှိုင်းရေးဆွဲပြီး တိုးတက်လာသောလူဦးရေနှင့် မြေမဲ့ယာမဲ့ပြည်သူများအတွက် သစ်တောမြေ၊ မြေလွတ်မြေရိုင်းနှင့် ရွာမြေအခင်းအကျင်းများပြင်ဆင်စီမံချထားရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သောက်သုံးရေရှားပါးလာမှုအပေါ် သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေးအတွက် သစ်တောပြုစုပျိုးထောင်မှုအစီအမံများကို ဥပဒေနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောမြေအဖြစ်မှ စွန့်လွှတ်လျက် ကျေးရွာပေါင်း ၁၂၁၃ ရွာကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုချထားပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ မြေလွတ်မြေရိုင်းများကို စိစစ်ပြီး ဥပဒေနှင့်အညီ ဒေသခံပြည်သူများ၏လိုအပ်ချက်နှင့်အညီ မြေယာအခင်းအကျင်းများ စီမံဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဥပဒေမဲ့ကျူးကျော်မှုများကို ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သူ မြေမဲ့ယာမဲ့များအတွက် မြေယာချထားပေးခြင်းတို့ကို မမှန်မကန်ပြုလုပ်မှုများ မပါဝင်ရအောင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့က စိစစ်ဆောင်ရွက်ပေးသွားကြရန်ဖြစ်ပါကြောင်း၊ သို့မှသာ မြေမဲ့ယာမဲ့များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမှာဖြစ်သလို ဝင်ငွေများလည်း တိုးတက်ရရှိပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာမှာ အထောက်အကူပြုမှာဖြစ်ပါကြောင်း။

အထက်ကမှာကြားခဲ့သည့် ဆောင်ရွက်ရန်အချက်များမှာ မိမိတို့အစိုးရ၏ ပြုပြင်ပြောင်းလဲရေးမူဝါဒဖြစ်သော ပြည်သူအားလုံး၏ ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိက ဦးတည်အကောင်အထည်ဖော်နေခြင်းဖြစ်သည့်အတွက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီအားသွန်ခွန်စိုက် တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်အောင် ကူညီ

နေပြည်တော် ဇွန် ၁၀

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင်ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အစိုးရသစ်တာဝန်ယူခဲ့သည့်အချိန်မှစပြီး ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့မှုပေါင်း မြောက်မြားစွာကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်/ပြောင်းလဲပေးခဲ့ကြောင်း၊ ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းအမယ်များကိုလည်း တင်ပို့/တင်သွင်းခွင့်များ ပြုလုပ်ပေးခဲ့ကြောင်း၊ ဖြေလျှော့မှုအပေါ် အခွင့်ကောင်းယူ၍ တရားမဝင်ဆောင်ရွက်မှုများ ပိုမိုများပြားလာသည့်အတွက် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဆောင်ရွက်ခဲ့ကြောင်း၊ Mobile Team များဖြင့် ဆောင်ရွက်မှုများကြောင့် တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာသည့် ကုန်သည်လုပ်ငန်းရှင်များရှိသကဲ့သို့ တရားမဝင်လမ်းကြောင်း၌ ဆက်လုပ်နေသည့် ကုန်သည်လုပ်ငန်းရှင်များလည်းရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများသည် အခွန်ရှောင်တိမ်းခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ အခွန်များ ပိုမိုတိုးတက် ရရှိမှသာ တိုင်းပြည်အတွက် လိုအပ်နေသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကာလများတွင် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ အပင်ပန်းအဆင်းရဲခံ၍ လိုက်ပါဆောင်ရွက်ကြသော သတင်းမီဒီယာအဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် OSS ထုတ်နုတ်အင်အားဖြင့် စခန်းပတ်ဝန်းကျင်တွင် Mobile Team အဖွဲ့ဖြင့် အောင်မြင်စွာဆောင်ရွက်ခဲ့သော သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များအား ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွန့်လွှတ်မြေယာများ မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်

ရေတာရှည် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း စွန့်လွှတ်လယ်ယာမြေများ မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်း ပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က လယ်ယာမြေများ သိမ်းဆည်းမှု၊ စွန့်လွှတ်လယ်ယာမြေများကို လုပ်ကိုင်သည့် တောင်သူများအား ပြန်လည်လွှဲပြောင်းပေးခြင်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြန်လည်စွန့်လွှတ်မြေများဆိုင်ရာ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားချက် ၁/၆၄ နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လက်ငုတ်တည်မြဲမှု၊ စနစ်အကျဆုံး၊ ဖြေရှင်းရမှုအနည်းဆုံးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေရှုထောင့်ကနေ ဘက်စုံစဉ်းစား၍ လျင်မြန်စွာဆောင်ရွက်ပေးခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးစိုးစိုးထွန်းက မြေယာနှင့်ပတ်သက်သည့် ဥပဒေများကိုလည်းကောင်း၊ မြေယာလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ သိသင့်သောအကြောင်းအရာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာမင်းလမ်းကျေးရွာအုပ်စု၊ ကွမ်းအုံကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာအုပ်စု၊ ကုန်းကြီးကျေးရွာအုပ်စုများရှိ လယ်ယာမြေဧက ၁၈၃၀ အနက် ကျေးရွာမြေ ၆၂ ဒသမ ၄ ဧကနှင့် တောင်သူများအား ပြန်လည်လွှဲပြောင်းသည့် မြေဧက ၁၀၂၂ ဒသမ ၄၆ ဧကကို ယာယီလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ (၃)အား တက်ရောက်လာသည့် တောင်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

■ **ကျောဖုံးမှ**

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေသို့ ဇူလိုင်လအတွင်း သွားရောက်လည်ပတ်ရန် စီစဉ်လျက်ရှိပြီး ယင်းခရီးစဉ်အတွင်း ပြိုင်ပွဲအကြိုလေ့ကျင့်မှုများကို ပြုလုပ်သွားရန်စီစဉ်ထားကြောင်း၊ ဆန်ခါတင်အလှမယ် ၂၀ ကို ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည့် နောက်ဆုံးပြိုင်ပွဲ၌ အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကို Miss Grand International Co., Ltd. နှင့် Holiday Television Co., Ltd. တို့မှ ဥက္ကဋ္ဌ Mr. Nawat Itsaragrisil မှ ဦးစီးလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသော Miss Universe Myanmar 2014 အား Miss Universe ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်သည့် ပံ့ပိုးမှုများကို Miss Universe Myanmar Organization နှင့်အတူ John Robert Power Myanmar အဖွဲ့တို့က ပူးပေါင်းပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်အတွက် Miss Universe Myanmar Mobile Application ကိုလည်း Free Download လုပ်၍ အသုံးပြုနိုင်ရန်စီစဉ်ထားပုံကိုလည်း ရှင်းလင်းပြောကြားသွားသည်။

Miss Universe Myanmar 2014 ပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် Miss Universe Myanmar 2014 အား ကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ကျန်ဆုအသီးသီးတို့ကိုလည်း ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

● **ကံကောင်းခြင်းရတနာမှ**

လစာ၏နှစ်ဆ၊တစ်နှစ်မှ နှစ်နှစ်အတွင်း လုပ်သက်ရှိသူများအား လစာ၏ သုံးဆ၊ နှစ်နှစ်မှ သုံးနှစ်အတွင်း လုပ်သက်ရှိသူများအား လစာ၏ လေးဆ၊ သုံးနှစ်အထက် လုပ်သက်ရှိသူများအား လစာ၏ ငါးဆပေးအပ်ရာ အလုပ်သမားတစ်ဦးလျှင် အလုပ်ထုတ်နစ်နာကြေးအဖြစ် အနည်းဆုံး နှစ်သိန်းဝန်းကျင်မှ အများဆုံး ၁၀ သိန်းကျော်အထိ ရရှိကြောင်း သိရသည်။

အလုပ်သမားများအား လုပ်ခလစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့်အလုပ်ထုတ်နစ်နာကြေးများကို ဇွန် ၇ ရက်တွင် ခုနစ်ဦး၊ ဇွန် ၈ ရက်တွင် ၈၈ ဦး၊ ဇွန် ၉ ရက် ည ၁၂ နာရီအထိ ထုတ်ပေးရာတွင် ၄၃၀ ကျော်နှင့် ကျန်ရှိနေသော အလုပ်သမားများအား ဇွန် ၁၀ ရက်တွင် ဆက်လက်ထုတ်ပေးခဲ့ရာ အလုပ်သမားစုစုပေါင်း ၅၀၀ ကျော် ထုတ်ပေးခဲ့ကြောင်းသိရသည်။

ဆန္ဒပြအလုပ်သမားများအား မိမိတို့နေရပ်ပြန်နိုင်ရေးအတွက် တာဝန်ရှိသူများက ပြန်လိုသော ကားဂိတ်၊ မီးရထားဘူတာရုံများသို့အရောက် ကားများဖြင့်ပို့ဆောင်ပေးခဲ့ကာ အေးချမ်းစွာ လူစုခွဲခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ဂျာမနီနှင့် အင်္ဂလန်တွင် လေ့ကျင့်ရန် မြန်မာယူ – ၁၉ အသင်း ဇွန် ၂၉ ရက်တွင် ထွက်ခွာမည်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် ဇွန် ၁၀

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသော မြန်မာယူ-၁၉ အသင်းမှာ ဥရောပဘောလုံးအင်အားကြီးနိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် လေ့ကျင့်မှုများ ပြုလုပ်ရန် ဇွန် ၂၉ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ဇွန် ၂၉ ရက်မှ ဇူလိုင် ၂၅ ရက်အထိ နှစ်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၁၉အသင်းမှာ လက်ရှိတွင် ပဏာမလက်ရွေးစင်ကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်နေပြီး ယင်းကစားသမားများထဲတွင် AFC Challenge Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သော ကျော်မင်းဦးနှင့် ငြိမ်းချမ်းအောင်၊ လက်ရှိ MNL တွင် ခြေစွမ်းပြနေသည့် နန္ဒကျော်၊ မောင်မောင်စိုး၊ အောင်သူနှင့် ရှိုင်းသူရတို့ ပါဝင်လျက်ရှိသည်။

အောက်တိုဘာလအတွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၉ အသင်းမှာ အဓိကပြင်ဆင်နေခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ အာဆီယံယူ-၁၉ ပြိုင်ပွဲအပါအဝင် အခြားနိုင်ငံတကာပြိုင်ပွဲများကိုလည်း ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း(Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း(Over heating or Over Loading)နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲခြင်းမှ အပူနှင့်မီးပွားများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီ ကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer)အတင်အချ သတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ(Safe Guard)ချွတ်ယွင်းပါက အလိုအလျောက်(Auto)ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မီးသတ်ဦးစီးဌာန)

ထိခိုက်ဒဏ်ရာရရှိသူအား အလှူငွေပေးအပ်

ပဲခူး ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး၊ ဥက္ကဋ္ဌ ဒေါ်မေသူနှင့် အဖွဲ့ဝင်များသည် ဇွန် ၂ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ပတ္တမြားနှစ်ထပ်ကျောင်းဆောင် အပေါ်ထပ်ကော်ရစ်တာ ပြုတ်ကျသဖြင့် ခါးဆစ်ရိုးထိခိုက်မှုကြောင့် ဆေးကုသမှုခံယူနေသော အဋ္ဌမတန်းကျောင်းသူ မသဲပုံချစ်အား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အလှူငွေကျပ် ငါးသိန်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ပဲခူးသား

ညောင်လေးပင်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ညောင်လေးပင် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင်စိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြောင်းအရာများကို ဟောပြောသည်။

ယင်းနောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြု ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ များ၊ မြို့နယ်သစ်တောဦးစီးဌာနရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ ယူကလစ်၊ အော်ရေးရှား၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်း စုစုပေါင်းပျိုးပင် ၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၆၉၂)

ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဖွဲ့စည်း

ညောင်တုန်း ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း(တိုးချဲ့)ဖွဲ့စည်းခြင်းကို ဇွန် ၆ ရက် နံနက်က ရန်ကင်းစံရာကျေးရွာအုပ်စု သပြုဝါးတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးဦးစန်းမြင့်က ပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် (MICROFINANCE) လုပ်ငန်းဖြင့် သမဝါယမအသင်းများ အောင်မြင်အောင် ဆောင်ရွက်ရန် ၂၀၁၅ ခုနှစ်တွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ကို ရောက်ရှိရေး၊ သမဝါယမအသင်းအား အဆင့်မြှင့်တင်ရေးလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးခြင်းစသည့် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေးသမဝါယမအသင်းများကို တိုးချဲ့ဖွဲ့စည်းရခြင်း ဖြစ်ကြောင်း ပြောကြားပြီး အသင်းဝင် ၆၅ ဦးပါသော (တိုးတက်အောင်)ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းကို ဖွဲ့စည်းလိုက်သည်။

မြို့နယ်သမဝါယမအသင်းအနေဖြင့် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ၅၄ သင်းအား ကျပ်သိန်း ၆၉၃၀ ထုတ်ချေးပြီးဖြစ်၍ ၂၀၁၄ ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် အသင်းပေါင်း ၆၁ သင်းအား ကျပ် ၄၀၈၇ သိန်းထုတ်ချေးရန်စီစဉ်ထားပြီးဖြစ်သည်။ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ကျန်ရှိသော ကျေးရွာတောင်သူများအား ချေးငွေများရရှိရေးအတွက် စိုက်/ထွေ အသင်းများကို ဆက်လက်တိုးချဲ့ဖွဲ့စည်းသွားရန် ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးမှူးဦးစန်းမြင့်ထံမှသိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်း ပြည်နယ်စိုက်ပျိုးရေးရုံးရှေ့၌ လမ်းမကြီး၏ အလယ်ယာဉ်ကြောအထိတက်ပြီး ရပ်နားထားသော စည်းကမ်းမဲ့မော်တော်ယာဉ် (SHN 6F/---) တစ်စီးကို ဇွန် ၁၀ ရက် နံနက် ၁၁ နာရီခွဲက ယခုလို တွေ့ရစဉ်။

KZLM (တောင်ကြီး)

MAY YOE YAR တံဆိပ်အမည်အမှတ်အသားမှာ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန် ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် (၁၄၀) နေ ဒေါ်နှင်းအိမျိုး [၁၂/သဃက(နိုင်)၁၅၅၈၀၇]၊ ဒေါ်ခင်မေထက်[၁၂/သဃက(နိုင်)၁၅၅၈၄၈]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်၊

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်နှင်းအိမျိုးနှင့် ဒေါ်ခင်မေထက်တို့က အောက်ဖော်ပြပါ **MAY YOE YAR** တံဆိပ်အမှတ်အသားဖြစ် မိန်းမဝတ်၊ ယောက်ျားဝတ်၊ ကလေးဝတ် အင်္ကျီအမျိုးမျိုးတို့ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် မြန်မာပြည်တစ်ပြည်လုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချခွင့်ရှိသူအဖြစ် မှတ်ပုံတင်စာချုပ်အမှတ်-၆၈၉၀/၂၀၁၄ နှင့် ၄-၆-၂၀၁၄ ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။



မှတ်ပုံတင်စာချုပ်အမှတ်-၆၈၉၀/၂၀၁၄

ဖော်ပြပါ **MAY YOE YAR** တံဆိပ်အမည်အမှတ်အသားဖြင့် မိန်းမဝတ်၊ ယောက်ျားဝတ်၊ ကလေးဝတ်အင်္ကျီအမျိုးမျိုးတို့ကို ထုတ်လုပ်ရောင်းချမည်ဖြစ်ပြီး၊ ထိုအထည်အင်္ကျီအမျိုးမျိုးတို့အား ထည့်သွင်း အသုံးပြုရန် စက္ကူဘူး၊ စက္ကူထုပ်၊ ပါဆယ်ထုပ်၊ ပလတ်စတစ်အိတ်အမျိုးမျိုးတို့တွင် ယင်းတံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုးတို့ပြုလုပ်ပြီး ဆိုခဲ့သည့် အင်္ကျီအမျိုးမျိုးပေါ်တွင် ကပ်နှိပ်ရောင်းချ သွားမည်ဖြစ်ရာ **MAY YOE YAR** အမည်အမှတ်အသားကို မိမိတို့မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများမှဖြစ်စေ ထင်ယောင်ထင်မှားဖြင့် **MAY YOE YAR** အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် ယင်းသို့ပြုလုပ်သည့် **MAY YOE YAR** အင်္ကျီများအား လိမ်လည်ရောင်းချခြင်း မပြုလုပ်ကြပါရန်နှင့် ယင်းသို့လုပ်ဆောင်လာပါက ကျွန်ုပ်တို့မိတ်ဆွေများ၏လုပ်ငန်းအကျိုးစီးပွားနှင့် နစ်နာမှုအဝဝတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး မည်သည့်တရားရုံးတွင်မဆို၊ မည်သည့်ရဲစခန်းတွင်မဆို တည်ဆဲဥပဒေနှင့်အညီပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး **(B.A ., R.L,)** ဒေါ်ဆွေဆွေညွန့်**(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)
ဒေါ်ဆုမြတ်မွန်(စဉ်-၂၅၇၇၆) ဒေါ်ခင်ကြည်မွန်(စဉ်-၂၇၃၈၆) ဒေါ်အေးခိုင်ဇင်(စဉ်-၃၀၈၁၁)
အထက်တန်းရှေ့နေများ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

ကချင်ပြည်နယ်လွှတ်တော်ရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်လွှတ်တော်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ် (၆)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Four Weel Double cab	(၃)စီး
(ခ) Mini Bus (၂၉) ဦးဆံ့	(၁)စီး
(ဂ) Grand Carvan/Hiace (၁၅)ဦးဆံ့	(၁)စီး
(ဃ) Grand Carvan/Hiace (၈)ဦးဆံ့	(၁)စီး

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၁-၆-၂၀၁၄ရက်မှ စတင်၍ ရုံးချိန်အတွင်း ရောင်းချပေး မည်ဖြစ်ပြီး ၁၀-၇-၂၀၁၄ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်လွှတ်တော်ရုံး တွင်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ်လွှတ်တော်ရုံး၊ ဖုန်းနံပါတ် (၀၇၄-၂၉၅၄၃၊ ၀၇၄-၂၂၇၄၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်လွှတ်တော်ရုံး
မြစ်ကြီးနားမြို့

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ပြည်တွင်းရေးရာ

မိတ္ထီလာမြောက်ကန်ရေ သိသိသာသာလျော့နည်းလာပြီး ငါးဖမ်းသူများ နေ့စဉ်များပြားလျက်ရှိ

မိတ္ထီလာ ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် တည်ရှိသည့် မိတ္ထီလာကန်သည် သမိုင်းဝင်ကန်ကြီးဖြစ်ပြီး တောင်ကန်နှင့် မြောက်ကန်ဟူ၍ မီးရထားလမ်းဖြင့် နှစ်ပိုင်းခွဲခြားထားသည်။ မီးရထားလမ်းတောင်ဘက်ပိုင်းသည် တောင်ကန်ဖြစ်ပြီး မြောက်ဘက်ပိုင်းသည် မြောက်ကန်ဖြစ်သည်။

ယခုအခါ မိုးရွာသွန်းမှုမရှိခြင်း၊ ရာသီဥတုပူပြင်းခြင်း စသည့် အကြောင်းများကြောင့် မိတ္ထီလာမြောက်ကန်ရေသည် တစ်နေ့တခြား သိသိသာသာ လျော့နည်းလာပြီး ကန်ထဲတွင် ငါးဖမ်းသူများ နေ့စဉ်များပြားလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြောက်ကန်သည် မေ၊ ဇွန်၊ ဇူလိုင်လဆန်းပိုင်းတွင် နှစ်စဉ် ကန်ရေခန်းခြောက်လေ့ရှိပြီး ဩဂုတ်၊ စက်တင်ဘာလများတွင် ကန်ရေပြန်လည်မြင့်တက်လာလေ့ရှိသည်။ မိတ္ထီလာကန်ရေသည် မုန်တိုင်ကျေးရွာအနီး မုန်တိုင်ဆည်မှ ဆည်ရေပို့လွှတ်ခြင်းနှင့် မိုးရွာသွန်းမှုမှ ကန်ရေကိုရရှိပြီး ကန်ရေကို ဒေသခံပြည်သူများက သောက်သုံးရေနှင့် စိုက်ပျိုးရေအဖြစ် အသုံးပြုခဲ့ကြသော်လည်း နှစ်ပေါင်း ကြာမြင့်သည်နှင့်အမျှ ကန်ရေ၏ အရည်အသွေးနိမ့်ကျလာမှုကြောင့် သောက်သုံးရေအဖြစ် အသုံးပြုခြင်းမရှိပေ။ ယခုအခါ မိတ္ထီလာကန်ရေကို ခေတ်မီရေသန့်စက်ကြီးများဖြင့် ပြန်လည်သန့်စင်ကာ ဒေသခံပြည်သူများကို ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေများ ပေးဝေနိုင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာကန်သည် သမိုင်းဝင်ကန်ဖြစ်ခြင်းကြောင့် မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တောင်ကန်၊ မြောက်ကန်ပတ်လမ်းများတွင် သံဆန်ခါများကာရံခြင်း၊ သံဆန်ခါများတွင် ရေမချိုးရ၊ ငါးမဖမ်းရ၊ အမှိုက်မပုံရ စသည်ဖြင့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားသော်လည်း ကန်အတွင်းရေချိုးခြင်းမှအပ မြောက်ကန် ကန်ပတ်လမ်းအနီးတွင် အမှိုက်ပုံခြင်း၊ အပေါ့အပါးစွန့်ခြင်း စသည်တို့အပြင် ကန်အတွင်း၌ ငါးဖမ်းသူများမှာလည်း နေ့စဉ်များပြားလျက်ရှိသည်။ **(အပေါ်ပုံ)** ငါးဖမ်းသူများမှာ သာမန်ငါးပိုက်ကွန်ပစ်၍ ဖမ်းခြင်း၊ မြုံးထောင်၍ ဖမ်းခြင်းများအပြင် လျှပ်စစ်ဘက်ထရီ ရှော့ခ်တိုက်၍ ဖမ်းခြင်းများ ပြုလုပ်လျက်ရှိရာ ကန်အတွင်း ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်နိုင်သည်အထိ ဖြစ်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်နှင့် မိတ္ထီလာကန်အား ချစ်မြတ်နိုးသူ ဒေသခံများက မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကန်အတွင်းမှ ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **(၅၇၉)**

အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်းပေါ်ရောက်ရှိ တိမ်းမှောက်

နေပြည်တော် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၁၀၅/၃-၄) ကြားတွင် ဇွန် ၇ ရက် နံနက် ၇ နာရီခွဲက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ နိုင်လင်း(၃၃)နှစ် မောင်းနှင်လာသော ၉ယ/--- ဟိုင်းလပ်SURF အနီရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိမ်းမှောက်မှုကြောင့် နိုင်လင်းနှင့် ယာဉ်ပေါ်ပါ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ယင်းခြံကုန်းကျေးရွာနေ ဝင်းကျော်ဦး(၂၃)နှစ်တို့ နှစ်ဦးတွင် ဒဏ်ရာအသီးသီး ရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ နိုင်လင်းအား မြို့ချောင်းအမြန်လမ်းရဲစခန်းက ယာဉ်(ပ) ၃၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဇွန် ၁၀ ရက်တွင် **ခူမီး(ခမီး)အမျိုးသားပါတီ [KHUMI(KHAMI)NATIONAL PARTY]** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိကွာရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၆)တွင် ပါတီရုံးချုပ်တည်ရှိသော ခူမီး(ခမီး)အမျိုးသားပါတီ [KHUMI(KHAMI)NATIONAL PARTY]က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၀-၆-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ခူမီး(ခမီး)အမျိုးသားပါတီ [KHUMI(KHAMI) NATIONAL PARTY] ၏ အလံပုံစံ

ခူမီး(ခမီး)အမျိုးသားပါတီ [KHUMI(KHAMI) NATIONAL PARTY] ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သီရိကြည်ဝင်း
အထူးအဆင့်မြင့်စာသင်ခိုင်း
ခန်းသွင်းလေ့ကျင့်ရေးသင်တန်း
Repeater(၁၅)ဦး
မြန်မာစာ • ဆရာကျော်
အင်္ဂလိပ်စာ • ဆရာဦးခင်မောင်လှ
သင်္ချာ • ပါမောက္ခဦးအေးအောင်
ဓာတုဗေဒ • ဆရာ Dr.U.T.A
ရူပဗေဒ • ဆရာဦးစိုးမြင့်
ဇီဝဗေဒ • ဆရာဘဘ BIO
ဘောဂဗေဒ • ဆရာဦးဘုန်းနိုင်

ဓါးနှစ်လက်
TMRO11665(1215)
နားသန့်ဆေးရည်
ဆေးစွမ်းထက်မြက် ဓါးနှစ်လက်

လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်
ALL HUMAN BEINGS ARE BORN FREE AND EQUAL IN DIGNITY AND RIGHTS
HUMAN RIGHTS HUMAN DIGNITY INTERNATIONAL FILM FESTIVAL
DOCUMENTARY FILM SHORT FILM ANIMATION FILM
15-19 JUNE 2014 YANGON MYANMAR
JUNCTION SQUARE
Second Edition

ကမ္ဘာမြေကြီး စိမ်းလန်းစေရေး

နေဇာဇာထွန်း

ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံးသည် သဘာဝပတ်ဝန်းကျင်ကို အမှီသဟဲပြုကာ နေထိုင်ကြရသည်။ ရေ၊ မြေ၊ လေ၊ ရာသီဥတုအပေါ် အခြေခံ၍ မှီခိုအားထားရသည့် လူသားတို့၏ ပြုမူလုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲဖောက်ပြန်မှုများဖြစ်ကာ သဘာဝပတ်ဝန်းကျင်သည်လည်း ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာရသည်။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုကြောင့် သဘာဝဘေးဒဏ်များကို လူသားတို့ ခါးစည်းခံစားလာကြရသည်။ လူတို့သည် မိမိတို့၏ စားဝတ်နေရေးအတွက်၊ အရေးပေါင်း မြောက်မြားစွာကို လှုပ်ရှားရုန်းကန်ရင်း သဘာဝပတ်ဝန်းကျင်ကြီးကို မေ့လျော့ထားတတ်ကြသည်။ လူတို့၏ပြုမူလုပ်ဆောင်မှုများ အချိန်ကြာလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းသည်လည်း တစ်စတစ်စ မြင့်မားလာလျက်ရှိသည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ၂၀၁၃ခုနှစ် တစ်နှစ်တည်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု (၃၃) ကြိမ်ရှိခဲ့ကြောင်းကို သိရှိရသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများထဲတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ စွမ်းအင်များကို အလွန်အကျွံ သုံးစွဲခြင်း၊ စက်ရုံ၊ အလုပ်ရုံများတည်ထောင်ခြင်း စသည်တို့အပြင် အဓိကအချက်ဖြစ်သည့် သစ်တောပြုန်းတီးခြင်းတို့ ပါဝင်နေသည်။ သစ်တောဖုံးလွှမ်းမှုဧရိယာများ တဖြည်းဖြည်း လျော့နည်းလာခြင်းကြောင့် သဘာဝဘေးဒဏ်များလည်း တိုး၍ ဖြစ်ပွားလာလျက်ရှိသည်။ ရေတိုအကျိုးစီးပွားကိုကြည့်၍ တရားမဝင်သစ်များခုတ်လှဲခြင်းကြောင့် သစ်တောများပြုန်းတီးလာကာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာရသည်။

လူသားများအတွက် အဖိုးမဖြတ်နိုင်သည့် သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန်မှာ နိုင်ငံသားတိုင်း၏ အထူးလုပ်ငန်းတာဝန်ဖြစ်သည်။သစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ ရေရှည်အကျိုးစီးပွားအတွက် ထူးခြားသောလုပ်ဆောင်ချက်အဖြစ် ရှုမြင်ကြရပေမည်။ သစ်တောပြုန်းတီးမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများမှ အစပြု၍ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ပြည်သူများသိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများကို အလေးပေးလုပ်ဆောင်သင့်သည်။

သဘာဝဘေးဒဏ်များမှ ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်မှ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ သဘာဝနယ်မြေများသတ်မှတ်ခြင်း၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျလုပ်ဆောင်ခြင်းများကို စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့် NGO,INGO များသာမက သန်း ၆၀ ကျော်သော ပြည်သူများအပါအဝင် လူ့ဘောင်အဖွဲ့အစည်းများက သက်ဆိုင်ရာကဏ္ဍအလိုက် မိမိတို့နေထိုင်ရာ ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ကြီး စိမ်းလန်းစိုပြည်စေရုံသာမက သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် လျော့နည်းသွားသည့် သစ်တောဧရိယာများနေရာတွင် အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးစေမည့် လုပ်ဆောင်ချက်များကို တတ်နိုင်သမျှ လျှော့ချကြရမည်ဖြစ်သည်။

လူတို့မဆင်မခြင်ပြုမူလုပ်ဆောင်ပါက ရာသီဥတုများပြောင်းလဲကာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာပြီး ကမ္ဘာကြီးလည်း အလုံးစုံဆိတ်သုဉ်းသွားပေလိမ့်မည်။ လူသားတို့၏ ပယောဂကြောင့် ကမ္ဘာကြီးဆိတ်သုဉ်းမှုမှ ကာကွယ်ရန် လူသားတို့၏ လုပ်ဆောင်ချက်အပေါ်တွင်သာ များစွာမူတည်နေပါသည်။ ငြိမ်းချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ရပ်တည်နေစေရန် သဘာဝဘေးဒဏ်ကျရောက်စေနိုင်သည့် အပြုအမူလုပ်ဆောင်ချက်များကို ဆင်ခြင်ပြီး သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်လုပ်ဆောင်သွားကြပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

Transformers ဇာတ်ကားသစ်တွင်ပါဝင်ရန် သားသမီးများက တွန်းအားပေးခဲ့သူ မာ့ခ်ဝဲလ်ဘတ်ခ်

ယခုလအတွင်းထွက်ရှိလာမည့် Transformers ဇာတ်လမ်းတွဲ၏ ဇာတ်ကားသစ်တစ်ကားဖြစ်သည့် Transformers: Age of Extinction စိတ်ကူးယဉ်သိပ္ပံ အက်ရှင်ဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ခဲ့သူ မာ့ခ်ဝဲလ်ဘတ်ခ်က ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန်အတွက် ၎င်း၏သားသမီးများက အဓိကတွန်းအားပေးခဲ့ကြသူများ ဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်တော့်ကလေးတွေက ကျွန်တော့်ရဲ့ဘဝပါ၊ သူတို့လေးတွေက ကျွန်တော့်ကို ဒီဇာတ်ကားမှာပါဝင်ဖို့အတွက် တစ်ချိန်လုံး တွန်းအားပေးနေခဲ့တာပါ"ဟု အသက်(၄၂)နှစ်အရွယ် မင်းသား မာ့ခ်ဝဲလ်ဘတ်ခ်က အင်ပါယာမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

Transformers: Age of Extinction ဇာတ်ကားသစ်တွင် မာ့ခ်ဝဲလ်ဘတ်ခ်က ဖခင်တစ်ဦးတစ်ဖြစ်လဲ သိပ္ပံပညာရှင်တစ်ဦး Cade Yeager အဖြစ်ပါဝင်သရုပ်ဆောင်ထားကာ ယင်းဇာတ်ကားမှတစ်ဆင့် အတူပါဝင်ကြသည့် သရုပ်ဆောင်များအချင်းချင်း ပိုမိုရင်းနှီးမှုရရှိစေလိုသည့် ရည်ရွယ်ချက်ကြီးမားစွာထားရှိကြောင်း ဆိုသည်။

ယင်းဇာတ်ကားကို ဇွန် ၂၅ ရက်တွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံရှိ ရုပ်ရှင်ရုံများတွင်လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် အမေရိကန်ရုပ်ရှင်ရုံ၌လည်းကောင်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ **(မျိုးစန္ဒာမောင်)**

ဆိပ်ဖြူမြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင်ပေါ်ထွက်



ဆိပ်ဖြူ ဇွန် ၁၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရာ (အထက)ဆိပ်ဖြူမှ ပထမဆုံး ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးပေါ်ထွက်ခဲ့သည်။

ခြောက်ဘာသာဂုဏ်ထူးရှင် မသွယ်သွယ်စိုးသည် ဆိပ်ဖြူမြို့နယ်မှ (အဘ)ဦးခင်မောင်မြင့် (အထပြ)ကွယ်လွန်-အမိ ဒေါ်တင်ဝိုင်း (မူလတန်းကျောင်းအုပ်)တို့မှ သားသမီး ငါးဦးရှိသည့်အနက် အငယ်ဆုံးသမီးဖြစ်ပြီး ပညာရေးဝန်ထမ်းမိသားစုမှ မွေးဖွားခဲ့သည်။ မသွယ်သွယ်စိုးသည် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ် အထက်တန်းပညာသင်ဆုကို (အထက-ခွဲ) အောက်ဆိပ်မှ လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် နဝမတန်း ဘက်စုံထူးချွန်ဆုကို (အထက)ဆိပ်ဖြူမှလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဒသမတန်းဘက်စုံထူးချွန်ဆုကို (အထက) ဆိပ်ဖြူမှလည်းကောင်း ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် (အထက) ဆိပ်ဖြူမှ ဝင်ရောက်ဖြေဆိုရာ ခြောက်ဘာသာဂုဏ်ထူးထွက်ရှိခဲ့သည်။

ခြောက်ဘာသာဂုဏ်ထူးထွက်ရှိခဲ့သောကြောင့် မသွယ်သွယ်စိုး၏ မိခင်နှင့်ဆရာဆရာမများ၊ မြို့နယ်အတွင်းမှ ပြည်သူများက ဂုဏ်ထူးထွက်ရှိမှုအပေါ် အလွန်တရာမှ ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီးဆိပ်ဖြူမြို့နယ်မှ ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၀ ထွက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင် (iprd)**

ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရန်

- ကိုယ်ဝန်ရှိကြောင်း သိလျှင်သိချင်း ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်၊ ဆရာမများနှင့် နီးစပ်ရာ ဆေးရုံဆေးခန်း ကျန်းမာရေးဌာနများနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူပါ။
- ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုကို အနည်းဆုံး (၄) ကြိမ်ခံယူပါ။ **(ကျန်းမာရေးဝန်ကြီးဌာန)**

ပြင်ဆင်ဖတ်ရှုပေးပါရန်

၈-၆-၂၀၁၄ ရက်နှင့် ၁၁-၆-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာပါ ဉယျာဉ်မှူးဝင်ခွင့်ကြော်ငြာတွင် မှားယွင်းထည့်သွင်းထားသော ဒုအရာခံဗိုလ် မြင့်ဇော်ဦး(အစား) ဒုအရာခံဗိုလ် မြင့်ဇော်(ငြိမ်း)ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်နှင့် ဖုန်းနံပါတ်နေရာတွင် ၄၂၀၀၄၈၀၀(အစား) ၄၂၀၀၄၂၈၀၀ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် အနူးအညွတ်တောင်းပန်ဖော်ပြအပ်ပါသည်။



နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်-၁၅၄၇/က၊ ကျန်စစ်သားလမ်းနေ ကိုညွန့်ဝင်း[၁၄/လပတ(နိုင်)၁၁၇၈၀၀]သည် မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး(မြောက်ပိုင်းခရိုင်)တရားရုံးတော်၌ ၃-၆-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ အိမ်နှင့်ခြံ အပါအဝင် အခြားပိုင်ဆိုင်မှုအားလုံးကိုလည်း မခင်နှင်းရီနှင့် သမီးသုံးဦးသာလျှင် ပိုင်ဆိုင်ပြီး ဦးညွန့်ဝင်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာလိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မခင်နှင်းရီ [၁၁/တကန(နိုင်)၀၅၃၀၂၁]

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၄ တတိယပွဲစဉ် (မန္တလေး)တွင်ကျင်းပမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့က ကြီးမှူး၍ မြဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်အား ၂၀၁၄ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်းတွင်ကျင်းပပြုသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St.Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ရွှေမန်းတောင်ဂေါက်ကလပ်၏ ကျင်းအမှတ် ၁၆ တွင် Hole In One ဆုအဖြစ် (ISUZU SINGLE CAB) ကားအား ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းအဆင့်အမျိုးသားများအတွက် လူဦးရေကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲအား ဇွန် ၁၆ ရက်တွင်ပြုလုပ်မည်ဖြစ်ပြီး ဇွန် ၁၄ ရက် မွန်းတည့်၁၂ နာရီ နောက်ဆုံးထား၍ ရွှေမန်းတောင်ဂေါက်ကွင်းတွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပရော် ဖက်ရှင်နယ်အဆင့်နှင့်အပျော်တမ်း အမျိုးသမီးဂေါက်သီးအားကစားမောင်မယ်များသည် ၂၀၁၄ ခုနှစ် ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၇၃၁၃၀၄၇၄နှင့်ပြိုင်ပွဲကျင်းပမည့် ရွှေမန်းတောင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ရန်ကုန်မြို့တွင် ပြုလုပ်ပြီးသောပြိုင်ပွဲတွင် အဆင့် (၁)မှ (၂၀) အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပြိုင်ပွဲအား ဝင်ရောက် ယှဉ်ပြိုင်ရန် မလိုပါ)။ ပြိုင်ပွဲဝင်များ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဇွန် ၁၆ ရက်နေ့တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

[ဖိုးသော်ဇင်]

တောရက်စ်နှင့် ဟာနန်ဒက်ဇ်ကိုခေါ်ယူရန် ဗလင်စီယာ စောင့်ကြည့်

စပိန်လာလီဂါ ထိပ်သီးကလပ် ဗလင်စီယာအသင်းသည်လာမည့် ဘောလုံးရာသီတွင်အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ချယ်လ်ဆီးအသင်း၏ စပိန်တိုက်စစ်မှူး တောရက်စ်နှင့် မန်ယူအသင်း၏ မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်တို့အား ခေါ်ယူရန်ပြင်ဆင်နေကြောင်းသိရသည်။ ဗလင်စီယာအသင်းသည်အသင်းပိုင်ရှင်သစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်သွားမည်ဖြစ်ပြီးအသင်း၏ အဓိကအားနည်းနေသည့် တိုက်စစ်နေရာအတွက်ခေါ်ယူသွားရန် စောင့်ကြည့်နေခြင်းလည်းဖြစ်သည်။ ဗလင်စီယာအသင်းသည် တောရက်စ်ကိုခေါ်ယူရန်အတွက် စပိန်လာလီဂါမှ ကလပ်အသင်းတချို့နှင့်ပြိုင်ဆိုင်ရမည်ဖြစ်ပြီး တောရက်စ်မှာချယ်လ်ဆီး အသင်းနှင့်စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း ၎င်းကိုခေါ်ယူလိုပါက ပေါင် ၁၂ သန်းခန့်သာပေးချေရဖွယ်ရှိနေသည့်အတွက် ခေါ်ယူရန်ပြင်ဆင်နေခြင်းလည်းဖြစ်သည်။ ထို့အတူ မန်ယူအသင်းတွင် ပုံမှန်နေရာပျောက်ဆုံးပြီး မပျော်မရွှင်ဖြစ်နေသည့် မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေပြီး မန်ယူအသင်းကလည်း ၎င်းအားထုတ်ရောင်းသွားဖွယ်ရှိ သည်။ ဟာနန်ဒက်ဇ်သည် မန်ယူနည်းပြသစ် ဗန်ဟားလ်လက်ထက်တွင် ပုံမှန်နေရာရရှိရန်မသေချာသည့်အပြင် ဗန်ဟားလ်စိတ်ကြိုက် ကစားသမားတစ်ဦးမဟုတ်သည့်အတွက် ၎င်းမှာ အသင်းမှသေချာပေါက်ထွက်ခွာဖွယ်ရှိနေပြီး အင်တာမီလန်အသင်းကလည်း ဟာနန်ဒက်ဇ် အားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဗလင်စီယာ အသင်းသည် ၎င်းတို့၏ အဓိကတိုက်စစ်မှူး ဆိုလ်ဒါဒို မန်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် တိုက်စစ်မှူးနေရာအတွက် ပြဿနာများရှိနေပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ကွင်းလယ်ကစားသမားများ၏ သွင်းဂိုးများဖြင့်သာ ရပ်တည်ခဲ့ရသည်။

[ကိုရဲ]

အေစီမီလန်နည်းပြအဖြစ် အင်ဇာဂီခန့်အပ်ခြင်းခံရ

အီတလီစီးရီးအေကလပ်အသင်း တစ်သင်းဖြစ်သော အေစီမီလန် အသင်းသည် ၎င်းတို့၏ လက်ရှိ နည်းပြဖြစ်သူ ဟော်လန် လူမျိုးနည်းပြ ဆီးဒေါ့ဖ်ကို ရာထူးမှ ထုတ်ပယ်ပြီး အသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦး ဖြစ်သော ဖိလစ်ပိုအင်ဇာဂီကို အသင်း၏ နည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အေစီမီလန်အသင်းသည် ဆီးဒေါ့ဖ်ကို ပြီးခဲ့သည့် ဘောလုံး ရာသီဝက်တွင် စတင်ကာကိုင်တွယ်စေခဲ့သော်လည်းအသင်းမှာ ဥရောပဝင်ခွင့်မရရှိခဲ့သည့်အတွက် ၎င်းအားထုတ်ပယ်ခဲ့ခြင်းလည်းဖြစ်သည်။ အေစီမီလန်အသင်း၏ ကစားသမားဟောင်းဖြစ်ခဲ့သူ ဆီးဒေါ့ဖ်သည်အသင်းအား စီးရီးအေ ပွဲစဉ် ၁၉ ပွဲကိုင်တွယ်ခဲ့ပြီး ၁၁ ပွဲထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အေစီမီလန်အသင်း၏ တာဝန်ရှိသူများက ဆီးဒေါ့ဖ်၏ စွမ်းဆောင်ရည်ကို ကျေနပ်ခြင်းမရှိသောကြောင့် ထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏စာချုပ်သက်တမ်းအပြင် စာချုပ်ပါ အချက်အလက်များအရ လျော်ကြေးငွေ များစွာ ပေးချေခဲ့ရသည်။ ထို့ကြောင့် အေစီမီလန် လူငယ်အသင်းကို ကိုင်တွယ်နေသည့် အသင်း၏ ဂန္ထဝင်တိုက်စစ်မှူးဟောင်း ဖိလစ်ပိုအင်ဇာဂီအား နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အထိ အသင်းတွင် ရှိနေစေမည့် သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ထို့ပြင် အင်ဇာဂီသည် အေစီမီလန်အသင်း၏ နည်းပြမဖြစ်မီတည်းက ၎င်းခေါ်ယူလိုသည့် ကစားသမားများကို ကြိုတင်၍ ပြောကြားထားခဲ့သူဖြစ်ပြီး သတင်းများ ထွက်ပေါ်လာခဲ့သည့်အတိုင်း အင်ဇာဂီမှာ အေစီမီလန်နည်းပြအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းက ဥက္ကဋ္ဌ ဘာလူစကိုနီ အပါအဝင် ပရိသတ်များအား ကျေးဇူးအထူးတင်ကြောင်း၊ အေစီမီလန်နည်းပြဖြစ်လာခဲ့ခြင်းမှာ မိမိဘဝတွင် ပျော်ရွှင်ဖွယ်ကောင်းပြီး ဂုဏ်ယူမိကြောင်း ပြောကြားသွားခဲ့သည်။

[စွမ်းထက်အောင်]

အင်္ဂလန်အသင်းနှင့်အတူ ချိန်ဘာလိန်အကောင်းဆုံးပါဝင်လာမည်ဟု ဝီရှိုင်းယားဆို

အင်္ဂလန်နှင့် အာဆင်နယ်ကစားဖော် ချိန်ဘာလိန်သည် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ အကောင်းဆုံးပါဝင်လာမည်ဟု ထင်ထားကြောင်း အင်္ဂလန်နှင့် အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားက ထုတ်ဖော်ပြောကြားခဲ့သည်။

ချန်ဘာလိန်သည် ပြီးခဲ့သည့်သီတင်းပတ်က မီယာမီ၌ ယှဉ်ပြိုင်ကစားခဲ့သည့် အီကွေဒေါအသင်းနှင့် အင်္ဂလန်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ကမ္ဘာ့ဖလားအကြိုချစ်ကြည်ရေးခြေစမ်းပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးဝါးကုသမှုခံယူခဲ့ရာ လက်ရှိတွင် ပြန်လည်သက်သာနေပြီဖြစ်သည်။ ထို့ကြောင့် ချန်ဘာလိန်သည် ဘရာဇီးမြေသို့ အင်္ဂလန်အသင်းနှင့်အတူလိုက်ပါကာ လက်ရှိတွင် ဘရာဇီးမြေ၌ လေ့ကျင့်ကစားလျက်ရှိသည့် အင်္ဂလန်အသင်းနှင့်အတူ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(D)၌ ကိုစတာရီကာ၊ ဥရုဂွေး၊ အီတလီအသင်းတို့နှင့် အတူ တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး နည်းပြ ပရန်ဒယ်လီ၏ အီတလီအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ချိန်ဘာလိန်ပါဝင်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ကွင်းလယ်ကစားသမား ဝီရှိုင်းယားက ပြောကြားခဲ့သည်။

လက်ရှိကမ္ဘာ့ဖလားယှဉ်ပြိုင်မည့် အင်္ဂလန်အသင်းသည် အသင်းကောင်းတစ်သင်းအဖြစ် ဖွဲ့စည်းထားပြီး လူငယ်ကစားသမားများ၊ အတွေ့အကြုံရင့်ကျက်မှုရှိသည့် ကစားသမားများနှင့် အတွေ့အကြုံနုသေးသည့် ကစားသမားများစသည်ဖြင့် ကစားသမားမျိုးစုံပါဝင်ကြောင်းလည်း ဝီရှိုင်းယားက ဆိုသည်။

[ငွေကြယ်]

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၄၀နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ဦးခင်မြင့် နှင့် ဦးဌေးအောင်
(၎င်း၏ကိုယ်စားဒေါ်ခင်သက်ထားဦး)
ဒီကရီအနိုင်ရသူ တရားရှုံး

အမှတ်(၆၀၃)၊ (၆)လွှာ၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးဌေးအောင်သိစေရမည်။ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၄၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဇွန်လ ၁၆ရက် (၁၃၇၆ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်) နံနက် ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ခင်သန့်ဇင်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်



ဖခင်အမည်မှန်

တာမွေမြို့နယ်၊ အထက(၂)၊ သတ္တမတန်း (ဘီ)မှ မောင်ထက်အောင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်စိုး[၇/ကပက(နိုင်)၀၅၃၁၂၁] ဖြစ်ပါကြောင်း။

ဦးကျော်ကျော်စိုး

ငါးဖမ်းစက်လှေမှ ကြိုးနှင့် ခရီးသည်တင်သမ္ဗန် ပန်ကာငြိ၍ သမ္ဗန်တိမ်းမှောက်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်မြစ်အတွင်း ဦးအောင်ဇော်မောင်းနှင်သည့် ခရီးသည် ကိုးဦးတင်ဆောင်လာသော စက်တပ်သမ္ဗန်သည် ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ရန်ကုန်ဘက်မှ ဒလဘက်သို့ မောင်းနှင်လာစဉ် ဗိုလ်တထောင် အမှတ်(၃) ဇေတံတားရှေ့ ရေပြင်အရောက် ပင်လယ်ဝသို့ ကိုမျိုးမင်းဇော်မောင်းနှင်လာသည့် ရွှေမြင်း (၈၀၇) ငါးဖမ်းစက်လှေပေါ်မှ ကျနေသော ငါးဖမ်းပိုက်တွင် အသုံးပြုသည့် ကြိုးနှင့် သမ္ဗန်၏ပန်ကာတို့ ငြိကာ သမ္ဗန်မှာ တိမ်းစောင်းနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ သမ္ဗန်နစ်မြုပ်ခဲ့ရာ ခရီးသည် ကိုးဦးအနက် ဒလမြို့နယ်နေသူများဖြစ်သည့် မဇင်မာနွယ်(၁၉)နှစ်နှင့် ဒေါ်လှကြည် (၆၅)နှစ်တို့ နှစ်ဦးမှာ ရေမွန်းသွားသဖြင့် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရာ မဇင်မာနွယ်နှင့် ဒေါ်လှကြည်မှာ အတွင်းလူနာအဖြစ် ကုသမှုခံယူခဲ့ကြရသဖြင့် ယင်းကဲ့သို့ ရေယာဉ်များအား ပေါ့ဆစွာ မောင်းနှင်သူ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်နေ ကိုမျိုးမင်းဇော်(၂၉)နှစ်နှင့် ဒလမြို့နယ်နေ ဦးအောင်ဇော်(၄၄)နှစ်တို့ နှစ်ဦးအား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင် ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

အန္တရာယ်များသော လမ်းလွှဲ

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်း မိုင်တိုင်(၁၀/၃)အနီး သင်းကျွန်း ကျေးရွာတောင်ဘက်တွင် အသစ်တည်ဆောက်နေသော တံတားနံဘေးရှိ လမ်းလွှဲမှာ မိုးရာသီအစတွင်ပင် ရေကျော်နေသဖြင့် အချိန်မရွေးအန္တရာယ်ဖြစ်လာနိုင်သည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။ (ဉာဏ်ဝင်း)

ညောင်ပင်ပြို၍ ကျောင်းခေါင်မိုးနှင့် နံရံပျက်စီး

စစ်ကိုင်း ဇွန် ၁၀

ချောက်မြို့နယ် အမှတ်(၁၁)နယ်မြေ ဗဟိုကွက်သစ်ရပ်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် ဇွန် ၉ ရက် နံနက် ၈ နာရီက ကျောင်းအရှေ့မြောက်ဘက်ထောင့်တွင် ပေါက်နေသော ညောင်ပင်အိုကြီးသည် ပင်စည်မှ ထက်ခြမ်းကွဲ၍ ကျောင်းခေါင်မိုးနှင့် နံရံများပေါ် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် တတိယတန်းနှင့် စတုတ္ထတန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ခုနစ်ဦးနှင့် စာသင်ကြားနေသော ဆရာမ တစ်ဦးစုစုပေါင်း ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းငွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်၊ မီးသတ်ဦးစီးမှူး ဦးစိုးညွန့်၊ လူမှုရေးအဖွဲ့များ လာရောက်ကြည့်ရှုကူညီဆောင်ရွက်ပေးကြသည်။ ကျောင်းပညာသင်ကြားမှုအခက်အခဲမရှိစေရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝင်းငွေ)**

ဆင်ထိုး၍ ဆင်ဦးစီး တစ်ဦးသေဆုံး

ထီးလင်း ဇွန် ၁၀

ထီးလင်းမြို့နယ်တွင် ဇွန် ၈ ရက် ညနေ ၆နာရီက ဆင်ထိုးသတ်သဖြင့် ဆင်ဦးစီး ဦးမြင့်သိန်း (၅၀)နှစ်မှာ သေဆုံးနေကြောင်း သတင်းအရ ထီးလင်းမြို့နယ် ကျင်းနယ်မြေစခန်းမှူး ရဲအုပ်ထင်ကျော်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးရာ သေဆုံးသူ ဦးမြင့်သိန်းသည် ယင်းနေ့က ၎င်း၏ ဆင်အားကောက်ယူ၍ပြန်လာပြီး ဆင်ဝိုင်းအတွင်းထား၍ ဆင်ဝိုင်း၏ တောင်ဘက် ပေ၁၅၀ခန့်အကွာရှိ ဆင်ဦးစီးတင်ညိုဝင်း၏ ရှုချိုမောင်အမည်ရှိ ဆင်အနီးမှဖြတ်သန်းသွားစဉ် ရှုချိုမောင်ဆင်က ထိုးသတ်သဖြင့် ဦးမြင့်သိန်းတွင် ပေါက်ပြဲဒဏ်ရာများရရှိပြီး ဆေးရုံသို့ပို့ရန် ပြင်ဆင်နေစဉ် သေဆုံးသွားခဲ့ကြောင်းသိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ထီးလင်းမြို့နယ် ကျင်းနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

တရားမဝင်သယ်ဆောင်လာသည့် သစ်ခွဲသားများသိမ်းဆည်းရမိ

ပေါက် ဇွန် ၁၀

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သစ်တောဦးစီးမှူး ဦးငြိမ်းချမ်းခေါင်းဆောင်သောအဖွဲ့သည် ဇွန်၈ရက် နံနက်၉နာရီက ပေါက်-ကျောက်ထုကားလမ်း မိုင်တိုင်အမှတ်(၅၂/၅)စမ်းရေစုံကျေးရွာအနီးတွင် ဂန့်ဂေါမြို့နယ် မြစ်သာဆည်မှ မြင်းခြံခရိုင် တောင်သာမြို့သို့ သွားရောက်မည့်ယာဉ်မောင်း ကျော်မျိုး(၃၃)နှစ် ကျောက်ထုမြို့နယ်ခွဲနေသူ မောင်းနှင်လာသည့် နစ်ဆန်းဒီဇယ်(၁၂)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ အင်ကြင်းခွဲသားဆိုဒ်စုံ ၄၉၅ ချောင်း (၇ဒသမ၉၁၀တန်)၊ ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၆၅ချောင်း (၁ဒသမ၁၁၂၂တန်)စုစုပေါင်းကာလတန်ဖိုးကျပ်၁၂၆၃၁၃၆ခန့်ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားမဝင်သစ်များသယ်ဆောင်လာသူ ကျော်မျိုးဝင်းအား သစ်တောဥပဒေ ပုဒ်မ ၄၂(ခ) ဖြင့် ပေါက်မြို့နယ်သစ်တောဦးစီးမှူး ဦးငြိမ်းချမ်းက တရားစွဲတင်ပို့ရန် စီစဉ်လျက်ရှိပြီး သစ်ပိုင်ရှင် ဦးဝင်းမောင် တောင်သာမြို့နယ် နန်းမြင့်ရွာနေသူမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

မိုးရွာသွန်းမှုကြောင့် သစ်ပင်အမြစ်ကျွတ်ထွက်၍ ရုံးအဆောက်အအုံပေါ် ပြိုကျ

ပြည် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဇွန် ၉ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းအနည်းငယ်တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ခေတ္တရာမြို့သစ် အနောက်မြို့ပတ်(၅)လမ်းထိပ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အနောက်ဘက်ရှိ လုံးပတ်လက်တစ်ဖက်ကျော်ခန့်ရှိသော စိန်ပန်းပင်မှာ လေနှင့် မိုးရေတိုက်စား၍ မြေသားအိကျပြီး အမြစ်ကျွတ်ထွက်ကာ အဆိုပါ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခေါင်မိုးပေါ် သို့ လဲကျခဲ့သည်။

ယင်းသို့ ပြိုလဲမှုကြောင့် အဆိုပါရုံးခေါင်မိုးသွပ်များနှင့် မျက်နှာကြက်၊ မြားတန်း၊ ထုပ်တန်းများပြိုကျပျက်စီးခဲ့ပြီး လူနှင့် အခြားရုံးပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကုန်းမြင့်ရိပ်သာ၊ အောင်မင်္ဂလာလမ်းနေ ဦးထွန်းအောင်(လ/ထညွှန်မှူး(ငြိမ်း) အကောက်ခွန်ဦးစီးဌာန)-ဒေါ်မြင့်မြင့်တင်တို့၏သားလှရတနာ

မောင်အောင်ကျော်မိုး

B.A(Hist), D.B.L, D.I.L, B.M.L

OW Crew Management (Operation Manager)

မေခလာနတ်သမီးဆေးတိုက်

နှင့်

နေပြည်တော်နေ

ဗိုလ်ချုပ်တင်အောင်ချစ်(ကျောင်းအုပ်ကြီး-နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်)-ဒေါ်ဥမ္မာလွင် တို့၏ သမီးလှရတနာ

မလှဲ့မွန်သင်း

(အထက်တန်းရှေ့နေ) **LL.B., LL.M**

တို့၏ ၈-၆-၂၀၁၄ ရက်တွင် Sedona Hotel (Grand Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးသရေစည်သူ ဦးမြတ်ဟိန်းနှင့်ဇနီးဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဇနီးဒေါ်ကြည်ကြည်စန်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်တကွ စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးပါသော ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများ တီးခတ်ပေးပါသော Plus Three Band အဖွဲ့သားများနှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြသက်ချစ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မသဲနုနန္ဒီ၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်မိုးဆက်မြင့်နှင့် မောင်ဖြိုးမြင့်သိန်း၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မကြည်စုလှိုင်မျိုးနှင့် မသက်ထားခင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဦးကျော်စိုး(YMCA)၊ စိန်ရတနာများဆင်မြန်းပေးပါသော ပြည့်ဝေသျှန်စိန်ရွှေရတနာဆိုင်မှ ဒေါ်ကလျာပြည့်ဝေသျှန်၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသောလင်းလင်း၊ မင်္ဂလာအကြို အလှဓာတ်ပုံများ ရိုက်ကူး ပေးပါသော Rain Production မှ ကိုမိုးဆက်မြင့်နှင့် မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော ကိုငယ်(ဝိဇ္ဇာ၊ သိပ္ပံ) အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော 7 Picture မှ အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ဆင်ယင်ပေးပါသော Always Ballons Decoration၊ ပန်းအလှဆင်ပေးပါသော Floral Paradise၊ Sedona Hotel မှမန်နေဂျာများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂၉-၅-၂၀၁၄ ရက်တွင် နေပြည်တော်၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်နှင်းယုနှင့် အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးချုပ်မြင့်နွယ်နှင့် ဗိုလ်မှူးချုပ်စန်းဝင်းတို့အားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်မိုး-မလှဲ့မွန်သင်း

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပဧည့်သည်ဝင်ရောက်မှု ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဧည့်သည် သုံးသိန်းလေးသောင်းကျော်ပိုမို များပြားလာ

ရန်ကုန်၊ ဇွန် ၁၀

၂၀၁၄ ခုနှစ် ဇန်နဝါရီမှ မေလကုန်ထိ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုအား ၂၀၁၃ ခုနှစ် မေလကုန် ဧည့်သည်ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက လူဦးရေ သုံးသိန်းလေးသောင်းကျော် ပိုမိုများပြားလာကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

“မြန်မာနိုင်ငံမှာ တခြားဖြစ်စဉ်တွေ ဘာမှမဖြစ်ဘူးဆိုရင် ဧည့်သည်တွေ တစ်ဟုန်ထိုးတိုးလာဖို့ရှိပါတယ်။ တခြားဖြစ်စဉ်ဆိုတာ ဥပမာအရပြောရင် သဘာဝအရဖြစ်တဲ့ရောဂါတွေနဲ့ ကမ္ဘာကကြောက်လန့်စေတဲ့ အဖျက်အမှောင့်လုပ်ငန်းတွေဖြစ်ပြီး ဒါတွေမဖြစ်ဘူး သာမန်အနေအထားဆိုရင် တိုးတက်လာမှာပါ။ ဝန်ကြီးဌာနက ဒီနှစ်ကုန်ရင် မျှော်မှန်းတဲ့ သုံးသန်းကို ကျော်လွန်မယ်ထင်ပါတယ်”ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပဧည့်သည်ဝင်ရောက်မှုအနေဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ မြိတ်စသော အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဝင်ရောက်မှု၊ ရေကြောင်းမှဝင်ရောက်မှုနှင့် နယ်စပ်ဂိတ်ပေါက်များမှအဓိက ဝင်ရောက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ မေလကုန်ထိ ပြည်ပခရီးသွားဧည့်သည် ၁၂၀၆၂၆၀ ဦး ရှိခဲ့သည်။ အဆိုပါဝင်ရောက်မှုများအနက် နယ်စပ်ဂိတ်ပေါက်များမှ ဝင်ရောက်မှုမှာ အများဆုံးဖြစ်ပြီး ပြည်ပဧည့်သည် ၇၂၉၅၈၄ ဦးရှိကြောင်း သိရသည်။

“သုံးသန်းမျှော်မှန်းတာ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ပဧည့်သည် ဝင်ရောက်တာ သိသိသာသာတိုးလာမှာက အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေပါ။ ဒီနှစ်မိုးတွင်းမှာလည်း ဧည့်သည်ဝင်ရောက်မှုက မနှစ်ကထက် လျော့မသွားပါဘူး။ ဒါကြောင့် သုံးသန်းဆိုတာ ဖြစ်နိုင်ပါတယ်”ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်ထွန်းအောင်က ပြောသည်။

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည်များ ယခုထက်ပိုမိုဝင်ရောက်မှုနှုန်းမြင့်တက်လိုပါက မြန်မာနိုင်ငံအနှံ့ရှိ နိုင်ငံခြားသားများလာရောက်သော ခရီးစဉ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ရန်နှင့် တိုင်းရင်းသားပြည်သူများ စီးပွားရေးတိုးတက်မှုရှိရန်အတွက် ခရီးစဉ်ဒေသအသစ်များ ထပ်မံပေါ်ထွက်ရန်၊ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသော ဝန်ထမ်းများ၊ လုပ်ငန်းရှင်များစသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော အုပ်ချုပ်မှုသင်တန်း၊ ဧည့်လမ်းညွှန်သင်တန်းနှင့် အခြားသင်တန်းများ ပိုမိုဖွင့်လှစ်ပေးနိုင်ရန်၊ နိုင်ငံတကာရှိ ခရီးသွားဧည့်သည်များမှ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝအလှတရားများကို ပိုမိုသိရှိလာစေရန်အတွက် ကြော်ငြာလုပ်ငန်းများ ပိုမိုမြှင့်တင်ရန်လိုအပ်ကြောင်း ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော ကျွမ်းကျင်သူပညာရှင်များက သုံးသပ်သည်။

၂၀၁၃ခုနှစ်၊ မေလကုန်အထိ မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သော ပြည်ပဧည့်သည်များမှာ ၈၆၀၂၂၈ ဦးဖြစ်သောကြောင့် ယခုနှစ်မေလကုန်ထိ ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက ယခုနှစ်မှာ ယခင်နှစ်ကထက် ၃၄၆၀၃၂ ဦး ပိုမိုများပြားလာခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

စိုးအောင်ဖေ

ဘုရားကျောင်းတစ်ခု အနီးတွင် အမည်မသိ လူတစ်ဦးသေဆုံး

ရန်ကုန်၊ ဇွန် ၁၀

ဇွန် ၃ ရက် နံနက် ၂ နာရီခန့်တွင် ရန်ကင်းမြို့နယ် (၁၃) ရပ်ကွက်ရှိ ဘုရားကျောင်း တစ်ခုအနီးတွင် အမည်မသိ အမျိုးသားတစ်ဦး သွေးထွက်ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရ၍ ရန်ကင်းရဲစခန်းမှ ဒုရဲမှူး ဇော်ဇော်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ ဦးနှောက်ပေါက်ဒဏ်ရာများရရှိ သေဆုံးနေသည်ကိုတွေ့ရပြီး အနီးတွင် သွေးစွန်းနေသည့် ဝါးဆစ်ပိတ်တုတ်တစ်ချောင်းနှင့် ကြေမွနေသည့် အုတ်ခဲကျိုးတစ်ခုတို့ကို တွေ့ရှိရသဖြင့် အရေးယူပေးပါရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ် တိုင်ကြားခဲ့သည်။

ရန်ကင်းမြို့မရဲစခန်းက (ပ)၁၃၁/၁၄ ပြစ်မှုပုဒ်မ ၃၀၂ အရ အရေးယူထားကြောင်း သိရသည်။ **(၃၁)**

ကောလင်းတွင် အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ရေစိမ်ခေါက်ဆွဲဈေးကွက် ကျယ်ပြန့်စွာ ရောင်းချနေရ

ကောလင်း၊ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဆန်စပါးထွက်ကုန်တစ်ခုဖြစ်သော အိမ်တွင်းစီးပွားရေးလုပ်ငန်းသည် အခြေခံစီးပွားရေးအဖြစ် အောင်မြင်ဖြစ်ထွန်းလာခဲ့ရာ ကောလင်းမြို့ပေါ်ရှိ ရေစိမ်ခေါက်ဆွဲစက်ရုံ ၁၀ ခုမှ နေ့စဉ်ထုတ်လုပ်လျက်ရှိပြီး ၎င်းရေစိမ်ခေါက်ဆွဲများကို ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုးကောင်း၊ ဟိုပင်၊ ဗန်းမော်၊ ရွှေကူနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်နှင့် ကန့်ဘလူမြို့နယ်၊ ထန်းကုန်း၊ ကျွန်းလှမြို့များသို့ စီးပွားဖြစ် တွင်ကျယ်စွာ ရောင်းချနေကြောင်း သိရသည်။

ရေစိမ်ခေါက်ဆွဲထုတ်လုပ်မှုနှင့် ပတ်သက်၍ ဒေသထွက် စောရှုပ်ဆန်ကို ကြွေပြားခင်းရေကန်တွင် ရေစိမ်ပြီး ရေကိုစစ်ယူ၍ မုန့်နှစ်ခဲများဖြစ်အောင်ပြုလုပ်သည့်အတွက် ဈေးတွင်ရောင်းချနေသော မုန့်တီ၊ မုန့်ဖတ်များကဲ့သို့ အပုပ်စိမ်ရန်မလိုသည့်အတွက် ဘေးထွက်ဆိုးကျိုးကင်းသည်ဟု သိရှိရပြီး စက်ရုံတွင် နံနက် ၅ နာရီမှ ၁၁ နာရီထိ အလုပ်လုပ်ကြရာ စောရှုပ်ဆန်များကို ရေစိမ်ရာတွင် တစ်ကြိမ်လျှင် ဆန်လေးပြည်ကို မြင်းကောင်ရေ ၂၂ ကောင်အားရှိ စက်များဖြင့် မုန့်ညှစ်အိုးအသုံးပြု၍လည်းကောင်း၊ ၎င်းပျော့ဖတ်များကို ခေါက်ဆွဲနန်းကြိတ်စက်များဖြင့်လည်းကောင်း၊ ဆန်ဖွတ်ခုံ၊ ဆန်ကြိတ်ခုံတို့ဖြင့်လည်းကောင်း အဆင့်ဆင့်ပြုလုပ်ပြီးနောက် ဒလိမ့်တုံးမှရသော မုန့်ဖတ်များကို နေလှမ်းရသည်ဟု ကောလင်းမြို့ အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ‘ရတနာခေါက်ဆွဲစက်’ ပိုင်ရှင် ဒေါ်မွှေးမွှေးက ပြောသည်။

“ရေစိမ်ခေါက်ဆွဲလုပ်တယ်ဆိုတာ ပတ်ဝန်းကျင်အိမ်တွေကို ကျန်းမာရေးမထိခိုက်အောင် ဆောင်ရွက်ဖို့လည်း လိုပါတယ်။ ဆန်ကိုရေစိမ်တဲ့အခါ ဆန်ဆေးရည်နဲ့စိမ်၊ ဆန်ကိုကြိတ်စက်နဲ့ ကြိတ်ပြီး အရေညှစ်လို့ ထွက်တဲ့ဆန်ဆေးရည်တို့ဟာ နှစ်ရက်၊ သုံးရက်မစွန့်ပစ်ရင် အနံ့ထွက်ပြီး ဘေးပတ်ဝန်းကျင်တွေလည်း ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ အဲဒါကြောင့် စွန့်ပစ်ဆန်ဆေးရည်တို့ကို ရပ်ကွက်ထဲမှာရှိတဲ့ ဝက်မွေးမြူသူ၊ နွားမွေးမြူသူတွေက ဝက်တွေ၊ နွားတွေ ကြီးထွားတယ်ဆိုပြီး နေ့စဉ်လာရောက် သယ်ယူကြတော့ စက်ရုံမှာ အမြဲတမ်းသန့်ရှင်းနေတာပေါ့” ဟုဒေါ်မွှေးမွှေးက ပြောသည်။

ရေစိမ်ခေါက်ဆွဲများအား တန်းထိုး၍ နေလှမ်းအခြောက်ခံထားသည်ကို တွေ့ရစဉ်

အဆိုပါ ရေစိမ်ခေါက်ဆွဲထုပ်များအား အကြီး ၂၃ ကျပ်သားပါ တစ်ထုပ်ကို လက်ကားဈေး ၂၇၀ ကျပ်၊ လက်လီဈေး ၃၀၀ ကျပ်၊ အလတ် ၁၅ ကျပ်သားပါ တစ်ထုပ်ကို လက်ကားဈေး ၁၇၀ ကျပ်၊ လက်လီဈေး ၂၀၀ ကျပ်၊ အသေး ၁၀ ကျပ်သားတစ်ထုပ်ကို လက်ကားဈေး ၁၁၀ ကျပ်၊ လက်လီဈေး ၁၂၀ ကျပ်ဖြင့် ရောင်းချလျက်ရှိပြီး အဆိုပါ ရေစိမ်ခေါက်ဆွဲခြောက်များအား အကြီး၊ အသေး၊ အလတ် သုံးမျိုးကို ဂျပ်စက္ကူဖာများဖြင့်လည်းကောင်း၊ ဆာလာအိတ်များဖြင့်လည်းကောင်း သေသပ်စွာ ထုပ်ပိုးပြီးရောင်းချကြသည်။

ထိုရေစိမ်ခေါက်ဆွဲခြောက်များသည် နှစ်ရှည်စွာ အထားခံပြီး မှိုတက်ခြင်း၊ အာနိသင်လျော့နည်းခြင်း မရှိသောကြောင့် လူမျိုး၊ ဘာသာမရွေး ဝယ်ယူစားသုံးကြသည့်အတွက် ဈေးကွက်ကျယ်ပြန့်စွာ ရောင်းချလျက်ရှိကြောင်း သိရသည်။

စိုင်းလှမင်း

ဦးသန်းအောင်
B.Sc (Hons), M.Sc, DFAs, DA, DMA, DCA (LCCI, UK)
LCCI I & II, III

WIN Japanese Language School

Section	Period	Day	Month
Basic	17.6.2014	Tue-Fri	3
Basic	28.6.2014	Sat,Sun	5
Pre-Adv(1)	6.7.2014	Tue,Wed	4
N2,N3 Kanji	10.7.2014	Thu,Fri	4
Basic	22.7.2014	Tue-Thu	3.5
Intermediate	29.7.2014	Tue-Thu	3.5
Basic	29.7.2014	Tue-Fri	3
Pre-Adv(II)+N4 Practice	15.8.2014	Fri-Sun	3
N3 Practice	26.8.2014	Tue-Thu	3
N2 Practice	29.8.2014	Fri-Sun	3
N1 Practice	30.8.2014	Sat,Sun	3

(Main School) No.278,(First Floor) Thatabya Road, Bahan
(Branch School)

Since 1989
SAYA-TONY
IELTS FOUNDATION Exam Training
IELTS - Exam Camp
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Basic Grammar & Essay (BGE)
- Basic Translation Course (BTC)

ဟင်းလျာလည်းဖြစ် ဆေးစွမ်းလည်းထက်သည့် ဖလံတောင်ဝှေး ရောင်းအားကောင်း

ကောလင်း၊ ဇွန် ၁၀

ကောလင်းမြို့နယ် စည်ပင်သာယာဈေးတွင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကန့်ဘလူ၊ ချပ်သင်း၊ ကိုးတောင်ဘို့ တောတောင်များမှ သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသော ဖရစ်၊ ဂျုံးခြေထောက်၊ အင်ဥ၊ မျှစ်၊ မှိုအမျိုးမျိုးနှင့် ဖလံတောင်ဝှေးတို့အား ရှာဖွေသယ်ယူရောင်းချသဖြင့် ကျေးလက်နေပြည်သူအချို့ မိသားစုဝင်ငွေ ရရှိလျက်ရှိသည်။

ထိုသို့သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဖလံတောင်ဝှေး (ဒေသအခေါ်) မုတ္တမတောင်ဝှေးဆိုလျှင် အိမ်ရှင်မများမီးဖိုချောင်တွင် ကြော်လှော်ချက်ပြုတ်စားရသော ဟင်းလျာတစ်မျိုးအဖြစ် လူတိုင်းသိကြသည်။

သို့သော် ဖလံတောင်ဝှေး၏ ဆေးအသုံးဝင်ပုံကို လူတိုင်းမသိကြပေ။ ဖလံတောင်ဝှေးသည် နားပြည်ယို၊ နားကိုက်ရောဂါဖြစ်လျှင် အခွံခွာမီးကင်ပြီး အတန်ကြာအေးစေ၍ အရည်ညှစ်ယူပြီး နားတွင်းသို့ သုံးလေးစက်ခန့် မကြာခဏထည့်ပေးပါက သက်သာပျောက်ကင်းစေပြီး၊ ချောင်းဆိုးရောဂါ၊ သာမန်နှလုံးတုန်ရောဂါတို့ကို ဖလံတောင်ဝှေးအား ချက်စားခြင်း၊ နှမ်းဆီစစ်စစ်နှင့် ကြော်စားခြင်းဖြင့် သက်သာစေသည်ဟု လက်တွေ့အသုံးချသူအချို့ထံမှ သိရသည်။

ထို့အပြင် ဖလံတောင်ဝှေးကို အခြောက်လှမ်း အမှုန့်ပြုလုပ်၍ အုန်းဆီနှင့်ဖျော်ပြီး စအိုနှင့်ဆီးစပ်ကို လိမ်းထားပါက သားအိမ်လျှောကျခြင်း၊ သားအိမ်အောင့်ခြင်း၊ အမျိုးသားများ အူကျခြင်း၊ တိုနာဖြစ်ခြင်းတို့ကို ပျောက်ကင်းစေပြီး၊ ပဥ္စငါးပါးကို ငရုတ်ကောင်းနှစ်စေ့ခန့်ထည့်၍ ပြုတ်သောက်ပါက ကျောက်ကပ် ဖောရောင်ခြင်းကို ပျောက်ကင်းစေပါသည်။

ဖလံတောင်ဝှေးသည် ဒူလာရောဂါဖြစ်ပါက သုံးခွက်တစ်ခွက်တင်ကျို၍ သောက်လျှင် သက်သာပျောက်ကင်းစေပြီး ပုစွန်နှင့်ကြော်စားပါက သွေးဝမ်းရောဂါကိုသက်သာစေပြီး၊ အမဲသားနှင့်ချက်စားပါက ဆီးရွှင်စေပြီး ကျောက်ကပ်ရောဂါတို့ကို ကာကွယ်ပေးနိုင်သည်။

ထို့အပြင် ဆီးကျောက်တည်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးအားနည်းခြင်း၊ ဆီးကျန်ခြင်း၊ ဆီးဝါခြင်းတို့ကို ရေကြက်သားနှင့်ချက်စားခြင်းဖြင့် သက်သာပျောက် ကင်းစေသည်။ အမျိုးသမီးများရင်သားတွင် ဖြစ်ပေါ်တတ်သော သာမန်အကျိတ်များကိုလည်း ဖလံတောင်ဝှေးကို ထုချေ၍ အကျိတ်ပေါ်ပုံပေးပြီး အဝတ်ဖြင့်စည်းပေးခြင်းဖြင့် အကျိတ်များ ကြေစေသည်ဟု တိုင်းရင်းဆေးဆရာကြီးတစ်ဦးက ပြောသည်။ **စိုင်းလှုမင်း**

အုပ်စုတစ်စုမှ ဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်မှုဖြစ်ပွား

မကွေး၊ ဇွန် ၁၀

မကွေးမြို့၊ ရန်မျိုးနိုင်ရပ်ကွက်၊ စွယ်တော်လမ်းနှင့် ၈ လမ်းထောင့်ရှိ 'စံပယ်' အမျိုးသမီးအဆောင်ရှေ့တွင် ဇွန် ၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ကျန်းမာရေးတက္ကသိုလ်ကျောင်းသား မောင်နေလင်းဦးနှင့် သူငယ်ချင်းများက ဂစ်တာတီး သီချင်းဆိုရန်ရောက်ရှိစဉ် ခဏအကြာ လိုက်ထရပ်အဖြူရောင်ကားတစ်စီးနှင့် ဆိုင်ကယ်လေးစီး၊ လူငယ်အယောက် ၂၀ ရောက်ရှိလာပြီး ရန်ငြိုးရန်စမရှိဘဲ နေလင်းဦးနှင့် သူငယ်ချင်းခုနစ်ဦးတို့အား ဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်၊ လက်သီးဖြင့်ထိုးကြိတ်ခဲ့သဖြင့် ကျန်းမာရေးတက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် ပြည့်လျှံ တွင် ယာနောက်ကျော ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲခြေမ စုတ်ပြဲဒဏ်ရာတစ်ချက်၊ ကျော်သက်တွင် မျက်နှာပွန်းပဲ့ဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာနှင့် နေလင်းဦးတွင် ယာဂျိုစောင်း ပေါက်ပြဲဒဏ်ရာ၊ ဝဲလက်မဖူးရောင်ဒဏ်ရာများ ရရှိခဲ့သည်။ ဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်၊ လက်သီးဖြင့်ထိုးသူများအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် နေလင်းဦးမှ တရားလိုပြုလုပ် တိုင်တန်းခဲ့သဖြင့် မကွေးမြို့နယ် မြို့မရဲစခန်းက (ပ)၁၅၅/၂၀၁၄၊ပုဒ်မ ၃၂၄/၃၂၃/၁၁၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

ပြည်သူလူထုအခြေပြုလုပ်ငန်း ဆန်းစစ်ဆွေးနွေး

ပန်းတနော်၊ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု တီဘီရောဂါကာကွယ်ကုသစောင့်ရှောက်မှုဆိုင်ရာ စေတနာ့ဝန်ထမ်းလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်း၌ ဇွန် ၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ကျော့ရှင်းနှင့် အတွင်းရေးမှူး ဒေါ်ခင်ဌွေးတို့က အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်းသိရသည်။ **ခင်မောင်ဇော်မြင့်**

အိမ်တွင်းရေးအဆင်မပြေသဖြင့် အိမ်ထောင်ဦးစီးလုပ်သူ ပိုးသတ်ဆေးသောက်သေဆုံး

မြောင်းမြ၊ ဇွန် ၁၀

မြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာ၌ ဇွန် ၃ ရက် နံနက် ၉ နာရီတွင် စီးပွားရေးအဆင်မပြေသဖြင့် အိမ်ထောင်ဦးစီးလုပ်သူက ပိုးသတ်ဆေးသောက်၍ မြောင်းမြဆေးရုံသို့ တင်ပို့ကုသရာ သေဆုံးသွားကြောင်း သိရသည်။ အဆိုပါသတင်းအရ မြောင်းမြမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်မျိုးသန်းနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာနေ ဦးဗိုက်ကြီး အသက် ၅၆ နှစ်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် စီးပွားရေးအဆင်မပြေသဖြင့် ပိုးသတ်ဆေးသောက်ကာ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဇွန် ၃ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဒုရဲအုပ်အောင်မျိုးသန့်၏ တိုင်တန်းချက်အရ မြောင်းမြမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ် ၁၈/၁၄ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ပုသိမ်လုကြည်**

ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ခြင်းအခမ်းအနားကျင်းပ

ဖျာပုံ၊ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ခြင်းအခမ်းအနားကို ဇွန် ၇ ရက် နံနက်က ခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အရာထမ်းများ၊ အမှုထမ်းရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများဖြစ်သော မူလတန်းအဆင့် ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ အလယ်တန်းအဆင့် ၁၂ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ အထက်တန်းအဆင့် လေးဦးကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၊ တက္ကသိုလ်အဆင့်ပညာသင်ကြားနေသူ ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးယဉ်မောင်ဆွေက ထောက်ပံ့ငွေချီးမြှင့်ရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၊ တက္ကသိုလ်အဆင့်ကျောင်းသား ကျောင်းသူ ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဗလာစာအုပ်သုံးဒါဇင်နှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့ငွေပေးအပ်ချီးမြှင့်ရသည်မှာ မိသားစုများ၏ ကျောင်းသား၊ ကျောင်းသူများ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှုများအပြင် ပညာရေးတွင် ထူးချွန်စွာပညာသင်ကြားလိုစိတ် ဖြစ်ပေါ်လာစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုလိုထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးကပြောသည်။ **ချမ်းသာ(ဖျာပုံ)**

ဆရာရှင်မင်း (B.A)

ENGLISH Conversation Practice

Great Wall TAMWE - 540714, 09 5183636 09 49 285182

L.O(4)

Sat,Sun 9:00(am)-12:00(am)

09 500 1599, 09 8632973,09 4500 17415

တိုက်ခန်းငှားမည်

ဆက်သွယ်ရန်

(LL.B.)

မြင်းခြံ၊ ဒါးကျွန်းကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းကောင်းမှုဖြင့် ရတနာရွှေကူအေးစေတီတော် တည်ထား

မြင်းခြံ၊ ဇွန် ၁၀

မြင်းခြံမြို့ ၊ ဒေါင်းသစ်ကျေးရွာအုပ်စု၊ ဒါးကျွန်းကျေးရွာ ဗုဒ္ဓဝိဟာရဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းကောင်းမှုဖြင့် ဉာဏ်တော်အမြင့် ၆၆ ပေရှိ ရတနာရွှေကူအေးစေတီတော်အား ကိုးကွယ်ရန် တည်ထားလျက်ရှိကြောင်း သိရသည်။

"ကျေးရွာသူ၊ ကျေးရွာသားတွေ အများကောင်းမှုနဲ့ စေတီတော်ကို တည်ထားကိုးကွယ်တာပါ။ စုစုပေါင်း ငွေကျပ် သိန်း ၄၀၀ ကျော်ကုန်ကျခံမယ် ခန့်မှန်းပြီး တည်ထားခဲ့တာပါ။ စေတီတော်ရင်ပြင်တော်နဲ့ မုခ်လေးမုခ်ရဲ့ အဆင်းအတက်လှေကား လေးခုပဲ ဆက်လက်တည်ထားဖို့ ကျန်ရှိတော့တယ်။ စေတီတော်ဘွဲ့အမည်ကို ရတနာရွှေကူအေးလို့ ကပ်လှူပူဇော်ထားပါတယ်"ဟု ဗုဒ္ဓဝိဟာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဒ္ဓိဗလက မိန့်ကြားသည်။

အဆိုပါစေတီတော် တည်ထားကိုးကွယ်ရာတွင် မုခ်ဦးတစ်ခု၊ တန်ဆောင်းနှင့် တံခွန်တိုင်တို့အား တည်ထားကိုးကွယ်ရန် ဒါးကျွန်းကျေးရွာမှ ကိုရီးယားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများမှ စုပေါင်းပါဝင်လှူဒါန်းပြီး စေတီတော် တည်ထားမှုပြီးစီးရန်အတွက် ရပ်နီး၊ ရပ်ဝေးရှိပါဝင်ကုသိုလ်ယူလိုသူများမှ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

အကြွေးငွေ သွားတောင်းသူ ငွေမရဘဲ ဒဏ်ရာသာရခဲ့

ဖျာပုံ၊ ဇွန် ၁၀

ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ မြို့မကုန်းကျေးရွာ အမှတ် (၅)ရပ်ကွက်နေ မနန်းလှိုင်ဦးသည် မေ ၃၀ ရက် ည ၇ နာရီတွင် နေအိမ်၌ရှိနေစဉ် ခင်ပွန်းဖြစ်သူ ကိုခင်မျိုးအား စိုးမင်းအောင်ကတွဲခေါ်၍ နေအိမ်သို့ လာရောက်ပို့ပေးသဖြင့် မေးမြန်းရာ မနန်းလှိုင်ဦး၏ခင်ပွန်းဖြစ်သူ ကိုခင်မျိုးမှ တစ်ရွာတည်းနေ ကျော်မင်းဦး၏ နေအိမ်သို့ ဆိုင်ကယ်ဖိုးရရှိရန် အကြွေးသွားရောက်တောင်းရာမှ စကားများရန်ဖြစ်ကာ ကျော်မင်းဦးမှ ညစ်ညမ်းစွာဆဲဆိုပြီး သစ်သားတုတ်ဖြင့် ရိုက်နှက်သဖြင့် ကိုခင်မျိုးမှာ အကြွေးငွေမရရှိဘဲ နဖူးဝဲပေါက်ပြဲဒဏ်ရာ၊ ဝဲလက်ဖျံပွန်းပဲ့ဒဏ်ရာ၊ ဝဲခြေသလုံးနာကျင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇွန် ၂ ရက် ည ၇ နာရီ မိနစ် ၂၀ က မနန်းလှိုင်ဦး၏ တိုင်တန်းချက်အရ ကျော်မင်းဦးအား အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

ခရီးသွားများအန္တရာယ်ကင်းစေရေးအတွက် ပို့ဆောင်ရေးယာဉ်များအားစစ်ဆေး

မြိတ်၊ ဇွန် ၁၀

ခရီးသွားပြည်သူများ ခရီးသွားစဉ် အန္တရာယ်ကင်းစေရေးအတွက် မြိတ်မြို့မှ နေ့စဉ်ပြေးဆွဲလျက်ရှိသော မြိတ်-ဘုတ်ပြင်း-ကော့သောင်းခရီးစဉ် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များကို ဇွန် ၇ ရက် ည ၁၁ နာရီက ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီရုံးရှေ့တွင် စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းကို ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ် ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးမှုတွင် ခရီးသည်တင် မော်တော်ယာဉ်များအား ယာဉ်ကြံ့ခိုင်မှု ရှိ-မရှိ၊ ယာဉ်အစိတ်အပိုင်းများ ကောင်းမွန်စွာသုံးစွဲနိုင်ခြင်းရှိ-မရှိ၊ ယာဉ်များ ခရီးဝေးမောင်းနှင်နိုင်မှု ရှိ-မရှိ၊ ယာဉ်မောင်းများကျန်းမာရေးကောင်းမွန်မှု ရှိ-မရှိနှင့် အရက်သေစာသောက်စားထားခြင်း ရှိ-မရှိ တို့ကို စစ်ဆေးခဲ့ကြပြီး ကျန်ရှိသော မော်တော်ယာဉ်လိုင်းများအား ဆက်လက် စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ထူး (မြိတ်ပြန်/ဆက်)

ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အား တာဝန်ရှိသူများမှ စစ်ဆေးနေစဉ်။

ညောင်ဦးမြို့ သမဝါယမအသင်းအုပ်စုမှ ကျေးလက်များသို့ အသေးစားချေးငွေများ ထုတ်ချေး

ညောင်ဦး၊ ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရွာသာအေးရွာ၊ ယမ်းစမ်းရွာ ပျော့ကံရွာ၊ ရွာအိုရွာ စသည့်ကျေးရွာများရှိ မြို့နယ်သမဝါယမအသင်းစုငွေနှင့် သမဝါယမအသင်းဝင် ပြည်သူများအား အသေးစားချေးငွေများကို ကျေးရွာအရောက် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့ သမဝါယမအသင်းစုငွေထုတ်ချေးပေးသောအဖွဲ့သည် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ညောင်ဦးမြို့နယ်၊ ယမ်းစမ်းကျေးရွာအုပ်စုနှင့် ရွာသာအေးကျေးရွာတို့တွင် ငွေထုတ်ချေးပေးခဲ့ရာ ယမ်းစမ်းကျေးရွာရှိ အသင်းသား ၁၀၀ ကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သမဝါယမအသင်းစုမှ ထုတ်ချေးပေးသော ငွေများသည် အရစ်ကျစနစ် ပေးဆပ်ရမည်ဖြစ်ပြီး အတိုးနှုန်းမှာ အရင်းတစ်ရာ ကျပ်လျှင် အတိုးတစ်ကျပ်ခွဲဖြစ်ကြောင်း၊ ထုတ်ချေးငွေများကို လစဉ်အရင်းတစ်သောင်းကျပ်နှင့် အတိုးနှုန်းကို ပြန်ဆပ်ပေးရမည်ဖြစ်ကြောင်း၊ အသင်းသားအသစ်များကိုလည်း ထပ်မံလက်ခံပေးသွားမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်ဦးမောင်အေးက ရှင်းလင်းပြောကြားသည်။

"ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် ရည်ရွယ်ပြီး လယ်သမားတွေကိုလည်း ထပ်မံထုတ်ပေးသွားမှာဖြစ်ပါတယ်။ လယ်သမားတွေကို ငွေထုတ်ချေးပေးဖို့ လူဦးရေစာရင်းကိုလည်း ကောက်ခံနေပါတယ်" ဟု သမဝါယမ ထုတ်ချေးငွေအဖွဲ့မှ ဦးသံတိုင်က ရှင်းလင်းပြောကြားသည်။ **ကျော်ဌေး**

နွားထိုးကြီးမြို့နယ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

နွားထိုးကြီး၊ ဇွန် ၁၀

၂၀၁၄-ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်သူရိန် ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးမင်းဦးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းနှင့် အလယ်တန်း ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပေးခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်ဝေဝေသန်း ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။ **သန်းအောင်ဇော်(နွားထိုးကြီး)**

ချင်းပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၀၀ ကျော်ပါရှိ

ဟားခါး၊ ဇွန် ၁၀

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်ပြန်ခဲ့ရာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း အောင်စာရင်းများကို ဇွန် ၇ ရက်က ထုတ်ပြန်ခဲ့သည်။

ချင်းပြည်နယ်တွင် မြို့နယ်ကိုးမြို့နယ်ရှိပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၈၇၂၁ ဦးအနက် ၇၀၄ ဦးအောင်မြင်ခဲ့ပြီး အောင်မြင်သူများတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၂၆ ဦး ပါဝင်သည်။ ဂုဏ်ထူးအများဆုံးထွက်သည့် ဘာသာရပ်မှာဘောဂဗေဒဖြစ်ပြီး ၁၀၇ ဦးထွက်ရှိကြောင်း သိရသည်။

ဟားခါးခရိုင်(ပြန်/ဆက်)

ရန်ကုန်–ထားဝယ်–မြိတ် ကားလမ်းမပေါ်ရှိ ပုလော တံတားတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

ပုလော၊ ဇွန် ၁၀

ခရီးသည်တင်မော်တော်ယာဉ်များ နေ့စဉ်ဖြတ်သန်းလျက်ရှိသော ရန်ကုန်-ထားဝယ်-မြိတ်ကားလမ်းမပေါ်ရှိ ပုလောသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ ၁၆ မှ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်တည်ဆောက်လျက်ရှိသည်။

အဆိုပါ သံကူကွန်ကရစ်တံတားသည် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေခွဲ၊ တံတားအရှည် ၆၀၀ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၇၅ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေ တည်ဆောက်ရန်လျာထားပြီး ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ လူသွားလမ်းသုံးပေခွဲကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မော်တော်ယာဉ်များအား ဖြတ်သန်းသွားလာခွင့် ပြုခဲ့ကြောင်း သိရသည်။

ကျန်ရှိသော ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ လူသွားလမ်းသုံးပေခွဲကို တည်ဆောက်လျက်ရှိရာ တံတားကြီးတစ်စင်းလုံး တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါ သံကူကွန်ကရစ်တံတားမှာ ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပါက တံတားကြီးအား နေ့စဉ်အသုံးပြုလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက မိသားစုစီး မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပုလော(ပြန်/ဆက်)

ဓမ္မအလင်းရောင်အသင်းကြီးမှ ပဲခူးဘုန်းတော်ကြီးသင်ကျောင်းသို့ လိုအပ်သည့်ပစ္စည်းများလှူဒါန်း

ရန်ကုန်၊ ဇွန် ၁၀

ဓမ္မအလင်းရောင်အသင်းကြီး၏ သုံးနှစ်ပြည့်အဖြစ် (၃၆) ကြိမ်မြောက်အလှူအား ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ အောင်စေတီဘုန်းတော်ကြီးသင် (ပရဟိတ) တွဲဖက်အထက်တန်းကျောင်းသို့ ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ဆေးဝါးနှင့် စာရေးကိရိယာများနှင့် ဆောက်လုပ်ရေးပစ္စည်းတို့အား ဇွန် ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်စေတီဘုန်းတော်ကြီးသင်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော ရဟန်း၊ သာမဏေယ်၊ အခမဲ့ပညာသင်ကြားသူများ၊ သင်ယူနေသော ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် ရဟန်း ၁၂ပါး၊ သာမဏေယ် ၂၃ ပါး၊ မူကြို ၃၀ ယောက်၊ သူငယ်တန်း ၇၀ ယောက်၊ ပထမတန်း ၄၂ ယောက်၊ ဒုတိယတန်း ၄၉ ယောက်။ တတိယတန်း ၄၈ ယောက်၊ စတုတ္ထတန်း ၅၄ ယောက်၊ ပဉ္စမတန်း ၅၄ ယောက်၊ ဆဋ္ဌမတန်း ၄၃ ယောက်၊ သတ္တမတန်း ၁၇ ယောက်၊ အဋ္ဌမတန်း ၄၀ ယောက်၊ နဝမတန်း ၅၄ ယောက်၊ ဒသမတန်း ၂၆ ယောက်၊ ထပ်တိုး ၂၇ ယောက် စုစုပေါင်း ၅၅၄ ယောက်နှင့် ဆရာ၊ ဆရာမ ၂၆ဦး တို့အတွက် ကျပ်သိန်း ၄၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုဓမ္မအလင်းရောင်အသင်းကြီးအား ၂၀၁၁ ခုနှစ် ဇွန်မှ စတင်တည်ထောင်ခဲ့ကာ လစဉ်လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး ယခုအကြိမ်သည် အသင်း၏သုံးနှစ်ပြည့်နှင့် (၃၆) ကြိမ်မြောက်ဖြစ်ကာ ပထမအကြိမ်မှ ယခုအကြိမ်အထိ ကျပ် ၉၇၄ သိန်းကျော် လှူဒါန်းပြီးကြောင်း သိရသည်။

လစဉ်လှူဒါန်းသည့် ယင်းအသင်းအား ဆက်သွယ်လှူဒါန်းလိုပါက 'ရွှေရောင်ဝင်း' ထောပတ်၊ နို့ဆီရောင်းဝယ်ရေး၊ အမှတ် ၆၀၈၊ (အေ)ရုံ၊ သိမ်ကြီးဈေး၊ ကုန်ဈေးတန်းလမ်း၊ ဖုန်း -၀၉ ၄၂၀၀၆၅၁၀၆၊ ၀၉ ၄၂၀၀၀၁၇၃၉၊ ၀၉ ၇၃၁၁၃၉၀၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

နေဇာ(ပိတောက်ရိပ်)

မြိတ်မြို့တွင် တောင်သူများ မိုးစပါးစိုက်ပျိုးရာ၌ အထောက်အကူဖြစ်စေရန် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

မြိတ်၊ ဇွန် ၁၀

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နှစ်စဉ်မိုးဦးကျကာလတွင် တောင်သူများ မိုးစပါးစိုက်ပျိုးရာ၌ အထောက်အကူဖြစ်စေရန်အတွက် အတိုးနှုန်းသက်သာစွာ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မြိတ်)ဘဏ်ခွဲတွင်ဇွန်၉ရက်နံနက်၁၀ နာရီက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးစပါးချေးငွေ အစောဆုံးပြန်လည်ပေးဆပ်ခဲ့သည့် တုံးဗျောကျေးရွာအုပ်စုရှိ တောင်သူ ၁၄၁ ဦးအား လယ်ဧက ၈၈၁ ဧကအတွက် ငွေကျပ် ၈၈၁ သိန်း စတင်ထုတ်ချေးပေးခဲ့သည်။ မြိတ်မြို့နယ်အတွင်းတွင် အဆိုပါဘဏ်မှ ကျေးရွာအုပ်စု ၂၀ အုပ်စုရှိတောင်သူများအား လယ်ဧက ၁၉၈၅၈ ဧကအတွက် ချေးငွေကျပ် ၁၉၈၅၈ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မြိတ်ခရိုင်) ဘဏ်ခွဲမှ မြိတ်ခရိုင်အတွင်းရှိ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ မြို့နယ်များရှိ တောင်သူများအား လယ်ဧက ၃၁၀၁၇ ဧကအတွက် ငွေကျပ် ၃၁၀၁၇ သိန်းကိုလည်းကောင်း၊ ကော့သောင်းခရိုင်အတွင်းရှိ ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်များရှိ တောင်သူများအား လယ်ဧက ၁၃၂၄ ဧကအတွက် ၁၃၂၄ သိန်းကိုလည်းကောင်း ကွင်းဆင်း၍ ထုတ်ချေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ယခင်နှစ်က မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ရှစ်ရာခိုင်နှုန်းအတိုးဖြင့် ချေးခဲ့ပြီး ယခုနှစ်တွင် ငါးရာခိုင်နှုန်းဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ဘဏ်ခွဲမှမန်နေဂျာ ဦးရွှေဟိုက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေစည်းကမ်းချက်များ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးနှင့် အထွက်တိုးစပါးများ စိုက်ပျိုးရေး ဆွေးနွေးခဲ့သည်။ မြိတ်မြို့နယ်အတွင်းရှိ တောင်သူများမှာ ရာသီဥတုနှင့် ကိုက်ညီမှုရှိပြီး ရေနစ်မြုပ်မှုခံနိုင်ရည်ရှိ၍ သက်တမ်း ၁၃၅ ရက်စပါးမျိုးဖြစ်သည့် ရွှေဝါထွန်းမျိုးစပါးကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ကျွဲပွဲမြို့ စိတ္တသုခဘုရားကြီး စာသင်တိုက်ကြီးတွင် ဓမ္မစကူးသင်တန်းဖွင့်

အုတ်တွင်း၊ ဇွန် ၁၀

ဓမ္မစကူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ စိတ္တသုခဘုရားကြီး စာသင်တိုက်ကြီးတွင် ဇွန် ၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဩဝါဒစရိယ ဆရာတော် ပဲခူးတိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တဝိလာသ တိုက်ကျောင်းဆရာတော်က ဩဝါဒကထာချီးမြှင့်ပြီး ပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမလက ကျောင်းဖွင့်လှစ်ရခြင်းအကြောင်းကို မိန့်ကြားတော်မူသည်။ ထို့နောက် သင်တန်းကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းသို့ မတည်ငွေကျပ် ၂၅ သိန်းကျော်ကို မြို့ပေါ်မှ အလှူရှင်များက လှူဒါန်းခဲ့ပြီး မြို့ပေါ်ရှိ မူလတန်း၊ အထက်တန်းကျောင်းများမှ ပထမတန်းမှတတိယတန်း ကျောင်းသား၊ ကျောင်းသူ ၄၂၀ တက်ရောက်ပြီး တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၀ နာရီအထိသင်ကြားပို့ချမည်ဖြစ်သည်။

သိန်းဝင်း

ဖတ်စရာ

လေ့ကားထစ်တစ်ခု နင်းခွင့်ရပြီ

à &iftmif(D&p|ud)

နွေရာသီကို ကျွန်တော်မနှစ်သက်ပေ။ အလွန်ပူပြင်းသော မိုးနည်းရပ်ဝန်းဒေသလည်း ဖြစ်သဖြင့် အပူဒဏ်ခံရမှုမှာ ရိုးရာလည်းဖြစ်ပေသည်။ ကြည့်လေမြင်လေ ရိုးတံကျဲကျဲ သစ်ပင်အိုတို့ကလည်း အကျည်းတန် အရုပ်ဆိုးလှသည်။ အလွန်ပူပြင်းသောဒေသဖြစ်သော်လည်း ကျောင်းဖွင့်ချိန် မိုးဦးကျကာလဖြစ်သော နယုန်၊ ဝါဆိုလများတွင် သစ်ပင်တို့မှ သစ်ရွက်ကလေးများသည် အမျိုးအနွယ်ပေါ်မူတည်၍ သဘာဝဆန်သောပုံစံတို့ဖြင့် လှပမှုကို ဖော်ဆောင်နေသည်။ အလားတူ ပညာရေးသည်လည်း ငယ်စဉ်ကြီးလိုက် အရည်အချင်းရှိပညာတတ်များစွာ ပေါ်ပေါက်စေရန် ရည်ရွယ်ပြီး ခေါ်ဆောင်နေပေသည်။ ထိုအချိန်သည် မူလတန်းမှ နဝမတန်းအထိ လှေကားတစ်ထစ်တက်ရန် အချိန်ဟုလည်း ဆိုနိုင်ပေသည်။

မိမိတို့ဒေသတွင် မိုးလေဝသခေါင်မှု နှင့်အပူပိုင်းဒေသဖြစ်သဖြင့် စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းပညာမှာလည်း နေပူထဲတွင် တောတောင်နှင့် ထန်းတက်လုပ်ငန်း ဖြစ်ပေသည်။ သို့သော် မျိုးဆက်သစ်များ စာတတ်မြောက်ရေးကို မိဘတိုင်းတွင် အစဉ်အမြဲကိန်းအောင်းနေပေသည်။ အချို့သောမိဘများ 'ပညာကိုရှေ့ ဥစ္စာကိုနောက်၊ ပညာရွှေအိုး လူမခိုး'ဟု မသိကြသေးပေ။ ယခုခေတ်ပညာရေးသည် အလွန်ပင် စိတ်ဝင်စားဖွယ်အကြောင်းအရင်းဟုလည်း တွေးတောနိုင်ပေသည်။ မူလတန်းမှ အလယ်တန်းအထိကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့လျက်ရှိသည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်း အလယ်တန်းပညာကို လက်ညှိုးထိုးမလွဲ သင်ယူသင့်သည်။ ပညာရေးသည် လူလောကတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သော သော့ချက်တစ်ခုဖြစ်သည်။ ထိုကြောင့် ကျောင်းနေအရွယ်တွင်သာမက အသက်ကြီးသော်လည်း စာကြည့်တိုက်မှ စာအုပ်စာပေများ နေ့စဉ်ထုတ်သတင်းစာများကို လေ့လာသင့်သည်။ ပညာသည် ပိုသည်မရှိ။ အမြဲတမ်းအနုတ်လက္ခဏာ ဖြစ်သည်။ ယနေ့ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ထင်မှတ်လောက်အောင် ကွန်ပျူတာ အင်တာနက်တို့မှ လူနေမှု စရိုက်ကို ဖော်ပြရုံမက သဘာဝပတ်ဝန်းကျင်ကိုပါ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည်။

> ပညာရေးသည် လူ့လောကတွင် အဓိကအခန်းကဏ္ဍမှပါဝင်သော သော့ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်တွင် . . .

ထို့ကြောင့် မျက်စိမှိတ် နားပိတ် ပါးစပ်ပိတ်နေသူများလျော့ နည်းစေရန် ပပျောက်စေရန် မျိုးဆက်သစ်ပညာရေးကို မြှင့်တင်ရန် အထူးလိုအပ်သည်။ 'အချိန်ရှိခိုက်လုံ့လစိုက်' ဟူသော စကားရပ်နှင့် 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့' ဟူသောဆောင်ပုဒ် နေရာဒေသမရွေး လက်ကိုင်ထားရန် အထူးလိုအပ်ပါသည်။ 'ပညာလိုသော် မတင်းနှင့်၊ ဥစ္စာလိုသော် မငြင်းနှင့်၊ ပညာရှာ ပမာသူတောင်းစား၊ ပညာမတတ် သူ၏ဝန်ထမ်း' ဟူသော ရှေးပညာရှိတို့၏ စာဆိုတို့သည် ယနေ့ခေတ်တွင် အလွန်အရေးပါလှသည်။

ကျောင်းတိုင်းတွင် ပညာရေးသာမက အကျင့်စာရိတ္တ၊ စိတ်ဓာတ်၊ စည်းကမ်း ကောင်းရန်လည်း အထူးလိုအပ်ပေသည်။ 'ယောကျ်ားတံခွန် လူရည်မွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း' ဟူသော ရည်ရွယ်ချက်ကြီးကြီး ထားရန် လိုအပ်ပေသည်။ မည်မျှပင် ဆင်းရဲပင်ပန်းစေကာမူ ပညာတတ်မြောက်သူသည် အမြဲထာဝစဉ်ချမ်းသာနေသည်။ တတ်မြောက်ပြီးပညာတို့ကို တစ်ပါးသူအား မျှဝေရန် လွယ်ကူပေသည်။ မိမိတတ်မြောက်ပြီး ပညာကို မိမိလူမျိုး မိမိတိုင်းပြည်ချစ်စိတ် ပညာရေးမြှင့်တင်လိုစိတ်တို့ဖြင့် ကမ္ဘာမှာ မြန်မာဟေ့ဟူသော အတတ်ပညာ အသိပညာလက်မှု၊ နှုတ်မှုပညာတို့ကို မိမိနှင့် ကိုယ်ချင်းစာပြီး မျှဝေရန် အောင်နန်းမြေက အမြဲထာဝစဉ် တိုက်တွန်းလျက်ဖြင့် နိုင်ငံတာဝန်ကို အတတ်ပညာ အသိပညာ လက်မှုပညာတို့ဖြင့် နေရာအသီးသီး ဒေသအသီးသီး၌ ကိုယ်စီကိုယ်စီ ထမ်းဆောင်ကြရန် မျိုးချစ်မြန်မာပြည်သူ ပြည်သားအားလုံးကို အစဉ်အမြဲ အရိုအသေပြုလျက် တိုက်တွန်းလိုက်ရပါသည်။

မြန်အောင်တွင် မိုးရေမရသေး၍ရေနုတ်မြောင်းရေနှင့် အဝီစိတွင်းရေဖြင့် စိုက်ပျိုး

မြန်အောင်၊ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဇွန် ၈ ရက်အထိ လယ်ယာစိုက်ပျိုးရန်အတွက် လုံလောက်သောမိုးရေမရရှိသေးသဖြင့် တောင်သူလယ်သမားများမှာ ရေနုတ်မြောင်းများမှရေနှင့် အဝီစိတွင်းများထဲမှရေကို ရေစုပ်စက်များဖြင့် စုပ်ယူကာ စပါးပင်များကို ပျိုးထောင်နေရသည်။

တာခွကျေးရွာရှိ လယ်သမားကြီးတစ်ဦးက "မနှစ်ကဒီအချိန်ဆိုရင် မိုးရေရလို့ ပျိုးထောင်ပြီး လယ်စိုက်ဖို့ ပြင်ဆင်ပြီးနေပြီ။ ခုနှစ်က မိုးခေါင်နေတော့ အဝီစိတွင်းထဲကရေကို ရေစုပ်စက်နဲ့တင်ပြီးပျိုးထောင်နေရတယ်။ လယ်ငါးဧကလောက် စိုက်မယ့်ပျိုးခင်းအတွက်ရေတင်တာ ခုဆိုရင်ဒီဇယ်ဖိုး ကျပ်ရှစ်သောင်းလောက် ကုန်နေပြီ။ ဒါတောင် မိုးရွာမှ လယ်တွေကထွန်ရက်လို့ စိုက်လို့ပျိုးလို့ရမယ်။ လယ်စိုက်ဖို့ကတော့ အပေါ်ကမိုးကိုပဲမျှော်ရတော့မှာပဲ။ နှစ်တိုင်းက ဒီလိုမဖြစ်ဖူးတော့ လယ်တစ်ဧကကို ဘယ်လောက်ကုန်မယ်။ စပါးအထွက်လျော့မယ် မလျော့ဘူးဆိုတာတော့ မသိသေးပါဘူး" ဟု ပြောပြသည်။

မြန်အောင်တစ်မြို့နယ်လုံးရှိ လယ်များအားလုံးမှာ မိုးရေမရရှိသေးသဖြင့် တတ်နိုင်သူများက ရေစုပ်စက်ဖြင့် ရေတင်ကာစပါးကို ပျိုးထောင်ထားနိုင်သော်လည်း ရေတွင်းတူး၍မရသော လယ်သမားများနှင့် ငွေကြေးမတတ်နိုင်သောလယ်သမားများမှာ ယခုအချိန်အထိ ပျိုးမထောင်ရသေးကြောင်း သိရှိရသည်။

နေဝင်းဇော်(မြန်အောင်)

ထန်းစင်ကျေးရွာ တောင်သူများ ပြောင်းရိုးဈေးချိုသောကြောင့် နွားစာ အတွက် အဆင်ပြေ

ယင်းမာပင်၊ ဇွန် ၁၀

ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ ထန်းစင်ကျေးရွာမှ တောင်သူဦးကြီးများသည် ပြောင်းရိုးဈေးချိုသောကြောင့် နွားစာအတွက် အခက်အခဲမရှိ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်က အဆိုပါဒေသတွင် ရာသီဥတု ဖောက်ပြန်မှုများကြောင့် တောင်သူများအတွက် နွားစာအခက်အခဲများရှိခဲ့ပြီး နွားစာဖြစ်သော ဂျုံမှော်၊ ပဲမှော်၊ နှမ်းဖတ်ခြောက်များမှာ ဈေးတက်၍ ဝယ်ယူမရနိုင်ကြောင်း သိရသည်။

"အရင်ကတည်းက ရာသီဥတု ဖောက်ပြန်နေတာတွေ မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပေါ်ခဲ့တာလည်း ဦးတို့ပါ တွေ့ကြုံခံခဲ့ရပါတယ်။ တောင်သူဦးကြီးများအားလုံးလိုလို ဝမ်းစာမခက်ဘဲ နွားစာအခက်အခဲရှိခဲ့ကြလို့ ဂျုံမှော်၊ ပဲမှော်၊ နှမ်းဖတ်ခြောက်တွေ ဖြစ်တဲ့ နွားစာက ဈေးကြီးကြတယ်။ အဲဒါကြောင့် တချို့တောင်သူဦးကြီးတွေက စိတ်မပူရဘူးပေါ့။ သူတို့မှာ စက်တွေလည်းရှိကြတာလေ။ ဦးကြီးတို့ကျ စက်မရှိသေးတော့ နွားကိုပဲအားကိုးရသေးတယ်။ အရမ်းစိတ်ပူခဲ့ရတယ်။ နွားစာရှားတုန်းက မုံရွာမြို့နယ်ဘက်က ကွဲရဲရွာထိသွားပြီး နွားစာကို ခက်ခက်ခဲခဲ ဝယ်ယူခဲ့ရပါတယ်။ အဲဒီအချိန်က နွားစာအနေနဲ့ ပြောင်းရိုးကို ဒေသအစည်း တစ်စည်းကို ကျပ် ၃၅၀ ပေးရတယ်။ လှည်းတစ်စည်းစာ ၁၀၀ စည်းကို ငွေကျပ် ၃၅၀၀၀ နဲ့ တတ်နိုင်သလောက် ဝယ်ယူထားရပါတယ်"ဟု ယင်းဒေသမှ ဒေသခံတစ်ဦးက ပြောသည်။

"ဒီနှစ်တော့ ဦးကြီးပိုင်တဲ့ လယ်မြေထဲမှာ နှစ်ဧကလောက်ကို တစ်ပေါင်း၊ တန်ခူးလကစပြီး ပြောင်ဖြူမျိုး တစ်ခွဲလောက် ကြဲပက်ထားတာ ပြောင်းဆန်စေ့ အထွက်နည်းပါတယ်။ ဒါပေမယ့် အဓိက နွားစာအဆင်ပြေလို့ ဝမ်းသာနေရပါတယ်။ ပြီးတော့ အရင်နှစ်ဈေးထက် နွားစာပြောင်းရိုးဈေးက ၁၀၀၀၀ ကျပ်ဈေးချိုတယ်။ ရွာထဲမှာတင်လည်းပြောင်းရိုးစင်း စက်တွေရှိတယ်။ အရင်လို ခြေနဲ့မစင်းရဘူး။ အခုလိုစက်တွေနဲ့ကျတော့ လူပင်ပန်းလည်းသက်သာတယ်။ အချိန်လည်းမြန်တယ်။ ပြောင်းရိုးစင်းခက အစည်းတစ်ရာမှ ငွေကျပ် ၄၀၀၀ ပဲပေးရတယ်။ နာရီဝက်ကျော်လောက်ပဲကြာတယ်။ ဘေးအန္တရာယ်လည်း မကြောက်ရဘူး။ အရင်က ခြေနင်းစက်ထက်မက အားလုံးလိုလို အဆင်ပြေပါတယ်။ တောင်သူသုံးစက်များကိုလည်း စိတ်ပါဝင်စားပါတယ်။ ဝယ်ယူနိုင်အောင်လည်း ကြိုးစားနေပါတယ်"ဟု ဒေသခံတောင်သူဦးသာဌေးက ပြောသည်။

ထွန်းကိုကို(ယင်းမာပင်)

ဆိုင်ကယ်လိုင်စင်ပြုလုပ်

ဘီးလင်း ဇွန် ၁၀

သထုံခရိုင်၊ ဘီးလင်းမြို့နယ်တွင် တတိယအကြိမ်မြောက် ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်ပေးမှုကို ဇွန် ၉ ရက်က အောင်ဇေယျခန်းမ၌ ပြုလုပ်ပေးခဲ့ရာ သထုံ(ကညန) ရုံးမှ ဦးစိုးဝင်း စက်မှုကျွမ်းကျင်-၂ နှင့် အဖွဲ့တို့သည် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဆိုင်ကယ်လိုင်စင်များကို တစ်ပတ်ကြာ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထူးနောင်(ပြန်/ဆက်)

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များ ဈေးကောင်း
ပေးဝယ်သည့်အိမ်အရောက်ငွေပေးချေသည်။
09-43124097

SEVEN

SEVEN နှင့် ဆက်သွယ်လိုက်ပါ။

LCCI, ACCA
Ph : 0950 67748, 0931021600

ဆိုင်အရောက်ပို့ပေးပါသည်
09 73030302

ရောင်းမည်

တိုက်ခန်းငှားမည်

အိမ်ခန်းငှားမည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုပ်ခြင်သင်တန်း

မြေကွက်ရောင်းမည်
ပုဇွန်တောင်မြို့နယ်၊ ၅၇လမ်း(အလယ်)၊
ပေ(၅၀×၆၀) Hotel၊
ထပ်မြင့်အဆောက်အအုံ ဆောင်ရွက်ရန်
နေရာကောင်း
(အရှေ့လှည့်၊ မျက်နှာစာမြင်ကွင်းရှင်း)
ဖုန်း-၀၉-၄၀၁၅၄၁၆၉၉၊ ၀၉-၂၅၄၂၁၈၀၇၇

ပုလောမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်များ နေ့ချင်းပြီး လိုင်စင်ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

မော်တော်ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်ပေးနေစဉ်။

ပုလော၊ ဇွန် ၁၀

ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်ခွဲအတွင်းရှိ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်လိုင်စင်များ ထုတ်ပေးခြင်း (One Stop Service) ကို ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက ပုလောမြို့ ကျွန်းရတနာခန်းမတွင် နေ့ချင်းအပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြိတ်ခရိုင် အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၈ ရက် ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ခြင်းကို ပြည်သူများက မော်တော်ဆိုင်ကယ်လိုင်စင်များကို လာရောက်ဆောင်ရွက်ခဲ့ကြရာ စုစုပေါင်း ၂၂၄ စီး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယာဉ်မောင်းသင်လိုင်စင်များပါ တပါတည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ပုလော(ပြန်/ဆက်)

မကျီတုံကျေးရွာ၌ ရွှေဥဒေါင်းစာကြည့်တိုက်ဖွင့်

ဝက်လက်၊ ဇွန် ၁၀

စာရေးဆရာကြီး ရွှေဥဒေါင်း၏ ဇာတိမွေးရပ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မကျီတုံကျေးရွာတွင် ရွှေဥဒေါင်းစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်လှစ်ခြင်းသည် အသိပညာဗဟုသုတများ တိုးပွားမှုရှိစေရန် စာပေလေ့လာဖတ်ရှုစေလိုသဖြင့် ကျေးရွာပြည်သူများအနေဖြင့် စာအုပ်စာပေများကို ဖတ်ရှုစေလိုကြောင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က ပြောကြားသည်။

ဆက်လက်၍ ပြန်/ဆက်ဦးစီးဌာန ရွှေဘိုခရိုင် ဦးစီးအရာရှိ ဦးဌေးဝင်းက စာကြည့်တိုက် ရှင်သန်ရေး ဟောပြောပြီး စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က စာကြည့်တိုက်အတွက် သုတစာအုပ်များနှင့် စာသင်ကျောင်းအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းမြင့်က စာကြည့်တိုက်အတွက် သုတစာအုပ်များ အသီးသီး လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၂၂ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၁ ပေရှိပြီး နိုင်ငံတော်၏ မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

နန်းမြင့်

အငယ်တန်းအင်ဂျင်နီယာ(၃) ရာထူးခန့်အပ်

တောင်ကြီး၊ ဇွန် ၁၀

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ အငယ်တန်းအင်ဂျင်နီယာ(၃) လုပ်ငန်းခွင်ဝင်သင်တန်းဆင်းပွဲနှင့် ရာထူးခန့်အပ်ခြင်းအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် အငယ်တန်းအင်ဂျင်နီယာ(၃) ဝန်ထမ်းများအား ခန့်အပ်ခြင်း၊ တာဝန်ချထားခြင်း၊ ရုံးအမိန့်များကို ရှမ်း(တောင်)၊ (မြောက်)၊ (ရှေ့)တွင် တာဝန်ထမ်းဆောင်မည့် သင်တန်းသား၊ သင်တန်းသူ ၁၃၇ ဦးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်စည် ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်အထောက်အကူပြု ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ အင်ဂျင်နီယာမှူးကြီးများ၊ သင်တန်းပို့ချပေးသည့် ဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ကျွန်းလှမြို့နယ်၌ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ အခမဲ့ပေးအပ်

ဒေသခံတစ်ဦးသို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ပေးအပ်နေစဉ်။

ကျွန်းလှ၊ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ အခမဲ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၈ နာရီက မြို့နယ်စုပေါင်းရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး အကောင်အထည်ဖော်ရာတွင် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုကြောင်း တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိုးကျော်နိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကျေးရွာ ၄၀ အတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ၄၀ ကို တာဝန်ရှိသူတို့က ပေးအပ်ကြပြီး မြို့နယ်လ/ထ တိုင်းရင်းဆေးမှူး ဒေါ်ကြည်နွယ်က တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍လက်တွေ့ တစ်ရက်သင်တန်း ပို့ချခဲ့ကြောင်း သိရသည်။

မိမိတို့ကျေးရွာမှာ မြို့နှင့်အလှမ်းကွာဝေးပြီး ဆေးရုံ ဆေးပေးခန်းနှင့်လည်း မနီးကြောင်း၊ ယခုလို အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ပေးသည့်အတွက် ကျေးရွာနေပြည်သူများကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်တော့မည်ဖြစ်ကြောင်း သင်တန်းသူတစ်ဦးက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

နေပြည်တော်တွင် မိုးရာသီသစ်ပင်စိုက်

နေပြည်တော်၊ ဇွန် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီလူမှုကူညီရေးအသင်းမှ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဦးဆောင်မှုဖြင့် ပညာသိဒ္ဓိရပ်ကွက်ရှိ ခုတင် ၅၀ ဆေးရုံတွင် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းအား ဆေးရုံအုပ် ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ မြတ်ပါရမီလူမှုကူညီရေးအသင်းဝင် ၁၀၀ ကျော်တို့က ဇွန် ၈ ရက် နံနက် ၉ နာရီက ကျွန်းပင်၊ ကုက္ကိုပင်၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေပင်စသည့် အရိပ်ရပင် ၁၀၀ အားစိုက်ပျိုးကြသည်။

ကိုကိုရူပ

ပြည်ပအလုပ်အကိုင်လိုင်စင်မရှိဘဲ ပြည်ပသို့ပို့ဆောင်ရန် စီစဉ်သူအား အရေးယူ

ရန်ကုန်၊ ဇွန် ၁၀

ဇွန် ၇ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့နယ်နေ အသက် ၃၀ အရွယ်အမျိုးသမီးမှယခုနှစ်မေလအတွင်း တာချီလိတ်မြို့နယ် လနှစ်လုံးတိုက် ကေတီဗွီမန်နေဂျာကျော်သက်ထွေးထံသို့ သွားရောက်အလုပ်ရှာစဉ် ၎င်းက တရုတ်နိုင်ငံ ချင်မြို့ရှိ ကေတီဗွီတွင် တစ်လလျှင်တရုတ်ယွမ် ၃၀၀၀၀ ရရှိမည်ဟု စည်းရုံးပြောဆိုခဲ့သည်။ ထိုသို့ပြောဆိုသည်ကို တာချီလိတ် မြို့နယ်နေသူ သူငယ်ချင်းအမျိုးသမီး သုံးဦးကလည်း လုပ်ကိုင်လိုကြောင်း ပြောဆိုခဲ့သဖြင့် မေ ၂၉ ရက်တွင် ကျော်သက်ထွေးမှ ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် ခေတ္တတည်းခိုခိုင်းသဖြင့် ပြည်ပအလုပ်အကိုင် လိုင်စင်မရှိဘဲ ပြည်ပသို့ ပို့ဆောင်ရန် စီစဉ်သူကိုအရေးယူပေးရန် တိုင်ကြားခဲ့သည်။ လှိုင်မြို့မရဲစခန်းက (ပ)၃၁၂/၁၄ ပြည်ပအလုပ်အကိုင် ဥပဒေပုဒ်မ၂၆ အရအ မှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၁)

AUTRON နားကြားကိရိယာ
KONYAN CAR RENTAL & TRAVEL SERVICES
Android Application
ဒေါ်ယုယုမြင့်
L.C.C.I, A.C.C.A, C.I.M.A
(Scholarship Available)
09 73030977, 09 5014563
မြေကွက်ဝယ်လိုသည်
ဆိပ်ကမ်း
09 31268183
09 31589922

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ ဦးသိန်းလွင်-ဒေါ်ရင်မေတို့၏သား

ဗိုလ်မှူးအောင်မျိုးမင်း

MCSc(DSA)

ဦးစီးအရာရှိ(ဒုတိယတန်း)စစ်ရာထူးခန့်ချုပ်ရုံး

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ

ဦးတင်လေးမောင်[ဒု-ပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)]-ဒေါ်သဇင်တို့၏သမီး

မဝင့်နဒီဇင်လေးမောင်

B.Sc(Chemistry)

တို့အား ၅-၆-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ ၇-၆-၂၀၁၄ရက်တွင် မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်လျက် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့်ဇနီး ဒေါ်ရွှေဝါတင်အုံးတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၏ဇနီး ဒေါက်တာခင်မြဝင်း၊ ဒုတိယဝန်ကြီးဒေါက်တာအောင်ကျော်မြတ်တို့အားလည်းကောင်း၊ ဗိုလ်ချုပ်ညိုစော၏ဇနီး ဒေါ်စမ်းစမ်းအေး၊ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်မင်းနိုင်၏ဇနီး၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၆၆)မှ သူငယ်ချင်းအရာရှိများနှင့် ဇနီးများ၊ နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်၍ လက်ဆောင်မွန်များ ပေးပို့ကြပါသော ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်ဇနီး၊ ဗိုလ်ချုပ်မင်းနောင်နှင့်ဇနီး၊ ဗိုလ်ချုပ်ကံမြင့်သန်းနှင့်ဇနီး၊ ဗိုလ်မှူးချုပ်ဝင်း ဗိုလ်ရှိန်နှင့်ဇနီး၊ ရဲချုပ်ဇော်ဝင်းနှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သူလင်း၊ မင်္ဂလာပန်းကြဲပေးပါသော မသက်ထားမြတ်ရည်စံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မယုဇနအောင်မြင်၊ မင်္ဂလာလက်ထပ် လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မဝင့်နိုးနိုးဇင်လေးမောင်၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံများဖြင့် ကူညီပေးပါသော ဗိုလ်မှူးဟန်ထွန်းဇော်၊ ဗိုလ်မှူးအောင်ဟိန်း၊ မမေဖြူဇင်၊ မဖူးပွင့်သော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ရွှေယမင်းဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော "စိုး"တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်ဆံပင် အလှဆင်ပေးပါသော ရတီ(ခင်စန်းဝင်း)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော သီတဂူ(သစ်ခွခြံ)၊ မေတ္တာဖြင့်လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော "ပြည့်သျှံ" စိန်၊ရွှေ ရတနာဆိုင်(ဗိုလ်ချုပ်ဈေး)၊ ခြံအမှတ်(၁၄)၊ ရွှေတောင်ကြားလမ်းမှ ဒေါ်သီတာအောင်(ရတနာကုန်သည်)၊ မင်္ဂလာဧည့်ခံပွဲ ပန်းအလှပြင်ပေးပါသော ကိုခင်မောင်ဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော ကိုစိုင်းဘုန်းထူးနှင့်အဖွဲ့သားများ၊ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဦးဝင်းသော် (ဒုတိယညွှန်ကြားရေးမှူးချုပ် ဗဟိုဘဏ်)နှင့်ဇနီး ဒေါ်သီတာဦး၊ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)နှင့်ဇနီး ဒေါ်ဥမ္မာမျိုးတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်မှူးအောင်မျိုးမင်း-မဝင့်နဒီဇင်လေးမောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်သည် ၂၀၁၃-၂၀၁၄ခုနှစ် သစ်ထုတ်ရာသီတွင် ထုတ်လုပ်ခဲ့သော မော်လိုက်(အရှေ့)သစ်ထုတ်ရေးဒေသ၊ လောင်းကောင်းသစ်ဆိပ်ရှိ သစ်မာ(ကညင်) သစ်လုံး(၅၇၁၉)၊ သစ်တန်(၆၈၉၉.၃၂၂)အား ရန်ကုန် ဒဂုံတောင်သစ်ဆိပ်သို့ ရေကြောင်းမှသယ်ယူရန်အတွက် သစ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်စည်းကမ်းချက်များကို ၁၀-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ကျပ်(၅၀၀၀ဝိ/-)တိတိနှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ တတိယထပ်ရှိ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပြီး ဖုန်း-၀၁-၂၀၂၀၅၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

Cambridge University အသိအမှတ်ပြုလက်မှတ်ရ Native and Local Instructor များမှ Cambridge University ၏ နည်းစနစ်အတိုင်း စနစ်တကျ သင်ကြားပို့ချပေးနေပါပြီ
GETC
Opening in June
Communicative English General English IELTS
Foundation English Program Business English
537895, 502775 549590 www.getc-languageschool.com

Riso
Print 70gsm = 25ks

ပလာတာဘုပ်
လှူချင်ရင်
တစ်ဒါဇင်၉၀၀ကျပ်
Ph:09-36220874, 01-384927

Full Auto
PH:09 731 99 410
09420035882, 73199257

ကမာရွတ်ဆင်မလိုက်လမ်းဆုံ
မြေညီတိုက်ခန်း
ပေ(၁၂½×၅၀) ငှားမည်။
ဖုန်း-၀၉-၇၃၀၀၀၀၃၈

နေရာကောင်းများရောင်းမည်
နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်၊
ပျဉ်းမနား-ပေါင်းလောင်း၊ လမ်းမပေါ်
ဖုန်း-၀၉-၈၅၀၀၂၇၅၊
၀၉-၈၅၀၁၄၄၃

City View Real Estate

[illegible]	(1860sqft)			7500L
[illegible]	(40x60)			3400L
[illegible]	(40x60)			2600L
[illegible]	(30x60)			2500L
[illegible]	(40x60)			2300L
[illegible]	(1950sqft)	MR,2BR	Lift	3500L
[illegible]	(3800sqft)	MR,3BR	Lift	3000L
[illegible]	(1750sqft)	MR2,1BR	Lift	2250L
[illegible]	(1600sqft)	MR2,1BR,Rc	Lift	2150L
[illegible]	(1800sqft)	MR,Rc	Lift	1700L
[illegible]	(25x60)	Hall	GF	1850L
[illegible]	(12½x65)	Hall	GF	1200L
[illegible]	(15x55)	BR,AC	GF	1000L
[illegible]	(12½x50)	BR	GF	970L
[illegible]	(14x60)	BR2	GF	950L
[illegible]	(2 acre)		Land	5200L
[illegible]	(4 acre)		Land	2000L
[illegible]	(16 acre)		Land	1300L
[illegible]	(2 acre)		Land	800L
[illegible]	(80x100)			0.82L

392728, 09520d1/26, 095179976, 098587727, 095158927

Medal Winners များ မွေးထုတ်ပေးသော
U Aye Kyu
(Institute of Economics)
(UNIQUE education service)
(Since 1997)
LCCI (PEARSON) Approved Centre
LCCI သင်တန်းများ စတင်ဖွင့်လှစ်နေပြီ
Yangon
No (11), 112 Street, Mingalar Taung Nyunt Tsp, Yangon
Tel: 01-202037, HP: 09-5161658, 09-73179160
Taungngu
No 4/125, 5th Street, Near May Hnin Beauty Centre, Taungngu
Tel: 09-49430106, HP: 09-428155919

၂၀၁၄ June တွင် ဖွင့်လှစ်မည့် နိုင်ငံတကာအသိအမှတ်ပြု Business Management Diploma, ABE UK သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

WISE College မှ Business Management Diploma ABE (UK) Diploma များကို ဖွင့်လှစ်ပေးပါမည်။

1. Business Management Diploma
2. Business Management Higher Diploma (Part-1)
2. Business Management Higher Diploma (Part-2)
3. Business Management Graduate Diploma

(၁) ABE သင်တန်းသားများသည် CO-OP University နှင့် WISE College ... Management Diploma ... Management Diploma ...
(၂) ABE ... Scholarship ... Business Management Higher Diploma ... Graduate Diploma ... WISE College ...
(၃) Business Management Diploma ...
(၄) ... Business Management Higher Diploma (Part-1,2) ...
(၅) ... Business Management Graduate Diploma ...
(၆) Business Management Higher Diploma နှင့် Graduate Diploma ... (UK, U.S.A, Australia, etc...) ... BA Final Year ... MBA 1st Year ...
(၇) ABE သင်တန်းသားများသည် WISE College ... Business Management Certificate ... ၁၀၀% ...
WISE College (1009 A-B) ...

ဖုန်းနံပါတ် ၀၁ ၅၅၆၁၈၃၁၊ ၀၉ ၄၂၀၁၅၅၅၈၆၂၊ ၀၉ ၂၀၀၇၂၃၃၀၀၄

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မဇင်မာဝင်းမြင့်

(၂၉)နှစ်၊ ပြည်

NANGYANG Poly GRADUATE

NTU STUDENT

သမီးမိသားစုတို့ကို ခွဲခွာသွားတာ ၁၁-၆-၂၀၁၄ဆိုရင် သုံးနှစ်ပြည့်သွားပါပြီ။ သမီးကို လွမ်းဆွတ်သတိရနေတာ ကတော့ နေ့စဉ်နေ့တိုင်းပါပဲ။ အပြင်ပန်းကကြည့်ရင် ဘာမျှမဖြစ်သလို ထင်ရပေမယ့် အောက်မေ့တမ်းတသတိရခြင်း ကတော့ရင်နဲ့အပြည့်ပါပဲ။ အဖေအမေနဲ့မိသားစု အပေါ်မှာ တာဝန်ကျေခဲ့တဲ့သမီးလေး ကောင်းရာသုဂတိလားပါ စေလို့ ဆုတောင်းလိုက်ပါတယ်။

Dr.ဝင်းမြင့်၊ ဒေါ်သင်းသင်းမြင့်

တေဇာဝင်းမြင့်၊ ဟိန်းကျော်စော၊ လျှမ်းထက်သူရိန်

ဝမ်းနည်းကြေကွဲခြင်း

နေးရှင်းဦးလှထွေး (၈၄)နှစ်

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း တည်ထောင်သူနှင့် နာယက နေးရှင်းဦးလှထွေးသည် ၃-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)

အမည်မှန်

ပြင်ဦးလွင်မြို့အထက(၁)ဒသမ တန်းမှ မောင်စိုးမိုးနိုင်၏ ဖခင် အမည်မှန်မှာ ဦးဇော်မြင့်[၉/မမန(နိုင်)၀၀၁ ၇၅၅] ဖြစ်ပါသည်။

အမည်မှန်

ပြင်ဦးလွင်မြို့၊ အင်သာရွာမှ ကျွန်တော် ဦးဉာဏ်ထွန်း၏အမည်မှန်မှာ ဦးဉာဏ်မျိုးလင်း [၉/မမန(နိုင်) ၀၆၃၇၅၈] ဖြစ်ပါသည်။

ဦးဉာဏ်မျိုးလင်း
[၉/မမန(နိုင်)၀၆၃၇၅၈]

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓိ(၁၁)လမ်း၊ အမှတ်(၆၄၃)(ခ)၊ ဒုတိယထပ်၊ အကျယ်ပေ(၁၈×၅၂)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာဦးမျိုးသန့်ထူး[၁၂/ဒဂဆ (နိုင်)၀၀၃၉၁၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဦးကျော်ဌေးသူ [၁၂/ဗဟန(နိုင်)၀၉၀၁၀၉]က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအောင် (LL.B.,D.B.A.,D.B.L.,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၅)
အမှတ် ၂၄၆(A)၊ သံလျက်စွန်းလမ်း၊ ၂-ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်။ ဖုန်း ၀၉-၂၅၀၂၇၇၈၉၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်-၇၃၁(က)၊ အကျယ်အဝန်း ဧရိယာ(အလျား ၂၀ပေ×အနံ၆၀ပေ)ရှိ ဦးသိန်းဇံ[၁၂/ဥကမ(နိုင်) ၁၃၇၃၄၅]အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၄)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၇၃၁/က)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရှိနေထိုင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံတင်ပြလာသူ ဒေါ်တင်တင်သန်း[၁၄/ခနဖ(နိုင်)၁၁၈၆၅၃]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းထွန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)
အမှတ်(၂၈)မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ၅-ရပ်ကွက်၊ ပင်းယ(၁၃)လမ်း၊ အမှတ်(၄၁၆/က)ဟု ခေါ်တွင်သော မြို့မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၄၁၆/က)၊ အကျယ် အဝန်းပေ (၂၀×၆၀)ရှိ ဦးမြင့် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေ၏အစိတ်အပိုင်းကို အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်မွန်နီ[၁၂/ဥကတ(နိုင်)၁၁၅၆၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းသီရိဇော်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၁၄၀၅)
တိုက်အမှတ်-၁၊ အခန်း(၃၀၂)၊ ကွမ်းခြံ(၆)လမ်း၊ (၄)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ဖုန်း ၀၉-၅၄၀၅၃၁၆

ဒေါ်ခင်မြဝင်း (၆၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းဈေးကလေး လမ်းမတန်း၊ အမှတ်(၁၃၄/A) နေ (ဦးမြသိး-ဒေါ်တာ) တို့၏ သမီး၊ ဦးတင်မင်း၏ ဇနီး၊ ကိုသူရအောင်-မဆွေဆွေမြင့်၊ ဗိုလ်ကြီးအောင်ခိုင်ဝင်း-မခင်သဇင်အောင် တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၉-၆-၂၀၁၄ ရက် နံနက် ၉း၅၁နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်ဒါယကာ
ဦးကြည်လင်း (၅၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ဝါးခယ်မမြို့၊ အမှတ်(၈၇)၊ဈေးရပ်ကွက်၊ခေါက်ဆွဲတန်းလမ်း၊BOCတိုက်နေ (ဦးလှရှိန်-ဒေါ်လှကြင်) တို့၏စတုတ္ထသား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်(၁)ရပ်ကွက်၊အမှတ်(၁၁၅)၊(၃၃)လမ်း(လယ်)၊၃-လွှာ၊၄-လွှာနေဒေါ်ခင်စန်းဝေ၏ခင်ပွန်း၊ မောင်သက်ထွန်းအောင်-မမေသန္တာစိုး၊မဆွေဆွေသော်၊မအေးမြတ်မွန်တို့၏ချစ်လှစွာသော ဖခင်သည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက်၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၁နာရီ ထွက်ပါမည်။)

ကလော(GTI)
ကျောင်းသား၊ကျောင်းသူဟောင်းများ
(၁၉၇၉၊၁၉၈၀၊၁၉၈၁)

ရဟန်း၊သိမ်ဒါယကာ
ဦးကြည်လင်း (၅၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ဝါးခယ်မမြို့၊ အမှတ်(၈၇)၊ဈေးရပ်ကွက်၊ခေါက်ဆွဲတန်းလမ်း၊BOCတိုက်နေ (ဦးလှရှိန်-ဒေါ်လှကြင်)တို့၏စတုတ္ထသား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်(၁)ရပ်ကွက်၊အမှတ်(၁၁၅)၊(၃၃)လမ်း(လယ်)၊၃-လွှာ၊၄-လွှာနေ ဒေါ်ခင်စန်းဝေ၏ခင်ပွန်း၊မောင်သက်ထွန်းအောင်-မမေသန္တာစိုး၊ မဆွေဆွေသော်၊မအေးမြတ်မွန်တို့၏ချစ်လှစွာသော ဖခင်သည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက်၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၁နာရီ ထွက်ပါမည်။)

ကလော(GTI)
ကျောင်းသား၊ကျောင်းသူများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်(၉၁၀/ က)၊ မြေကွက်တည်နေရာအမှတ် (၉၁၀/က)၊ မြို့မ(၁၁)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးတင်စိုး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်စိုး(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်လှမူသိန်း [၁၀/သထန(နိုင်) ၀၁၂၉၈၉]မှ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ် မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ် BC-6299
နာယက၊ကုက္ကိုင်းရေကူးအသင်း

(ဦးဖိုးသာ-ဒေါ်သိမ်း)တို့၏သား၊ (ဦးအေးကြည်-ဒေါ်စု)တို့၏သားသမက်၊ (ဦးခင်မြင့်-ဒေါ်တင်မြိုင်)၊(သူရဦးစိန်သောင်း)တို့၏ညီ၊ ဦးစိုးသိန်း-ဒေါ်ခင်နှင်းရီတို့၏ အစ်ကို၊ အမှတ်(၄၂) ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်ကြည်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-Captainအောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်(ခ)Bernadine၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ (ကိုသက်ဝင်းလွင်(ခ)Bopi)၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်၊ ဒေါက်တာအေးအေးအောင်(ခ)အိဖြူလွင်၊ မခင်ချမ်းမြေ့စိုးလွင်၊ မသဥ္ဇာအောင်(ခ)လုံးလုံး၊ မောင်နေဝင်းလွင်(ခ) ချန်းချန်း၊ မဆောင်းဝင်းလွင်၊ မလဝင်းလွင်တို့၏အဘိုး၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၆-၂၀၁၄(စနေနေ့)နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ်
(BC-6299)

ဦးဝေလွင်(TMW Enterprise) - ပါမောက္ခဒေါ်ဝင်းမင်းသစ် (ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ရန်ကုန်ဆေးရုံကြီး)တို့၏ ဖခင်ကြီး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးနှောက်နှင့်အာရုံကြောရောဂါပညာဆိုင်ရာအဖွဲ့
(မြန်မာနိုင်ငံဆရာဝန်အသင်း)

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ်
(BC-6299)

ဦးဝေလွင်-ဒေါက်တာဒေါ်ဝင်းမင်းသစ်တို့၏ ကျေးဇူးရှင်မွေးသဖခင် ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၁၁း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်လွင်၊
ဦးမျိုးဆွေနှင့် Excellent Creationမှဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ်
(BC-6299)

ဦးဝေလွင်နှင့် ဒေါက်တာဒေါ်ဝင်းမင်းသစ် (TMW Enterprise)တို့၏ ဖခင်၊ဦးဇော်လတ်နှင့်ဒေါ်ဝေသစ်လွင်(abc Convenience Store)တို့၏အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း) အသက်(၈၄)နှစ်သည် ၈-၆-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုသတိုးဟိန်းနှင့်မအိချော(မြန်မာ့ညြဘာလုပ်ငန်းစု)
ကိုကယ်ဗင်နှင့်မချောချော(Post Mandalay Media)မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမင်းလွင် (၈၄)နှစ်

ဦးဝေလွင် (Chairman,TMW Group of Companies) နှင့် Prof. ဒေါက်တာဝင်းမင်းသစ်တို့၏ ဖခင် ဦးမင်းလွင် အသက်(၈၄)နှစ်သည် ၈-၆-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုတက်နေလင်းထွေး-မစန္ဒာလှိုင်
MC Electronic Centre

ဝမ်းနည်းကြေကွဲခြင်း

ဦးဝေလွင်-Prof.ဒေါက်တာဝင်းမင်းသစ်တို့၏ ဖခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်၊ ဒေါ်ခိုင်သစ်လွင်တို့၏အဘိုး ဦးမင်းလွင် အသက်(၈၄)နှစ်သည် ၈-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ
MEDG Co.,Ltd.

ဝမ်းနည်းကြေကွဲကြောင်း
ဒေါ်ခင်ဝင်းမြင့်(ဘက်ရဲ)
အသက်(၇၇)နှစ်

သူငယ်ချင်းဒေါက်တာစိုးမင်းနိုင်(မူခင်းဘက်ဆိုင်ရာ ဆေးပညာဆရာဝန်ကြီး)၏မိခင်ကြီး ဒေါ်ခင်ဝင်းမြင့်သည် ၇-၆-၂၀၁၄(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားခြင်းအတွက် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၁/၈၂(ဆေးတက္ကသိုလ်-၂)မှ သူငယ်ချင်းများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တခေမိန္ဒာစာရ
သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်
ခေမိန္ဒာရာမကိုးတွင်းကျောင်းတိုက်၊ လှိုင်မြို့နယ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တံတားဖြူကန်လမ်း၊ (၁၀)ရပ်ကွက်၊ ခေမိန္ဒာရာမကိုးတွင်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော်၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငွေးပင်ရိုးအုပ်စု၊ ကျောက်တန်းကျေးရွာနေ ခမည်းတော်ဦးစိန်ခို-မယ်တော်ဒေါ်ဖွားတုပ်တို့၏သား ဘဒ္ဒန္တခေမိန္ဒာစာရ သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်ရှိ ဆရာတော်ကြီးသည် (၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၀ရက်) ၇-၆-၂၀၁၄(စနေနေ့) ည ၈း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆-ခုနှစ်၊ နယုန်လပြည့်ကျော် ၃ရက်) ၁၅-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ခေမိန္ဒာရာမကိုးတွင်းကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။ အန္တိမစျာပန ကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန့်ဇင်(ခ)အီရန်ကွီး (၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ သုခလမ်း၊ (၅၉)လမ်းသွယ်၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ [ဦးပြုံးချို(ခ)တန်တက်ကင်း]-ဒေါ်ရှုခင် တို့၏သားကြီး၊ (ဦးချစ်ဟုန်-ဒေါ်အုန်းလှ)တို့၏ သားသမက်၊ ဒေါ်စိုးစိုးဦး-ဦးခင်မောင်ဝင်း၊ ဦးစိုးနိုင်-ဒေါ်သီသီအောင်၊ ဦးထွန်းထွန်းနိုင်-ဒေါ်တာရာဝင်း၊ ဦးမိုးဆန်းနိုင်-ဒေါ်သူဇာမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) ည ၇း၂၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုရဲမှူးကြီး ဦးဘသန်း(ငြိမ်း)သည် ၄-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကောင်းရာသုဂတိလားပါစေ။

ဒုရဲမှူးဝင်းစိန်(ငြိမ်း) မိသားစု
(ယခင် ရှမ်းပြည်နယ်ကွမ်းလုံမှ တပည့်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြမြနွယ် (Jessie)
အသက်(၈၀)
(တာဝန်ခံဆရာဝန်-ငြိမ်း၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ)

ဒေါ်အေးမြမှန်(မြန်မာသံရုံး၊ ကင်ဘာရာမြို့)-ဦးသက်ဝင်း(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ မိခင် ဒေါက်တာမြမြနွယ်သည် ၆-၆-၂၀၁၄(သောကြာနေ့) နံနက် ၀၀း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံရေးရာဦးစီးဌာနမိသားစု၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သောင်း(၆၀)
အုပ်ချုပ်ရေးမှူး၊
မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ဗိုလ်တထောင်မြို့နယ်

ဒေါ်ကြူမင်းအောင်၏ခင်ပွန်း ဦးအောင်သောင်းသည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်
၁၉၇၄-၇၈ခုနှစ်၊ ရူပဗေဒကျောင်းသား/သူများ

ဝမ်းနည်းကြေကွဲကြောင်း
ဒေါ်ခင်ဝင်းမြင့်(ဘက်ရဲ)
အသက်(၇၇)နှစ်

ဒေါက်တာစိုးမင်းနိုင်(မူခင်းဘက်ဆိုင်ရာ ဆေးပညာဆရာဝန်ကြီး)၏မိခင်ကြီး ဒေါ်ခင်ဝင်းမြင့်သည် ၇-၆-၂၀၁၄(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

M -Pharma Distribution Group
Dr.ကျော်မင်းဦးနှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲကြောင်း
ဒေါ်ခင်ဝင်းမြင့်(ဘက်ရဲ)
အသက်(၇၇)နှစ်

ဒေါက်တာစိုးမင်းနိုင်(မူခင်းဘက်ဆိုင်ရာ ဆေးပညာဆရာဝန်ကြီး)၏မိခင်ကြီး၊ ဒေါ်ခင်ဝင်းမြင့်သည် ၇-၆-၂၀၁၄(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

San Lwin Trading Co.,Ltd.
Dr.ဆန်းလွင်နှင့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာဦးဝေလွင် (Chairman,TMW Group of Companies) နှင့် ဆရာမ Prof.ဒေါက်တာဝင်းမင်းသစ်တို့၏ ဖခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်၊ ဒေါ်ခိုင်သစ်လွင်တို့၏အဘိုး ဦးမင်းလွင် အသက်(၈၄)နှစ်သည် ၈-၆-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ
TMW Group of Companies

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာ စိုးမင်းနိုင် (မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါ်အေးအေးမော် တို့၏ မိခင်ကြီး ဒေါ်ခင်ဝင်းမြင့် အသက်(၇၇)နှစ် သည် ၇-၆-၂၀၁၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ ဆေးတက္ကသိုလ်(၂)
ရန်ကုန် (1982 Nov; batch)

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ်
BC-6299

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်တို့၏ ဖခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်၊ ဒေါ်ခိုင်သစ်လွင်တို့၏အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်ဝင်းအောင်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)
ဦးသိန်းထွန်းအောင်-ဒေါက်တာလတန်ခွန် မိသားစု
ဦးဇော်ထွန်းအောင်-ဒေါ်ဝါဝါမြတ် မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း) အသက်(၈၄)နှစ်သည် ၈-၆-၂၀၁၄ရက် နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

5 Network မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း) အသက်(၈၄)နှစ်သည် ၈-၆-၂၀၁၄ရက် နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပန်းသီးဖောင်ဒေးရှင်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ကျောင်းအမကြီး
ဒေါ်သောင်းသောင်းညွန့်(မုံရွာ) (၈၆)နှစ်

မုံရွာမြို့၊ ရွှေကျားစောက်စက် (ဦးလှစိန်-ဒေါ်မိုးစိန်)တို့၏အစ်မ၊ ကိုကျော်ကျော်စိန်-မနန်းရတနာဝင်း၊ မအေးအေးမော်၊ ကိုမောင်မောင်ဌေး-မတင်ဌေး၊ ဒေါက်တာထင်ကျော်ဦး-မသီတာအေးတို့၏ အဒေါ် ဒေါ်သောင်းသောင်းညွန့်သည် ၉-၆-၂၀၁၄(တနင်္လာနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ထူးမော်ကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ဇရပ် အလှူဒါယိကာမကြီး
ဒေါ်နက်တုတ် (၈၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ကွဲ့ဆည်ကန်၊ မြဝတီမင်းကြီးလမ်း၊ လမ်းသွယ်(၄)၊ အမှတ်(ယ-၁/၇၄)နေ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)-(ဒေါ်မေသန်းရီ)တို့၏မိခင်သည် ၇-၆-၂၀၁၄(စနေနေ့) ည၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MD
Director နှင့်
Tiger Supply Co.,Ltd. မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပန်းချီဆရာကြီး ဦးခင်မောင်ရင် အသက်(၇၆)နှစ်သည် ၁၀-၆-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃း၂၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပန်းချီ/ပန်းပု
အစည်းအရုံး(ဗဟို)

ဝမ်းနည်းကြေကွဲခြင်း
Dr.လှိုင်ကြူ(သဲကုန်း)
အသက်(၇၄)နှစ်

အန်တီဒေါ်တင်သိန်း၏ချစ်လှစွာသောခင်ပွန်း ကိုသူရိန်ဦးနှင့် မမွှေးပုံ့ဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး Dr.လှိုင်ကြူသည် ၈-၆-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၇(Civil) ပြည် G.T.I မှ
သူငယ်ချင်းများ

သင့်သွေးဖြင့် အသက်ကယ်ပါ

နာရေး

ဒေါ်အုန်းကြည်
အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးမှတ်-ဒေါ်ရွှေတင်)တို့၏ သမီး၊ ဦးအောင်မြင့်၏ ချစ်လှစွာသော ဇနီး၊ ကိုနေမျိုးအောင်-မနှင်းယုအောင်၊ ကိုချိုဝင်းအောင်-မထိုက်ထိုက်ထွန်း၊ ကိုမင်းကြည်-မသဇင်အောင်၊ မောင်မင်းမင်းအောင်-မနန်းခင်ကြည်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၆-၆-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင်ပင် ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သန်လျင်မြို့နယ်၊ရုံးတော်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(B-35) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယိကာမကြီး
ဒေါ်ရီသန်း(ကျွဲကူး)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၅)နေ (ဦးထွန်းတင်-ဒေါ်ပုလေး)တို့၏သမီး၊ (ဦးစိန်ကြည်)-ဒေါ်ခင်လှ၊ ဦးတင်ဖေ-ဒေါ်ခင်မြအေးတို့၏ညီမ၊ ဦးမင်းအောင်၏အစ်မ၊ တူ၊ တူမခြောက်ယောက်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ရီသန်းသည် ၉-၆-၂၀၁၄ (တနင်္လာနေ့) ည ၁၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စွမ်တီ
အသက်(၅၃)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တန့်ယန်းမြို့နယ်နေ ဦးလလ်အေ-ဒေါ်ချိုပြုံးတို့၏ သမီး၊ဒေါ်ကြည်လင်၏အစ်မ၊ ဦးအောင်ဖြိုးထွန်း၊ မညိုညိုလွင်၊ မညိုညိုအေး၊ မောင်အောင်သန်းဌေး-မမိုးမိုးညို၊ မဝင်းရတနာမိုးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ တိုက်(၁)၊ အခန်း(၂)၊ အလုံမီးရထားဝင်းနေ ဦးညိုသီး၏ချစ်လှစွာသောဇနီးသည် ၇-၆-၂၀၁၄(စနေနေ့) နံနက် ၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရင်ရင် (၇၁)နှစ်
(ကျွန်းကုန်း၊ ဝါးခယ်မ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၉၄၃)၊ ပထမထပ်နေ ဦးမြတ်မောင် [တပ်မတော်-ရေ(ငြိမ်း)]၏ ဇနီး ဦးဝင်းအောင် - ဒေါ်အေးအေးသင်း၊ ဦးသက်လွင်(ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့) - ဒေါက်တာဌေးဌေးဝင်း (ကထိက၊ ငြိမ်း)၊ (ဒေါ်မြတ်မြတ်မိုး)၊ ဗိုလ်ကြီးမြတ်လင်း(တပ်မတော်ရေ-ငြိမ်း) (Second Officer F.G)တို့၏ မိခင်၊ မအိအိသိမ့် (အမက-၅၊ မရမ်းကုန်း)၊ မောင်ဇွဲထက်လင်း (All ID)၊ မသက်ထားအောင်၊ မငွေဇင်ထက်၊ မောင်ညာဏ်လင်းကျော်တို့၏ အဘွား၊ မောင်မင်းလျှံဖြိုး ၏ဘွားဘွားကြီးသည် ၉-၆-၂၀၁၄ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ထားဝယ်အသင်း
ဒေါ်ခင်ကြည်(ထားဝယ်)
အသက်(၈၄)နှစ်
(သက်ကြီးကန်တော့ခံ)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဇရစ်ရပ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၃၀၆)နေ (ဦးထွန်းလင်း-ဒေါ်ကျင်မေ)တို့၏သမီး၊ (ဦးယုဝါ)၏ဇနီး အသင်းဝင်အမှတ်(၅၆၈၆) ဒေါ်ခင်ကြည်သည် ၉-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးကြင်သိန်း (၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၂၀)နေ ဒေါ်ခင်စမ်း၏ ခင်ပွန်း မြန်အောင်မြို့နယ်အသင်းဝင် ဦးကြင်သိန်းသည် ၆-၆-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါကြောင်း အသင်းဝင်များအားအသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရားရဟန်းကျောင်းဒါယကာကြီး
ဦးအောင်စံဖြိုး(ခ)ဦးချမ်းမြေ့
အသက်(၆၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ (ဦးအေးသက်-ဒေါ်နန်းပေါ်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဦးမှတ်ကြီး-ဒေါ်ရန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဖေယျာသီရိလမ်း၊ အမှတ်(၅၁)နေ ဒေါ်စိန်စိန်၏ ခင်ပွန်း၊ ကိုမျိုးမြင့်အောင်-မခင်ချမ်းမြေ့ဖြိုး၊ မောင်တေဇာအောင်၊ မောင်အောင်ငြိမ်းထွန်း၊ မောင်ဝဏ္ဏထွန်းတို့၏ မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၁၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ပခုက္ကူမွှာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်မှ ကားများ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်း(ခ)ဒေါ်ဝိုင်း
(ဈေးဝိုင်းကြီး)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း (အရှေ့)၊ အမှတ်(၇၃/ဘီ)နေ (ဦးသာညွန့်-ဒေါ်စိမ်းရင်)တို့၏ သမီး၊ ဒေါ်တင်၊ (ဦးမောင်လွင်-ဒေါ်သန်းရွှေ)တို့၏ ညီမ၊ (ဦးဖေကြည်-ဒေါ်ခင်မာကြည်)၊ ဒေါ်သောင်းမြင့် (အထက-၃၊ စမ်းချောင်း-ငြိမ်း)၊ ဦးသန်းလွင်-ဒေါ်သေးသေးတို့၏ အစ်မ၊ [ဦးမောင်မောင်(ရုံးအုပ်-ငြိမ်း) တပ်မြို့စည်ပင်၊ မော်လမြိုင်]၏ ဇနီး၊ ဦးဘုန်းမြင့်သန်း-ဒေါ်လွင်လွင်ဆွေတို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်ခင်သန်းသည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်လှသွယ်(ခ)ဒေါ်မြသွယ်
အသက်(၆၈)နှစ်
(ကုက္ကိုင်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊တိုက်(၆)၊အခန်း(၁၀၂)နေ (ဦးလှဖေ-ဒေါ်တင်)တို့၏သမီး၊ (ဦးကြတ်စိန်-ဒေါ်ကျင်တီ)တို့၏သမီးချွေးမ၊ဦးမောင်မြင့်(ခ)ဦးကြိုင်၏ဇနီး၊ဦးမောင်တူး-ဒေါ်တိုးရီ၊ ဦးဟုတ်စိန်-ဒေါ်ဥမ္မာ၊ ဒေါ်ခင်ထွန်း၊ ဦးတင်သန်းမောင် - ဒေါ်ခင်ကြည်၊ ဒေါ်စန်းရီတို့၏အစ်မကြီး၊ ဦးအောင်ဇော်ဝင်း-ဒေါ်ကြူကြူမြင့်တို့၏ မွေးသမိခင်၊ မဆုမြတ်မေဇော်၊ မောင်စွမ်းရည်ဇော်မြင့်၊ မောင်ဘုန်းမြတ်ဇော်မြင့်တို့၏ အဘွားသည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက်၁၀း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Rev.Dr.မရန်ခွန်ဆိုင်း(ခ)
ဦးခွန်ဆိုင်း (၄၆)နှစ်
(ဓမ္မဝေလီနှင့် သာသနာပြုရေးတာဝန်ခံ)
(မှော်ဘီမြို့မနှစ်ခြင်းအသင်းတော်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၂၉၃)မင်းကြီးလမ်းနေ(ဒေါက်တာဦးခင်မောင်)-သင်းထောက်ဒေါ်ဖော်ယမ်လုထွယ်(Y.J.H)တို့၏သားကြီး၊ ဆရာမဒေါ်ဖော်ယမ်ဘောက်ခေါန်(အမက-၁၊လှိုင်သာယာ)၏ချစ်လှစွာသော ခင်ပွန်း၊ မောင်မရန်ခွန်အောင်၊ မမရန်ဆိုင်းထွယ်ရာတို့၏ မွေးသဖခင်၊ မအက်စတာ(မရန်အက်စတာ)၊ဒေါ်စီစီလျှာ(မရန်ဂျာရာ)-ဦးကျော်သက်တို့၏မောင်၊ ဒေါ်စူဆန်(မရန်ဂျာရှယ်)-Mr.Marios (U.S.A),Drဟယ်လင်း[မရန်ဂျာရော်-ခတ်မှန်အထူးကုဆရာဝန်ခုတင်(၅၀၀)ဆေးရုံ ရန်ကုန်]-ဦးဆွန်လေး၊ ဦးခွန်ဆန်(မရန်ခွန်ဆန်)-လစ်ဒီယာနွေးနွေးမြင့်(U.S.A)တို့၏အစ်ကို၊မောင်ဆွန်ဒေးဗစ်ဆိုင်းခွမ်၊ မောင်ဆွန်ဂျိနီးလေး၊ မဆွန်လစ်ဒီယာဆိုင်းအင်၊ မောင်ကျော်ဇီဝ၊ Maria, KyPros,E Katerin, Isabellaတို့၏ဦးလေးသည် ၉-၆-၂၀၁၄ရက် မွန်းလွဲ ၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် စမ်းချောင်းမှ ကားများ နံနက်၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြည်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆ ရပ်ကွက်၊ အပိုင်း(၃)၊ အမှတ်(၄၅၆)၊ သုမနလမ်းနေ (ဦးသန့်-ဒေါ်ပိုးညွန့်)တို့သမီး၊ (ဦးကောင်ကံ)၏ချစ်လှစွာသော ဇနီး၊ မညွှန့်ညွှန့်နိုင်၊ ဒေါက်တာငြိမ်းငြိမ်းမော်(ပန်းလှိုင်ဆေးရုံ)၊ ကိုစိုးလင်းနိုင်တို့၏မိခင် ဒေါ်ခင်ကြည်သည် ၈-၆-၂၀၁၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၆-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကျောင်းအမကြီး
ဒေါ်သောင်းသောင်းညွန့်(မုံရွာ)
အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ (ဦးစံထွန်းအောင်၊ အငြိမ်းစားရဲစခန်းမှူး)၏ ဇနီးသည် ၉-၆-၂၀၁၄(တနင်္လာနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် မုံရွာတောင်ဆားကျင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ရင် (၇၆)နှစ်
(ဗိသုကာ၊ ပန်းချီဆရာ၊ ဒါရိုက်တာ)

ဦးသိန်းမောင်-ဒေါ်မြသီတို့၏ သားကြီး၊ စည်သူဦးတင်-ဝဏ္ဏကျော်ထင် ဒေါ်ခင်သက်တင်တို့၏ တူသား၊ ဦးဝိမလ(ပဓာန နာယက ဆရာတော်၊ ကျန်စစ်သားဥမင်စာသင်တိုက်၊ ညောင်ဦးမြို့)၊ ဒေါ်ဝင်းဝင်း၊ ဦးခင်မောင်တင်၊ (ဒေါ်နှင်းနှင်း)၊ ဒေါ်သင်းသင်း၊ ဒေါက်တာခင်မောင်လင်း၊ ဒေါ်လင်းလင်း၊ ဒေါ်မင်းမင်း၊ ဦးခင်မောင်လွင်၊ ဦးခင်မောင်အေးတို့၏ အစ်ကိုကြီးသည် ၁၀-၆-၂၀၁၄ ရက် ညနေ ၃း၂၀ နာရီတွင် ရန်ကုန်မြို့ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ (၁၁)လမ်း နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆရာကြီးဦးခင်မောင်ရင် (၇၆)နှစ်
(အောင်စည်ကျောင်း)

ဆရာကြီးဦးခင်မောင်ရင်(အောင်စည်ကျောင်း)သည် ၁၀-၆-၂၀၁၄(အင်္ဂါနေ့) ညနေ ၃း၂၀ နာရီတွင် ရန်ကုန်မြို့ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၁)လမ်း နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

အောင်စည်ကျောင်း
ကျောင်းသားဟောင်းများ

ဒေါ်နီနီဝင်း(ခ)လင်ရှင့်နီ
အသက်(၄၇)နှစ်

ဦးသိန်းထွန်း-(ဒေါ်သန်းမြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိင်္ဂီလမ်း၊ အမှတ်(၉/င)၊ မြေညီထပ်နေ ဦးအမိုင်-(ဒေါ်စန်းရင်)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်းလေး၏ ဇနီး၊ မောင်ကောင်းစည်သူ .L.B.C, SEC-3 D)၊ မောင်ကောင်းမြတ်သူ(I.L.B.C, P. 6, B)တို့၏ ချစ်လှစွာသောမွေးသမိခင် သည် ၁၀-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးအုန်းမောင် (၈၁)နှစ်
ဗုဒ္ဓဘာသာသာသနာ့တိုင်းလုံးဆိုင်ရာ အကျိုးတော်ဆောင်အောင်ဇေယျအဖွဲ့ အဖွဲ့ဝင်
ရှုတိုင်းယဉ်(ရွှေပန်းထိမ်)ကျောက်တန်းမြို့

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ အမှတ်(၇၇၃) နေ ဒေါ်ကျင်ရွှေ ၏ ခင်ပွန်း၊ မခင်စန်းလွင်၊ (မောင်ဝင်းမြင့်)၊ (မယဉ်ယဉ်လွင်)၊ ကိုသန့်ဇင်မြင့်-မခင်လေးဝင်း(လဝက)၊ ကိုမြတ်သူမြင့်၊ ကိုကြည်လွင်-မသဲစုရည်၊ ကိုကျော်လင်းအောင်-မဇင်မာမောင် တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၀-၆-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ပါဒကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထွန်းလှကျော်(ခ)စောအားတု
အသက်(၇၈)နှစ်
(တောအုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ သပြေကုန်းကျေးရွာနေ (ဦးစံဘောင်း-ဒေါ်မယ်စိန်)တို့၏ သား၊ ဒေါ်နော်ဖော်ရေ၏ ခင်ပွန်း၊ ဦးထွန်းထွန်းဦး-(နော်ထူးဒီ)၊ ရဲအုပ်မိုးသီဟကျော်-နော်ဆွေဆွေကျော်(Natural World Co., Ltd.)၊(စောဝေယံကျော်)၊ စောဇော်လင်းအောင်-နန့်ထိကေသီနိုင်(ခ)ပို့ပို့(CFDTC သစ်တောဦးစီးဌာန)၊ စောတာနေသား(MANI Co., Ltd.)-နော်အဲရိုးဒီး(CFDTC သစ်တောဦးစီးဌာန)၊ စောကမာလေးလ-နော်ပေရယ်မိုး(ခ)အားမူတုတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၉-၆-၂၀၁၄ ရက် ညနေပိုင်းတွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၁၁-၆-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်၌ အောက်မေ့ဖွယ်ဝတ်ပြု ဆုတောင်းပွဲပြုလုပ်ပြီး သပြေကုန်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြမြ
အသက်(၈၁)နှစ်
(အမက မကျီးတန်း-ငြိမ်း)
(မင်းပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်း)

ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်ကွက်၊ ခိုင်ရွှေဝါ(၁)လမ်းနေ ဦးအောင်ဒွန်း-ဒေါ်လှရင်တို့၏ သမီး ဒေါ်မြမြသည် ၁၀-၆-၂၀၁၄ ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွမ်းခြံကုန်းမြို့ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့် တပည့်များ

ဒေါ်ခင်သိန်း (၇၉)နှစ်

ရန်ကုန်မြို့၊ တိုက်(၆)၊ အခန်း(၃၀၅)၊ (၁၅၄)လမ်း၊ တာမွေမြို့နယ်နေ (ဦးမြမောင်-ဒေါ်လှရွှေ)တို့၏သမီး၊ (ဦးဘသန်း) ၏ ဇနီး၊ ဦးစိုးမြင့်-ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ယဉ်ယဉ်နု၊ (ဒေါ်သန်းအိ)- ဦးခင်ညွန့်၊ ဒေါ်ဝင်းကြည်-ဦးမောင်သန်း တို့၏အစ်မကြီး၊ (ဦးညာဏ်လင်း)၊ ဦးသန်းလင်း၊ (ဦးကိုကိုဇော်)၊ မသင်းသင်းအေး-ကိုခင်မောင်သောင်း၊ မယမင်းအေး-ကိုစောဂျော့ရှုးဝါး တို့၏ မိခင်ကြီး၊ မြေးငါးယောက်တို့၏ အဘွားသည် ၈-၆-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မေရင် (၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဖေယျာ(၇)လမ်း၊ အမှတ်(၁၇၁)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) ၏ ရာသက်ပန်အသင်းဝင် ဦးကျော်လင်း၏ ဇနီး ဒေါ်မေရင်သည် ၉-၆-၂၀၁၄ ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်သွားနိုင်စေရန် ဆောင်ရွက်သွားရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယပူးပေါင်းညှိနှိုင်းရေးမှူး Ms. Kyung- Wha Kang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးကျော်ကျော်ဝင်း၊ ဦးထင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအတွင်း ကချင်နှင့် ရခိုင်ကဲ့သို့သောဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်သွားနိုင်စေရန် ဆောင်ရွက်သွားရေးကိစ္စများ၊ ယင်းသို့ဆောင်ရွက်ရာတွင် UNနှင့် INGO များအနေဖြင့် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲဆိုင်ရာများကို ကောင်းမွန်စွာကျော်လွှားနိုင်ရေး ကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

သစ်အချောထည်စက်ရုံကိစ္စ တာဝန်ရှိသူများ ညှိနှိုင်းပေးမှုကြောင့် ပြေလည်မှုရရှိ

စဉ့်ကိုင် ဇွန် ၁၀

စဉ့်ကိုင်မြို့နယ် ရှမ်းကန်အုပ်စုအတွင်းရှိ ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံ ဆန္ဒပြအလုပ်သမားများနှင့်တာဝန်ရှိသူများ ညှိနှိုင်းပေးမှုကြောင့် ပြေလည်မှုရရှိကာ အလုပ်ရှင်မှ အလုပ်သမားများအား လုပ်ခလစာ၊ နစ်နာကြေး၊ ခရီးစရိတ်နှင့် နေ့တွက်ကြေးများပေးခဲ့ခြင်းကြောင့် ဇွန် ၉ ရက် နံနက် ၁၀ နာရီခန့်မှစ၍ အေးချမ်းစွာ လူစုခွဲခဲ့ကြောင်းသိရသည်။

ခရိုင်ဖွံ့ဖြိုးရေးအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး မင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်ဦးနှင့် အလုပ်သမားဘက်မှ စက်ရုံအလုပ်သမားသမဂ္ဂဥက္ကဋ္ဌ ခိုင်မင်း၊ မန္တလေးတိုင်းဒေသကြီး လုပ်ခအနည်းဆုံးသတ်မှတ်ရေးကော်မတီဝင် ဦးဇော်နိုင်၊ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့်ညှိနှိုင်းမှုအရအလုပ်ရှင်က အလုပ်သမားများအား စွဲဆိုထားသောအမှုများကို ရုပ်သိမ်းခြင်း၊ အလုပ်သမားများက အလုပ်ရှင်များအား စွဲဆိုထားသော အမှုများအား ရုပ်သိမ်းခြင်း၊ အလုပ်သမားအချင်းချင်း စွဲဆိုထားသောအမှုများကို ရုပ်သိမ်းပေးခြင်းတို့ဖြင့် အမှုအားလုံးပြေငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် အလုပ်သမားများနစ်နာမှု မရှိစေရေးအတွက် အလုပ်သမားများအား အလုပ်ရှင်က ဥပဒေနှင့်အညီ အကျိုးခံစားခွင့်အဖြစ် အလုပ်သမားများ လုပ်ကိုင်ခဲ့သော လုပ်ခလစာ၊ ဆန္ဒပြအလုပ်သမားများအားလုံးကို ခရီးစရိတ်နီးနီးဝေးဝေး တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်း၊ နေ့တွက်ကြေးအဖြစ် ကျပ် ၃၁၀၀၀ နှင့် အလုပ်ထုတ်နစ်နာကြေးအဖြစ်ပိတ်ရက်များနှင့် ဆန္ဒပြရက်များကြောင့် အလုပ်ဆင်းခဲ့သော ဧပြီလနှင့် မေလတို့၏ လုပ်ခလစာနည်းမှုကြောင့် လုပ်ခလစာအများဆုံးရရှိခဲ့သော မတ်လ၏ လစာရရှိမှုနှုန်းကို အခြေခံ၍ သုံးလမပြည့်သေးသူများအား လစာတစ်ဆ၊ သုံးလမှ တစ်နှစ်အတွင်း လုပ်သက်ရှိသူများအား **စာမျက်နှာ ၉ ကော်လံ ၄ သို့**

ယနေ့မာတိကာ

ပညာရေးယိုပေါက်၊ ပြည်သူ့အားနဲ့ ဆင်းရဲမှု လျှော့ချရေး
စာမျက်နှာ-၆

ဂျာမနီနှင့် အင်္ဂလန်တွင် လေ့ကျင့်ရန် မြန်မာယူ-၁၉ အသင်း ဇွန် ၂၉ ရက်တွင် ထွက်ခွာမည်
စာမျက်နှာ-၁၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်လေးမျက်နှာ ပါရှိပါသည်။

Miss Universe Myanmar 2014 ပြိုင်ပွဲ ရှုလိုင်းလတွင်ကျင်းပမည်

ရန်ကုန် ဇွန် ၁၀

Miss Universe Myanmar 2014 ပြိုင်ပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကရဝိတ်ဥတ္တရခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးနှင့် ဖြစ်မြောက်ရေး စီစဉ်သူ ပံ့ပိုးကူညီသူများက ပြိုင်ပွဲ၏ အစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းသွားကြသည်။

၎င်းတို့ရှင်းလင်းသွားသည်များမှာ Miss Universe Myanmar 2014 ပြိုင်ပွဲဝင် လျှောက်လွှာများမှ ဇွန် ၄ ရက်တွင် မြန်မာလေညင်းရုံးခန်း၌ လူတွေ့စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဆန်ခါတင်အလှမယ် ၂၀ ဦးကို ရွေးချယ်ခဲ့ကြောင်း၊ အကဲဖြတ်ဒိုင်များအဖြစ် ဒေါ်အယ်လ်ခွန်နီရီ ဒေါက်တာအိသန္တာကျော်၊ ဒေါ်ကလျာပြည့်ဝေသျှန်၊ ဒေါ်ထွန်းသီတာဦး၊ ဦးတင်ဇာနည်မောင်တို့က ဆောင်ရွက်ခဲ့ကြောင်း၊ ဆန်ခါတင်အလှမယ် ၂၀ ဦးမှာ ခြူးနဒီခင်၊ ရွှေစင်ကိုကို၊ ပိုးအိဖြူစင်၊ ဆွိတီကို၊ စုနန္ဒာအောင်၊ ဇွန်သံစဉ်၊ ခိုင်မီမီဇော်၊ သော်ရီကျော်၊ Queenie၊ လင်းလက်ဝင့်၊ ယွန်းရတီ၊ J Naw၊ ပိုးကြာဖြူ၊ ဇူဇူမြင့်လွင်၊ ဆုမြတ်နိုးကျော်၊ ယွန်းမှီမှီကျော်၊ ဟေဇယ်ညီညီထွန်း၊ သျှားထွဋ်အိန္ဒြာ၊ မေဇင်မာကို၊ အိမ့်မြတ်နိုးတို့ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်ရှင်းလင်းရာတွင် Miss Universe Myanmar 2014 ပြိုင်ပွဲအကြို လှုမှုရေးလှုပ်ရှားမှုများအဖြစ် ကချင်ပြည်နယ်သို့ သွားရောက်ခြင်း၊ ပံ့ပိုးကူညီသည့် Sponsor Company များသို့ လည်ပတ်ခြင်းများကို ဇွန်လအတွင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်၏ အထူးအစီအစဉ်အဖြစ် **စာမျက်နှာ ၉ ကော်လံ ၃ သို့**

သတင်းနှင့်ဓာတ်ပုံ- ဌေးအောင်(ကြေးမုံ)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ကြေးမုံ အထူးထုတ်

၂၀၁၄ ခုနှစ် ဇွန် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့

FIFA WORLD CUP Brasil

ကမ္ဘာ့ဖလားဗိုလ်စွဲနိုင်သည့်အသင်းအဖြစ်

ailu , f

စပိန်အသင်းရေပန်းစားနေ

ဘရာဇီးအသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို အိမ်ရှင်အသင်းအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်း ကြောင့် အိမ်ကွင်းအားသာချက်အပါအဝင် ကစားသမားများ၏စွမ်းဆောင်ရည်ကောင်းမွန်မှုများကြောင့် အောင်မြင်မှုရရှိနိုင်သော်လည်း လက်ရှိကမ္ဘာ့ဖလားချန်ပီယံ စပိန်အသင်းသည် ဘရာဇီးမြေတွင် ကမ္ဘာ့ဖလားကိုကိုင်မြှောက်ကာ အောင်ပွဲခံသွားမည့်အသင်းတစ်သင်းအဖြစ် ရေပန်းစားနေသော အသင်းဖြစ်ကြောင်း ဘရာဇီးနောက်တန်းကစားသမား ဒန်နီအဲလ်ဗက်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိမှုကို အသိအမှတ်ပြုကာ အိမ်ရှင်ဘရာဇီးအသင်း ကမ္ဘာ့ဖလားရရှိမည်ဟု အချို့အချို့သော ကျွမ်းကျင်သူများက သုံးသပ်ထားသော်လည်း မိမိအနေဖြင့်မူ ကမ္ဘာ့ဖလားနှင့် ဥရောပလက်ရှိချန်ပီယံစပိန်အသင်း ကမ္ဘာ့ဖလားရရှိမည်ဟု ယုံကြည်ထားကြောင်း ဘရာဇီးနောက်ခံလူ ဒန်နီအဲလ်ဗက်က ပြော ကြားခဲ့သည်။

"စပိန်ဟာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံအသင်းပါ။ အခု ဘရာဇီးမြေမှာကျင်းပမယ့် ၂၀၁၄ ကမ္ဘာ့ဖလားမှာလည်း ဖလားရမယ့်အသင်းအဖြစ် ရေပန်းစားနေတယ်။ ကျွန်တော်အနေနဲ့လည်း စပိန်အသင်းကိုကြိုက်သလို ရလဒ်ကောင်းလည်း ရလိမ့်မယ်လို့ထင်ပါတယ်"ဟု ဘာစီလိုနာအသင်းမှ ဘရာဇီးကြယ်ပွင့် ဒန်နီအဲလ်ဗက်က ဖွင့်ဟပြောကြားခဲ့သည်။

ထို့ပြင် "ယခုနှစ် ကမ္ဘာ့ဖလားရရှိမှုအနေအထားကိုပြန်ကြည့်ရင် ကစားသမားကောင်းတွေ အများကြီးပိုင်ဆိုင်ထားတဲ့ ဂျာမနီအသင်းလည်း ကမ္ဘာ့ဖလားရရှိနိုင်သလို တိုက်စစ်ပိုင်းမှာ စွမ်းဆောင်ရည်အမြင့်မားဆုံးလို့ သတ်မှတ်နိုင်တဲ့ အာဂျင်တီးနားအသင်းအတွက်လည်း အခွင့်အရေးတစ်ရပ်ရရှိမည့် အနေအထားမှာရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဘရာဇီးအသင်းကတော့ အိမ်ရှင်အားသာချက်က အဓိက အားသာချက်ပါပဲ"ဟု ဒန်နီအဲလ်ဗက်က ဆိုသည်။

ဘရာဇီးအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၂ ရက်တွင် ခရိုအေးရှားအသင်းနှင့်အဖွင့်ပွဲကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်နှင့်ပတ်သက်၍လည်း ဒန်နီအဲလ်ဗက်က "ကမ္ဘာ့ဖလားရဲ့ အဖွင့်ပွဲစဉ်ဟာ ရှုပ်ထွေးခက်ခဲပြီး အရေးပါတဲ့ပွဲစဉ်တစ်ပွဲပါ။ ကမ္ဘာ့ဖလားရဲ့ အဖွင့်ပွဲစဉ်ဟာ နောက်ဆုံးဗိုလ်လုပွဲနှင့်မခြား အရေးပါတဲ့ ပွဲစဉ်တစ်ပွဲလို့လည်း ထင်မိပါတယ်"ဟု ပြောကြားခဲ့သည်။ ■

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းဝင်မှတ်တမ်းပုံရိပ်များ

ကမ္ဘာ့ဘောလုံးပြိုင်ပွဲကို ၁၉၃၀ခုနှစ်တွင် ဉရုဂွေးနိုင်ငံ၌ ပထမဆုံးအကြိမ် စတင်ယှဉ်ပြိုင်ကျင်းပခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၈၄ နှစ်တာကာလတစ်ခုကို ဖြတ်သန်းလာခဲ့ပြီး မကြာမီအချိန်တွင် အကြိမ် (၂၀) မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဘရာဇီးနိုင်ငံတွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ၏ သမိုင်းဝင်မှတ်တမ်းပုံရိပ်များကို စုစည်းဖော်ပြပေးလိုက်ပါသည်။

၁၉၃၀ ခုနှစ်တွင် ဉရုဂွေးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အာဂျင်တီးနား အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည့် ဉရုဂွေးအသင်း။

၁၉၃၄ ခုနှစ် ဒုတိယအကြိမ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ချက်ကိုစလိုဗက်ကီးယားအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည့် အိမ်ရှင် အီတလီအသင်း။

၁၉၃၈ ခုနှစ် ပြင်သစ်နိုင်ငံတွင်ကျင်းပသည့် တတိယအကြိမ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲမကစားမီ ပြင်သစ်ဒိုင်လူကြီး ဂျော့စ်ကပ်ဒီပီလာ (အလယ်)၊ အီတလီအသင်းခေါင်းဆောင် မီရာဇာ (ဝဲ)နှင့် ဟန်ဂေရီအသင်း ခေါင်းဆောင် ဆာရိုဆီ(ယာ)တို့ လက်ဆွဲနှုတ်ဆက်နေစဉ်။ အဆိုပါပွဲတွင် အီတလီအသင်းက ဟန်ဂေရီအသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိပြီး အီတလီနိုင်ငံ အတွက် ဒုတိယမြောက်ကမ္ဘာ့ဖလားကို ဆွတ်ခူးရရှိသွားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ၁၉၄၂ ခုနှစ်နှင့် ၁၉၄၆ ခုနှစ်တို့တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ၁၉၅၀ ခုနှစ်တွင် ဘရာဇီးက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး ဗိုလ်လုပွဲတွင် ဉရုဂွေးတိုက်စစ်မှူး ချီယာဖီနိုက ဘရာဇီးဂိုးသမား ဘာဘိုဆာကို ကျော်ဖြတ်ကာ ချေပဂိုးသွင်းယူ သွားစဉ်။ ပွဲအပြီးတွင်း ဉရုဂွေးက ဘရာဇီးကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဉရုဂွေး အတွက် ဒုတိယအကြိမ် ကမ္ဘာ့ဖလားကိုင်မြှောက်နိုင်ခဲ့ပြီး အိမ်ရှင် ဘရာဇီးတို့ ဝမ်းအနည်းရဆုံး နေ့တစ်နေ့ဖြစ်ခဲ့သည်။

၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟန်ဂေရီအသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည့်အတွက် အောင်ပွဲခံပျော်ရွှင်နေသည့် အနောက်ဂျာမနီအသင်းသားများ။

၁၉၅၈ ခုနှစ်တွင် အိမ်ရှင်ဆွီဒင်အသင်းကို ၅ ဂိုး ၂ ဂိုးဖြင့်အနိုင်ယူပြီး ဘရာဇီးနိုင်ငံအတွက် ပထမဆုံးအကြိမ်ကမ္ဘာ့ဖလားရရှိစေသည့်ပွဲတွင် ၂ ဂိုး သွင်းယူပေးနိုင်ခဲ့သည့်အတွက် စိတ်လှုပ်ရှားနေသည့် ပီလီ။ ပီလီသည် ထိုစဉ်က အသက် ၁၇ နှစ်သာ ရှိသေးသည်။

၁၉၆၂ ခုနှစ် (၇)ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံအတွက် ဒုတိယမြောက် ချန်ပီယံဆုဖလားကိုင်မြှောက်နေသည့် ဘရာဇီးအသင်းသားများ။ ဗိုလ်လုပွဲတွင် ဘရာဇီးအသင်းက ချက်ကိုစလိုဗက်ကီးယားအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

၁၉၆၆ ခုနှစ် ချန်ပီယံဖြစ်ခဲ့သည့် အင်္ဂလန်အသင်းသားများ ဆုဖလားနှင့် အတူ အောင်ပွဲခံနေစဉ်။ ဗိုလ်လုပွဲတွင် အင်္ဂလန်က အနောက်ဂျာမနီအသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

၁၉၇၀ ခုနှစ် မက္ကဆီကိုတွင်ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဘရာဇီး အသင်း ချန်ပီယံဖြစ်အောင် အဓိက စွမ်းဆောင်ခဲ့သည့် ပီလီကို ဝိုင်းဝန်းဂုဏ်ပြု နေစဉ်။ ဗိုလ်လုပွဲတွင် ဘရာဇီးက အီတလီကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၁၉၇၄ ခုနှစ် အနောက်ဂျာမနီ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် နယ်သာလန်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည့် အနောက်ဂျာမနီအသင်းသားများ။ ဆုဖလားကိုင်ထားသူမှာ ဘက်ကင် ဘောင်ဝါ ဖြစ်သည်။

၁၉၇၈ ခုနှစ် အာဂျင်တီးနား၌ ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ တွင် အိမ်ရှင် အာဂျင်တီးနားအသင်းနှင့် နယ်သာလန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ သာမန်ပွဲကစားချိန်တွင် တစ်ဂိုးစီသရေကျနေပြီး အချိန်ပိုတွင် အာဂျင်တီးနားအသင်းက အနိုင်ဂိုးသွင်းယူလိုက်စဉ်။ ပွဲအပြီးတွင် အာဂျင်တီးနား အသင်းက နယ်သာလန်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၁၉၈၂ ခုနှစ် စပိန်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် အီတလီအသင်းက အနောက်ဂျာမနီအသင်းကို ၃ ဂိုး ၁ဂိုးဖြင့် အနိုင်ရရှိစဉ်။ အဆိုပါဆုသည် အီတလီအတွက် တတိယမြောက် ကမ္ဘာ့ဖလားဖြစ်သည်။

၁၉၈၆ခုနှစ် မက္ကဆီကိုတွင် ကျင်းပသည့်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတာ ဖိုင်နယ်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းနှင့် အင်္ဂလန်တို့ပွဲတွင် နာမည်ကျော် အာဂျင်းတီနားတိုက်စစ်မှူး မာရာဒိုနာက အင်္ဂလန်ဂိုးသမားပီတာရှီလ်တန်နှင့် ဘောလုံးယှဉ်လုစဉ် လက်ဖြင့်သွင်းယူလိုက်စဉ်။ “ဘုရားပေးသောလက်” ဖြင့် အနိုင်ရရှိသောဂိုးအဖြစ် သမိုင်းမှတ်တမ်း ဝင်ခဲ့ပြီး အာဂျင်တီးနားက အင်္ဂလန်ကို ၂ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် အာဂျင်တီးနားက အနောက်ဂျာမနီ ကို ၃ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

၂၀၁၀ခုနှစ် တောင်အာဖရိကတွင် ကျင်းပသည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်နိုင်ငံအတွက် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် စပိန် အသင်းသားများ အောင်ပွဲခံစဉ်။

ပထမဆုံးအကြိမ်ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တွင် အငြင်းပွားမှုတစ်ခုကြောင့် ပထမပိုင်းတွင် အာဂျင်တီးနားနိုင်ငံမှ ဘောလုံး ပုံ(၁)နှင့် ဒုတိယပိုင်းတွင် ဉရုဂွေးနိုင်ငံမှဘောလုံး ပုံ(၂)ဖြင့် ဘောလုံး နှစ်လုံး အသုံးပြုခဲ့ရသည်။

2014
FIFA WORLD CUP
Brasil

မောင်သာယာ
စုစည်းဖော်ပြသည်။

၁၉၉၀ ခုနှစ် အီတလီတွင်ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနောက်ဂျာမနီက အာဂျင်တီးနားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် အောင်ပွဲခံနေသည့် အနောက်ဂျာမနီအသင်းခေါင်းဆောင် လိုသာမက်သီးယက်စ် (ဝဲ)နှင့် ရူဒီဗိုလာတို့ကို တွေ့ရစဉ်။

၁၉၉၄ ခုနှစ် အမေရိကန်နိုင်ငံတွင်ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လု ပွဲတွင် အီတလီအသင်းကို ပင်နယ်တီအဆုံးအဖြတ် ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိ ပြီးနောက် ဆုဖလားနှင့်အတူ အောင်ပွဲခံနေသည့် ဘရာဇီးအသင်းသားများ။ အဆိုပါဆုဖလားသည် ဘရာဇီးနိုင်ငံအတွက် လေးကြိမ်မြောက် ချန်ပီယံဆု ဖြစ်သည်။

၁၉၉၈ ခုနှစ် ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ တွင် ဘရာဇီးအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိပြီးနောက် အောင်ပွဲခံပျော်ရွှင် နေသည့်ပြင်သစ်အသင်းသားများ။ အဆိုပါဆုဖလားသည်ပြင်သစ်နိုင်ငံအတွက် ပထမဆုံးကမ္ဘာ့ချန်ပီယံဆု ဖြစ်သည်။

၂၀၀၂ခုနှစ် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပ သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံအတွက် ငါးကြိမ်မြောက်ချန်ပီယံဆု ဆွတ်ခူးပေးခဲ့သည့် ဘရာဇီးအသင်းသားများ အောင်ပွဲခံစဉ်။

၂၀၀၆ ခုနှစ် ဂျာမနီတွင် ကျင်းပသည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီနိုင်ငံ အတွက် လေးကြိမ်မြောက် ချန်ပီယံဆုဆွတ်ခူးပေးခဲ့သည့် အီတလီအသင်းသား များ အောင်ပွဲခံစဉ်။

ဘရာဇီးတိုက်စစ်မှူးနေမာ လေ့ကျင့်ရေးကွင်း၌ ဒဏ်ရာရရှိ

ဘရာဇီးအသင်း၏အားထားရသော တိုက်စစ်မှူး နေမာသည် ဘရာဇီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် အိမ်ရှင်ဘရာဇီးအသင်းနှင့် ခရိုအေးရှားအသင်းတို့၏ ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း ဘရာဇီးအသင်းနည်းပြ စကော်လာရီက သုံးသပ်ပြောကြားခဲ့သည်။

ဘရာဇီးအသင်းနည်းပြ ဖီးလစ်ပီစကော်လာရီသည် အသင်း၏ အားနည်းချက်ရှိနေသော နောက်တန်းကို တိုးတက်မှုရှိလာစေရေးအတွက် ချစ်ကြည်ရေးခြေစမ်းပွဲများအပြီး ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီကာလအပိုင်းအခြားအတွင်း ဘရာဇီးအသင်း၏ နောက်တန်းတစ်ခုတည်းကိုသာ အချိန်ပိုမိုပေး၍ လေ့ကျင့်ပေးခဲ့ရာ၌ တိုက်စစ်မှူးနေမာနှင့် ကွင်းလယ်ကစားသမား ဝီလျံတို့ မတော်တဆ ထိခိုက်မှုဖြစ်ခဲ့ကာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဘရာဇီးတိုက်စစ်မှူးနေမာ ဒဏ်ရာရရှိခဲ့သော်လည်း နည်းပြစကော်လာရီကမူ ဘရာဇီးအသင်း၏ လူငယ်ကြယ်ပွင့်နေမာသည် ကမ္ဘာ့ဖလားမတိုင်မီ လေ့ကျင့်ရေးပြန်ဆင်းနိုင်မည်ဖြစ်ကြောင်းနှင့် ဇွန် ၁၂ ရက်တွင် ခရိုအေးရှားအသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ပွဲချိန်ပြည့် ပြန်လည်ပါဝင်လာနိုင်မည်ဟု နည်းပြစကော်လာရီအနေဖြင့် မျှော်လင့်ထားသည်။ ဘရာဇီးအသင်း၏ ဘယ်နောက်ခံကစားသမားတစ်ဦး ဖြစ်သူ ဒန်နီအဲလ်ဗက်ကလည်း ဘရာဇီးအသင်း၏ နောက်တန်းခံစစ်ကြောင်းသည် ပြီးပြည့်စုံသော နိုင်ငံ လက်ရွေးစင်အသင်းတစ်သင်း အနေအထားတွင် မရှိကြောင်း၊ သို့ရာတွင် အဖွင့်ပွဲစဉ် မတိုင်မီ နောက်တန်းခံစစ်ကို အကောင်းဆုံး အနေအထားရရှိအောင် ဆောင်ရွက်စေလို ကြောင်း ပြောကြားခဲ့သည်။

ခရိုအေးရှားတိုက်စစ်မှူး အီဗီကာအိုလစ်ကလည်း ဘရာဇီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်နှင့် ချစ်ကြည်ရေးခြေစမ်းပွဲများကိုကြည့်ကာ ဘရာဇီးအသင်း၏ ခံစစ်ကြောင်း၌ အားနည်းချက်ရှိသည့် ကွက်လပ်တစ်ခုကို မြင်တွေ့ခဲ့ကြောင်း ပြောကြားထားသည်။ ထိုသို့ဘရာဇီးအသင်းနှင့် အဖွင့်ပွဲစဉ်ကစားမည့် ခရိုအေးရှားအသင်းအနေဖြင့် ဘရာဇီးအသင်း၏ အားနည်းချက်ကို သိရှိထားသည်မှာ အိမ်ရှင်အဖြစ်ဧည့်ခံကစားရမည့် ဘရာဇီးအသင်းအတွက် အဖွင့်ပွဲစဉ်ရလဒ် မကောင်းပါက နောက်ထပ်ကစားမည့် အုပ်စုပွဲစဉ်များတွင်ပါ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျက်ယွင်းလာနိုင်သဖြင့် နည်းပြစကော်လာရီက နောက်တန်းခံစစ်ကြောင်းကိုသာ အလေးပေးခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် နည်းစနစ်ပိုင်းအားနည်းခြင်းအပါအဝင် နောက်တန်းခံစစ်တွင် အသက်ကြီးကစားသမားအများစုကို ရွေးချယ်ထားခြင်းကြောင့် အားမရဖြစ်နေခဲ့သော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာအရမူ ပြိုင်ဘက်အသင်းကို အနိုင်ကစားမည့်အားကစား စိတ်ဓာတ်အပြည့် ရှိနေသည့် အသင်းတစ်သင်းဖြစ်ကြောင်း စကော်လာရီက လူသိရှင်ကြား ပြောကြားခဲ့သည်။

နောက်တန်းခံစစ်ကြောင်းအားနည်းမှုရှိသည်ဆိုသော်ငြားလည်း ဆော်ပေါ်လိုကွင်းတွင်ကစားမည့် ၂၀၁၄ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မတိုင်မီကစားခဲ့သည့် ခြေစွမ်းပွဲနှစ်ပွဲတွင်မူ ပနားမားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဆာဘီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိထားကြောင်း နည်းပြစကော်လာရီကဆိုသည်။ နည်းပြစကော်လာရီ အနေဖြင့် တိုက်စစ်မှူး နေမာအသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဟု ဆိုသော်လည်း အဖွင့်ပွဲစဉ်တွင် တိုက်စစ်မှူးနေမာ ခြေစွမ်းပြကစားကာ ဘရာဇီးအသင်းအနိုင်ရလဒ်ဆောင်ကြဉ်းနိုင်မည်လား သို့တည်းမဟုတ် နည်းပြစကော်လာရီနှင့်ကမ္ဘာတစ်ဝန်းမှ ဘရာဇီးပရိသတ်များ မျှော်လင့်ထားသည့် ရလဒ်နှင့်သွေးဖည်သွား မည်လားဆိုသည်မှာ ဇွန် ၁၂ ရက်တွင်စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမည်ဖြစ်သည်။

(ငွေကြယ်)

ကမ္ဘာ့ဖလားဖွင့်ပွဲ အခမ်းအနားတွင် ပါဝင်ဖျော်ဖြေရန် မသေချာသည့် ဂျေလို

အမေရိကန်ရုပ်ရှင် မင်းသမီး၊ ဖက်ရှင်ဒီဇိုင်နာ၊ အကမယ်နှင့် တေးသံရှင်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်က ဇွန် ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ ဖလားပွဲ၏ Theme Song ဖြစ်သော We Are One (Ole Ola) သီချင်းကို တေးသံရှင် ပစ်ထ်ဘူးလ်၊ Claudia Leitte တို့နှင့်အတူ သီဆိုဖျော်ဖြေရန် စီစဉ်ထားသော်လည်း ဖျော်ဖြေနိုင်ဖွယ်မရှိကြောင်း သိရသည်။

လာမည့် ကြာသပတေးနေ့တွင် တင်ဆက်မည့် ကမ္ဘာ့ဖလားဖွင့်ပွဲအစီအစဉ်တွင် ဂျေလိုအနေဖြင့် အကြောင်း ကြောင်း ကြောင့် ပါဝင်ဖျော်ဖြေနိုင်မည်မဟုတ်ကြောင်း၊ သို့သော် ယင်းသီချင်းကို ကျူးဘား-အမေရိကန်ရက်ပ်ပါ ပစ်ထ်ဘူးလ်နှင့် ဘရာဇီးအဆိုတော် Claudia Leitte တို့သာ ဖျော်ဖြေသွားမည်ဖြစ်သည်ဟု ဖီဖာမှသတင်းထုတ်ပြန် ထား ကြောင်းသိရသည်။

ထို့အပြင် ဘရာဇီးတေးသံရှင် Claudia Leitte က ယင်းသီချင်း၏ အဆုံးသတ်မိနစ် အနည်းငယ်ကို ပေါ်တူဂီဘာသာစကားဖြင့် သီဆိုဖျော် ဖြေသွားမည် ဖြစ်ကြောင်းသိရသည်။

[မျိုးစန္ဒာမောင်]

ကမ္ဘာ့ဖလားပြိုင်ပွဲ ခုနှစ်အလိုက်ပြိုင်ပွဲ မှတ်တမ်း

စဉ်	ခုနှစ်	အိမ်ရှင်	ချန်ပီယံ
၁။	၁၉၃၀	ဥရုဂွေး	ဥရုဂွေး
၂။	၁၉၃၄	အီတလီ	အီတလီ
၃။	၁၉၃၈	ပြင်သစ်	အီတလီ
၄။	၁၉၅၀	ဘရာဇီး	ဥရုဂွေး
၅။	၁၉၅၄	ဆွတ်ဇာလန်	အနောက်ဂျာမနီ
၆။	၁၉၅၈	ဆွီဒင်	ဘရာဇီး
၇။	၁၉၆၂	ချီလီ	ဘရာဇီး
၈။	၁၉၆၆	အင်္ဂလန်	အင်္ဂလန်
၉။	၁၉၇၀	မက္ကဆီကို	ဘရာဇီး
၁၀။	၁၉၇၄	ဂျာမနီ	အနောက်ဂျာမနီ
၁၁။	၁၉၇၈	အာဂျင်တီးနား	အာဂျင်တီးနား
၁၂။	၁၉၈၂	စပိန်	အီတလီ
၁၃။	၁၉၈၆	မက္ကဆီကို	အာဂျင်တီးနား
၁၄။	၁၉၉၀	အီတလီ	အနောက်ဂျာမနီ
၁၅။	၁၉၉၄	အမေရိကန်	ဘရာဇီး
၁၆။	၁၉၉၈	ပြင်သစ်	ပြင်သစ်
၁၇။	၂၀၀၂	ဂျပန်နှင့် တောင်ကိုရီးယား	ဘရာဇီး
၁၈။	၂၀၀၆	ဂျာမနီ	အီတလီ
၁၉။	၂၀၁၀	တောင်အာဖရိက	စပိန်
၂၀။	၂၀၁၄	ဘရာဇီး	?

ကာဘား မိုးဆုံ
Ph:09-5418126

ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အ.ထ.က(၂)လှိုင် မှ ခြောက်ဘာသာဂုဏ်ထူးရှင် (၅) ဦး ဖြစ်ကြသော

မောင်မြတ်ထွန်းသိန်း၊ မောင်ချမ်းမြေ့နိုင်၊ မခင်မြတ်မိုး၊ မသီရိမြင့်မြတ်ထွန်း၊ မဆုနန္ဒာလင်း

တို့၏ အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိဘဆရာအသင်း

ကျောင်းအကျိုးဆောင်အဖွဲ့နှင့်

ကျောင်းမိသားစု အ.ထ.က (၂) လှိုင်

BAGAN

Scholarship 2014
Bagan
School of Business & Hospitality

American Hotel & Lodging Educational Institute

Global Academic Partner of American Hotel & Lodging Educational Institute

Hotel နှင့် ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားပြီး နိုင်ငံတကာအသိအမှတ်ပြု AH & LA – American Hotel & Lodging Association ၏ ကမ္ဘာ့အဆင့်မီ certificate ရယူလိုသူများအား Bagan School မှ ဖိတ်ခေါ်ပါသည်။

AH & LA - American Hotel & Lodging Association is worldwide recognized association founded since 1910. AH & LA - Educational Institute is the world's largest sources of quality training and material for Hospitality Industry, used in more than 1,600 Colleges and Universities worldwide.

AH & LA Professional Certification:
- Front Desk Representative (Front Office Operations)
- Guest Room Attendant (Housekeeping Operations)
- Restaurant Server (Food & Beverage Operations)

Scholarship 2014 Open Now

Application Procedure

စိတ်ဝင်စားသူများသည် ကျောင်းသားကတ် (သို့) ဝန်ထမ်းကတ် မိတ္တူနှင့် လျှောက်လွှာအား
email: baganschool@gmail.com သို့လည်းကောင်း၊
လူကိုယ်တိုင် Inya Lake Hotel (Yangon) သို့လည်းကောင်း၊ Thante Hotel (Nyaunt Oo) သို့လည်းကောင်း၊
4 July, 2014 (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

Inya Lake Hotel, 37 Kaba Aye Pagoda Road
Tel: (09) 910-520-52, (09) 310-825-10, or (01) 611-106. Email: contact@baganbh.com

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်မှူးမောင်မောင်ထွန်း(ငြိမ်း)နှင့် ဒေါ်ခင်သန်းနွယ်တို့၏သမီး မလင်းရွှေရည် Grade 7(E)TTC၏အစ်မ မသင်းသဇင်ခိုင် TTC ကမာရွတ် ခုံအမှတ် ဆကရ(၂၅)မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဘကြီးဦးစိန်လှိုင်-ကြီးကြီး
ဦးသန်းထွန်း-မမျိုး
ကိုဆက်-မစု
ကိုသက်-မသီတာစိုး
ကိုထက်
မိသားစု(စမ်းချောင်း)

MCC.i တွင်နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာ သိပ္ပံဘွဲ့ တက်ကြစို့

MCC.i

MCC Training Institute

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တိုက်ရိုက်တက်ရောက်နိုင်သော ဘွဲ့သင်တန်း

BIT

University of Greenwich

(ကွန်ပျူတာ သိပ္ပံဘွဲ့)

- B.Sc (Hons) Business Information Technology

Awarded by: University of Greenwich (UK)

Opening Date: 23 June 2014

Central Equiry & Registration Pls call : Hot Line - 246634, 2304156

Yangon Campus Ph - 01-245762, 249152, 395512, 246634,
